The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 14 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 8, 2019




# နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်နှင့်အတူ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည့် ချင်းရွှေဟော်ဒေသ

စာမျက်နှာ - ၈ ➢




## ကြက်သွန်နီအတွက် ဆေးတစ်ခွက်(သို့မဟုတ်)ခေတ်မီ ကြက်သွန်နီသိုလှောင်ရုံ

စာမျက်နှာ - ၂၀ ➢

### မြန်မာနိုင်ငံမှထွက်ရှိသည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံအမျိုးအစားများအား အိန္ဒိယသို့ ဘဏ္ဍာနှစ်စသည်နှင့် တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၃၂ ➢

### နျူကလီးယားဓာတ်အားပေးစက်ရုံ ခြောက်ခု တည်ဆောက်ရန် အမေရိကန်နှင့် အိန္ဒိယတို့ သဘောတူ

စာမျက်နှာ - ၃၂ ➢

### လက်လီလက်ကား ရောင်းချခွင့်လုပ်ငန်း မှတ်ပုံတင် ခွင့်ပြုထုတ်ပေးပြီးသော ကုမ္ပဏီများစာရင်း ထုတ်ပြန်

စာမျက်နှာ - ၃၁ ➢




အမှတ် (၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (ဆွေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22

MADE IN ITALY

PEDROLLO

... the spring of life

အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး



**Uni Trade Yangon Limited**

Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011

Fax-01-663524 Email: uamutm@myanmar.com.mm

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထားဝယ်အထူးစီးပွားရေးဇုန် ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးကျော်တင့်ဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တို့သည် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၌ ဆောင်ရွက်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးရုံးသို့ ရောက်ရှိရာ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာ မြင့်ဆန်းက ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်မည့်ပုံစံ ရုပ်ပုံကားချပ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးများအား ထားဝယ်အထူး စီးပွားရေးဇုန်

စာမျက်နှာ ၅ သို့



## နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကော့သောင်းမြို့၌ ကုန်သည်လုပ်ငန်းရှင်များအားတွေ့ဆုံ

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့သည် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မတ် ၃၁ ရက် နံနက်တွင် ကော့သောင်းမြို့ ဗစ်တိုးရီးယားဟိုတယ်ခန်းမ၌ ကော့သောင်းမြို့ရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့် ဆွေက ကုန်သည်လုပ်ငန်းရှင်များအား လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် လာရောက်ခြင်းဖြစ်၍ ပွင့်ပွင့်လင်းလင်းတင်ပြကြရန် စသည်ဖြင့်ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရေထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်ကြရန် အကျယ်တဝင့်ပြောကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းအတွင်း ကုန်သွယ်မှုလုပ်ငန်းများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက လိုအပ်သည်များအား တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ကော့သောင်း-ရနောင်းမြို့သို့တံတားတည်ဆောက်ရန်အတွက် တင်ပြမှု၊ လေယာဉ်စီးနင်းခ လျှော့ချပေးရေး တင်ပြမှုတို့အား ပြန်လည်ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံကာ တနင်္သာရီတိုင်း ဒေသကြီးအတွင်းဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကနေဒါနိုင်ငံ Canada Trade Link ကုမ္ပဏီမှ ဥက္ကဋ္ဌဖြစ်သူ Hon. Bryon Wilfert(တိုရမ်တိုမြို့ အခြေစိုက် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကနေဒါနိုင်ငံ Canada Trade Link ကုမ္ပဏီမှ ဥက္ကဋ္ဌ ဖြစ်သူ Hon. Bryon Wilfert (တိုရမ်တိုမြို့အခြေစိုက် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဧပြီ ၂ ရက် ၁၂:၃၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနှင့် ကနေဒါ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း၊ အစိုးရအချင်းချင်း ချစ်ခင်ရင်းနှီးစွာ ဆက်သွယ်ဆက်ဆံရေး၊ ကုန်သွယ်မှုဖြေလျှော့ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းဖြင့် ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေး၊ ကနေဒါ နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ အလားအလာရှိသော လယ်ယာကဏ္ဍ၊ အထည်ချုပ်ကဏ္ဍ၊ Logistics ဆိုင်ရာ ကဏ္ဍစသည်တို့တွင် လာရောက် ရင်းနှီးမြှုပ်နှံရေး၊ Canada – Myanmar Chamber of Commerce ဖွဲ့စည်းနိုင်ရေးနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများအဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်းဖြင့် ထုတ်ကုန်အမယ်များစွာ ထုတ်လုပ်၍ ပိုမိုကျယ်ပြန့်သော ဈေးကွက်များသို့ တင်ပို့သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မတ်လအတွင်း ဆန်နဲ့ဆန်ကွဲတန်ချိန် တစ်သိန်းခြောက်သောင်းနီးပါးတင်ပို့

မတ်လ ၂၃ရက်မှ ၂၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၁၆၁ သန်းတန်ဖိုးရှိ ဧည့်မထဆန်နဲ့ ကောက်ညှင်းဆန်တန်ချိန် ၅၀၅၀ ကျော် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၄၄၇၁တန်ခန့်နဲ့ကောက်ညှင်းဆန်တန်ချိန် ၄၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၂၉၄ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၁၆၁ တန်ခန့်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ၈၅ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင် ပို့မှုနဲ့နှိုင်းယှဉ်ပါက ၈၂၉ တန်လျော့ကျခဲ့ကြောင်းသိရပါတယ်။ မတ်လတစ်လလုံးမှာ အမေရိကန်ဒေါ်လာ၇ဒသမ ၁၆၄ သန်းတန်ဖိုး ရှိဆန် ၂၂၇၅၆ တန်ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဖေဖော်ဝါရီလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ တန်ချိန် ၃၂၉၃၀ လျော့ကျခဲ့ကြောင်း သိရပါတယ်။မတ်လအတွင်းမှာအမေရိကန်ဒေါ်လာ သုည ဒသမ ၇၅၇သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၈၁၁ တန်တင်ပို့ကြောင်း သိရပါတယ်။ဖေဖော်ဝါရီလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုလမှာ ၆၉၅တန်ပိုမို တင်ပို့နိုင်ကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၂၄ ရက်မှ၃၀ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၉၇၈သန်းတန်ဖိုးရှိဧည့်မထဆန်နဲ့ပေါင်းဆန်၈၅၉၂ တန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ အီးယူနိုင်ငံများသို့ အများဆုံးတင်ပို့ခဲ့ပြီး ၄၁၅၂ တန်တင်ပို့ခဲ့ပါတယ်။ ထပ်မံတင်ပို့တဲ့နိုင်ငံများမှာ ရုရှားနိုင်ငံသို့ တန်ချိန် ၂၅၀၊ ဂီနီနိုင်ငံသို့ တန်ချိန် ၁၅၃၀၊ အိုင်ဗရီကို့စ်နိုင်ငံသို့ တန်ချိန် ၅၂၀၊ ကင်မရွန်းနိုင်ငံသို့ တန်ချိန် ၁၀၀၀၊ ထိုင်ဝမ်သို့ တန်ချိန် ၂၄၀၊ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၇၀၀၊ ဆီနီဂေါနိုင်ငံသို့တန်ချိန် ၂၀၀ တင်ပို့ခဲ့ပါတယ်။ မတ်လတစ်လလုံးအတွက် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈၉၃ သန်းဖိုးနဲ့ တန်ချိန် ၈၄၆၀၀ ဖြစ်ကြောင်းနဲ့ အနီးစပ်ဆုံး ဖေဖော်ဝါရီလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါကယခုလမှာ ၁၃၄၆၈ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၉၉ သန်းတန်ဖိုးရှိဆန်ကွဲ တန်ချိန် ၁၅၆၉၀ တန်တင်ပို့ခဲ့ပြီး အီးယူနိုင်ငံများသို့ တန်ချိန် ၆၀၂၀၊စင်ကာပူနိုင်ငံသို့တန်ချိန် ၄၀၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၅၇၇၀၊ ကနေဒါနိုင်ငံသို့တန်ချိန် ၅၀၀၊ အိုင်ဗရီကိုစ့်နိုင်ငံသို့ တန်ချိန် ၃၀၀၀တင်ပို့ခဲ့ပါတယ်။ မတ်လအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၃ဒသမ ၀၅၆ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၈၇၇၀ တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလ တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၇၁၅၀ တန်ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

မတ်လအတွင်းဆန်နဲ့ဆန်ကွဲ တင်ပို့မှုစုစုပေါင်းမှာ ဆန် ၁၀၇၃၅၆ တန်နဲ့ ဆန်ကွဲ ၅၀၅၈၁ တန်ဖြစ်ပြီး ယခင်လထက် ရေကြောင်းမှ ဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

**ယဉ်ယဉ်အေး**



# ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း နှမ်းစပါးများ စတင်ထွက်ပေါ်

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ၂၀၁၈-၂၀၁၉ နွေစပါးစိုက်ဧက ၆၈၆၀၂ ဧက စိုက်ပျိုးခဲ့ရာ တွံတေးမြို့နယ်သည် ဧက ၃၁၀၀၀ ခန့်ဖြင့် အများဆုံးစိုက်ပျိုးလျက်ရှိသောမြို့နယ်ဖြစ်ပါသည်။

တွံတေးမြို့နယ်အတွင်း နွေစပါးအဓိကစိုက်ပျိုးသောကျေးရွာများဖြစ်သည့် သဝန်းတော၊ ဇီးဖြူကုန်း၊ တာဝ၊ တလုတ္တော်၊ ကြည်တန်း(ပေါ်ကုန်း)၊ တမံကြီး၊ တမာတကော၊ ကလီထော်ကျေးရွာများတွင် ယခုဧပြီလဆန်းမှစ၍ နွေစပါးများဧက ၅၀၀၀ ကျော်ခန့် စတင် ရိတ်သိမ်းနေပြီဖြစ်ကြောင်းနှင့် တစ်ဧကအထွက်နှုန်းမှာ ၈၃ တင်းကျော်ခန့် ထွက်ရှိကြောင်း သိရှိရပါသည်။

နွေစပါး (၄၆) ပေါင်ကိုက်တင်း ၁၀၀လျှင် ကျပ် ၅၀၀၀၀၀ ဝန်းကျင်ခန့်ရရှိကြောင်း၊ နွေစပါးတစ်ဧကစိုက်ပျိုးစရိတ်မှာ ၂သိန်းဝန်းကျင်ခန့် ကုန်ကျလျက်ရှိပြီး ယခုစပါးဈေးနှင့်ဆိုလျှင် အမြတ်အနည်းငယ်သာရရှိနိုင်သဖြင့် နွေစပါးဈေးနှုန်းထပ်မံကျဆင်းမည်ကို တောင်သူများမှ စိုးရိမ်လျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။

**သိန်းနိုင်(သန်လျင်)**

# မူဆယ်(၁၀၅)မိုင်သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်တင်ပို့ ဖရဲ၊ သခွားဈေး ပြောင်းလဲမှုမရှိ

ယခုရက်သတ္တပတ်အတွင်း မူဆယ်(၁၀၅)မိုင်ကုန်စည်ဒိုင်မှ တရုတ်သို့ ဖရဲသီးတင်ပို့မှုအနေဖြင့် ဖရဲအကြားသီး၊ ဖရဲအဖြူသီး၊ ဖရဲအဝိုင်းကြားသီး၊ အစေ့မဲ့ဖရဲတို့ တင်ပို့ခဲ့သလို သခွားအနေဖြင့် ရွှေသခွား၊ ဖရဲသခွား၊ ပိုက်ကွက်သခွား(ဝူခုံး) အသီးများတင်ပို့ခဲ့ကြပြီး ဖရဲသခွားတင်ပို့မှုမှာ အသီးအရည်အသွေးပေါ်မူတည်၍ဈေးဆုံးဖြတ်ကြပါသည်။

မတ် ၂၁ ရက်မှ ၃၁ ရက်အတွင်း ဖရဲကား ၄၂၅၉ စီး၊ တန်ချိန် ၅၆၀၉၄ ဒသမ ၅ တန်၊ သခွား ၃၂၇၇ စီး၊ တန်ချိန် ၂၆၆၇၉ ဒသမ ၅ တန်၊ဖရုံ ၂၃ စီး၊ တန်ချိန် ၃၃၅ ဒသမ ၅ တန်၊ တင်ပို့ရောင်းချခဲ့ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှသိရှိရပါသည်။ ယခုတစ်ပတ်အတွင်း ဖရဲအဖြူသီးမှာ ဈေးအနိမ့်ရပြီး ဈေးနှုန်းမှာတစ်တန်လျှင် ယွမ် ၈၀၀၊ မြန်မာငွေကျပ်၁၇၆၇၀၀၊ ဖရဲအကြားသီးမှာ ဈေးအမြင့်ရခဲ့သလို ဈေးနှုန်းမှာ ယွမ် ၄၃၀၀၊ မြန်မာငွေကျပ် ၉၅၁၃၀၀ရှိကြောင်း သိရပါသည်။

သခွားမွှေးသီးနှံထဲမှာ ပိုက်ကွက်သခွား(ဝူခုံး)က ဈေးအနိမ့်ဆုံးရခဲ့ကာ ဈေးနှုန်းမှာတစ်တန်လျှင် ၂၂၀၀ ယွမ်၊ မြန်မာငွေကျပ် ၄၈၆၇၀၀ ဈေးရခဲ့ပြီး ရွှေသခွားက ဈေးအမြင့်ဆုံးရခဲ့ကာ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် ၅၃၀၀၊ မြန်မာငွေကျပ် ၁၁၇၂၅၀၀ ဖြစ်ခဲ့ပါသည်။ မတ် ၃၁ ရက်တွင် သခွားဈေးများအနည်း ငယ်ကျဆင်းခဲ့ပါသည်။ ဖရုံသီးအနိမ့်ဈေးမှာ တစ်တန်လျှင်ယွမ် ၂၀၊ မြန်မာငွေကျပ် ၄၄၃၀ ရရှိ၍ အမြင့်ဈေးမှာယွမ် ၁၀၀၀၊ မြန်မာငွေကျပ် ၂၂၁၃၀၀ တို့ဖြင့်အသီးသီး ရရှိခဲ့ကြောင်းသိရပါသည်။ ထိုင်ဝမ်ဆီးသီးနှင့်ပြောင်းဖူးမှာလည်း နှစ်ပတ်အတွင်းလုံးဝ တင်ပို့ရောင်းချမှုမရှိခဲ့ဘဲ တစ်ပတ်အတွင်း ငွေဈေးနှုန်းမှာတစ်ယွမ် ၂၂၁ ကျပ်မှ ၂၂၅ကျပ်ပေါက်ဈေးရှိကြောင်းသစ်သီးဝလံကုန်စည်ဒိုင်မှသိရှိရပါသည်။

**စုစုသာ(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၅-၄-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၄၀၂ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၉၂ | △ | ၃၅၁ | ၃၅၂ | △ | ၄၀၀ | ၄၀၀ | □ | ၃၅၈ | ၃၆၀ | △ |
| ဆန်ဖြူ ၁၀% | ၃၈၄ | ၃၉၁ | △ | ၃၄၆ | ၃၄၇ | △ | - | - | - | ၃၅၃ | ၃၅၅ | △ |
| ဆန်ဖြူ ၁၅% | ၃၈၁ | ၃၈၇ | △ | ၃၄၁ | ၃၄၂ | △ | - | - | - | ၃၄၈ | ၃၅၀ | △ |
| ဆန်ဖြူ ၂၅% | ၃၇၁ | ၃၇၇ | △ | ၃၃၂ | ၃၃၃ | △ | ၃၇၀ | ၃၇၀ | □ | ၃၂၆ | ၃၂၈ | △ |
| ပေါင်းဆန် | ၄၁၄ | ၄၂၃ | △ | - | - | - | ၃၉၃ | ၃၇၈ | ▽ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၅-၄-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၆၀၀ | □ | ၂၃၀၀၀ | □ | ၉၃၅၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | □ | ၂၂၀၀၀ | □ | ၈၉၀၀ | □ | ၄၀၀၀၀ | △ |
| ပဲခူး | ၅၆၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | - | - | ၃၂၀၀၀ | □ | ၁၄၀၀၀ | □ | ၄၃၀၀၀ | □ |
| စစ်တွေ | ၅၃၀၀ | □ | ၂၄၀၀၀ | □ | ၉၂၀၀ | □ | ၄၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | ▽ | ၂၀၅၀၀ | □ | - | - | ၄၉၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၅၀၅၀၀ | □ |
| မော်လမြိုင် | ၆၂၀၀ | △ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၉၃၂၀ | □ | ၄၄၅၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၆၀၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၃၅၀၀ | △ |
| ဘားအံ | ၆၄၀၀ | □ | ၂၁၀၀၀ | ▽ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

၃၀-၃-၂၀၁၉ မှ ၅-၄-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း
ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 72 | 192 |
| 2 | Form D | 2 | 122 |
| 3 | Form E | 35 | 73 |
| 4 | Korea GSP | | 6 |
| 5 | Form AK | 12 | 47 |
| 6 | Form AJ | 2 | 6 |
| 7 | Form AI | 1 | 70 |
| 8 | Form AANZ | | 7 |
| 9 | Form DFTP | | 6 |
| 10 | Form CHINA | | |
| **Grand Total** | | **124** | **529** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၅-၄-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၉/၃ | ၅/၄ | ပြောင်းလဲမှု | ၂၉/၃ | ၅/၄ | ပြောင်းလဲမှု | ၂၉/၃ | ၅/၄ | ပြောင်းလဲမှု | ၂၉/၃ | ၅/၄ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၁၂၃ | ၁၂၃၀ | ▲ | ၁၁၃၃ | ၁၂၀၀ | ▲ | ၁၁၅၀ | ၁၂၀၀ | ▲ | ၁၁၄၀ | ၁၂၀၀ | ▲ |
| ပဲစင်းငုံ | ၁၂၄၃ | ၁၃၄၃ | ▲ | ၁၃၂၅ | ၁၄၃၃ | ▲ | ၁၃၃၅ | ၁၅၀၀ | ▲ | ၁၃၄၀ | ၁၄၁၀ | ▲ |
| ပဲတီစိမ်း | ၁၅၃၀ | ၁၅၀၀ | ▼ | ၁၇၇၈ | ၁၇၇၈ | ■ | ၁၇၆၃ | ၁၄၇၃ | ▼ | ၁၆၃၀ | ၁၆၃၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၇၅၀ | ▼ | ၁၂၂၃ | ၁၃၄၅ | ▲ | ၁၂၄၇ | ၁၃၄၂ | ▲ | ၁၂၉၀ | ၁၄၅၀ | ▲ |
| ပဲလွန်းဖြူ | ၉၆၅ | ၉၆၅ | ■ | ၁၁၃၃ | ၁၁၃၃ | ■ | ၁၃၁၅ | ၁၃၁၆ | ▲ | ၁၁၀၅ | ၁၁၀၅ | ■ |
| ထောပတ်ပဲ | ၁၉၄၅ | ၁၈၂၅ | ▼ | ၁၉၉၁ | ၁၈၈၄ | ▼ | ၁၇၃၆ | ၁၇၃၆ | ■ | ၁၈၀၀ | ၁၈၄၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၃.၃.၁၉)ထိ | ယခုတစ်ပတ် (၃၀.၃.၁၉)ထိ | (၁.၁.၁၉) မှ (၃၀.၃.၁၉) ထိ |
| မတ်ပဲ | ၈၄၁၇၈ | ၂၅၅၇ | ၈၆၇၃၅ |
| ပဲတီစိမ်း | ၇၆၀၀၈ | ၈၄၀၀ | ၈၄၀၀၈ |
| ပဲစင်းငုံ | ၂၆၉၃၂ | ၆၁၂ | ၂၇၅၄၄ |
| ကုလားပဲ | ၂၀၉၀၈ | ၆၁၃၀ | ၂၇၀၃၈ |
| ပဲလွန်းဖြူ | ၁၁၅၂၅ | ၃၃၇၃ | ၁၄၈၉၈ |
| မြေထောက်ပဲ | ၂၀၉၅ | ၁၁၀၅ | ၃၂၀၀ |

## ပြည်ပဲဈေးကွက်မှာ ကုလားပဲသီးနှံ ရောင်းအားကောင်းသလို ဝယ်လိုအားကောင်း

ဧပြီလဆန်းရက် ပြည်ပဲဈေးကွက်အတွင်း ပြည်တွင်းဝယ်လက်အများဆုံး ဖြစ်ခဲ့တဲ့ ကုလားပဲသီးနှံဟာ ပဲအဝင်များသလို အရောင်းအဝယ်လည်း သွက်လျက်ရှိတဲ့ သီးနှံဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ကံမ၊ ပေါင်းတလည် မြို့နယ်များမှ ဝင်ရောက်ခြင်းဖြစ်ပြီး ဒေသတွင်းပဲခွဲစက်သမားများ အဝယ်လိုက်နေခဲ့တာကြောင့် ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာတစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်ပိုလာခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ကုလားပဲသီးနှံပမာဏမှာ တစ်ရက်အိတ် ၇၀၀ မှ ၈၀၀ ကျော်ဖြစ်ခဲ့ကြလို့ အခြားမတ်ပဲ၊ ပဲကြီးသီးနှံများကဲ့သို့ ရောင်းအားကောင်းနေသလို ဝယ်လိုအားလည်း ကောင်းခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံသီးနှံဈေးမြင့်တက်

မတ်လကုန်နောက်ပိုင်း ပြည်ပဲဈေးကွက်မှာ Export ဝယ်လက်ပဲများ ဈေးလှုပ်လာလို့ ပဲစင်းငုံသီးနှံကလည်း ဈေးမြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ပဲအဝင်သိပ် မရှိတော့ပေမယ့် လက်ကျန်ပဲများရှိခဲ့လို့ ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ကြပါတယ်။ ရန်ကုန်ဝယ်လက်ရော လှော်ပဲသမားများပါ ဝယ်ယူနေကြပြီး အိတ် ၂၀၀ မှ ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာ မတ်လကုန်က တစ်တင်းကျပ် ၂၆၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုဧပြီလဆန်းပိုင်းမှာ တစ်တင်းကျပ် ၂၈၅၀၀ အထိ ဈေးပိုရလာလို့ မတ်ပဲသီးနှံဈေးထက် ဈေးပို ရလျက်ရှိခဲ့ကြောင်း သိရှိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးများ အနည်းငယ်ပြန်မြင့်

ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးများ ယခင်တစ်ပတ်ကထက်စာရင် ဈေးအနည်းငယ်မြင့်တက်လာပြီး လုံးဆန်(နီ)တစ်မျိုးသာ ဈေးမှန်နေတာ တွေ့ရပါတယ်။ ဈေးကွက်တွင် ဝင်ရောက်မှုရှိနေသေးတဲ့အတွက် အရောင်းအဝယ်ပုံမှန်ဖြစ်တာတွေ့ရပါတယ်။ ဆီစက်သမားများက ဆီကြိတ်ရန် ဆီဆန်များကို အဝယ်ရှိလို့ ဈေးပြန်မြင့်လာပြီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၇၀၀နှင့် လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၅၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပိုလာပြီး လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၈၅၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**

# ပခုက္ကူနှင့်ရေစကြိုကုန်စည်ဒိုင်တို့တွင် ပဲစင်းငုံနီ ဈေးပြန်လည်မြင့်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီများ ပြန်လည်ဈေးမြင့်နေပြီး ပြည်ပမှလည်း အဝယ်လိုက်နေပါတယ်။ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီမှာ ယခင်အပတ်များမှာ တစ်တင်းလျှင် ကျပ် ၂၂၉၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်၏ ဈေးနှုန်းမှာ တစ်တင်းလျှင်ကျပ် ၂၆၂၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ခန့်၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ၂၀၁၉ ခုနှစ်ထွက်ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၈၄၀၀ မှ ၂၉၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၉၀၀ ဖြင့် အိတ် ၅၀ မှ ၃၀၀ ကြား၊ အညာဒေသမှ ထွက်ရှိသော ပဲ နီပြားတစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ အစေ့ထုတ်ပြောင်းဖူးစေ့မှာ ဈေးအနည်းငယ်ကျနေပြီး တစ်တင်း ကျပ် ၇၂၀၀ ဖြင့် အိတ် ရေ ၅၀ မှ ၁၀၀ ခန့်၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ်၂၇၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၅၁၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ကုလားပဲဖြူ တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၅၀ မှ ၆၀ ကြား၊ စွန်တာနီ(ကျွန်း) တစ်တင်းလျှင် ကျပ် ၁၇၇၀၀ ဖြင့် အိတ် ၅၀ မှ ၃၀၀ ကြား၊ ထောပတ်ပဲဖြူ(ကျွန်း)တစ်တင်းလျှင် ကျပ် ၃၂၄၀၀ ဖြင့် အိတ် ၅၀၀ ခန့်၊ ယောထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၃၅၂၀၀ ဖြင့် အိတ် ၃၀၀ ခန့်၊ မန်ကျည်းသီးတောင့် တစ်ပိဿာလျှင် ကျပ် ၈၂၀ ဖြင့် ကုန်ချိန် ၁၀၀၀ မှ ၂၀၀၀ ထိ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ် ဖြစ်နေပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ဟင်္သာတတွင် မတ်ပဲဈေး တစ်ပတ်အတွင်း ကျပ် ၂၀၀၀ ကျော် မြင့်တက်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်တွင် မတ်လ ၂၇ ရက်မှစ၍ မတ်ပဲတစ်တင်းလျှင် ကျပ် ၂၂၃၀၀ မှစ၍ ဈေး တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ မတ်လ ၃၀ ရက်တွင် ကျပ် ၂၄၀၀၀၊ ဧပြီလ ၂ ရက်တွင် ကျပ် ၂၄၅၀၀ ထိ မြင့်တက်ခဲ့ရာ တစ်ပတ်အတွင်း ကျပ် ၂၀၀၀ကျော် ခုန်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ လက်ရှိ မတ်ပဲဈေးသည် ပဲတီစိမ်း(ဝါးခယ်မ)ဈေးနှင့် ကျပ် ၁၀၀၀ခန့်သာ ကွာခြားတော့သည့်အခြေအနေသို့ ရောက်ရှိလာခဲ့ပါသည်။

ပွဲရုံများတွင် မတ်ပဲကို ကြိုက်ဈေးရမှ ရောင်းမည်ဟု အပ်ကုန်အဖြစ် အပ်ထားသည့်ပဲများကို တောင်သူများမှ ဈေးဖြတ်လာကြသည့်အတွက် ဈေးကွက်အတွင်း ရောင်းဝယ်မှုမြင့်မားလာခဲ့ပြီး ရန်ကုန်သို့ နေ့စဉ် မတ်ပဲအိတ် ၃၀၀၀ မှ ၅၀၀၀ ကြားတင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။ **မောင်မောင်မြတ်ခိုင်**

## မတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး-မူဆယ် ကုန်သယ်ယူခနှုန်းထားများ

မတ်လအတွင်း မန္တလေး-မူဆယ်သို့ ကုန်သယ်ယူခများမှာ ပို့ကုန်တွင် မတ်လပထမပတ်မှာ ပြောင်း၊ ဆန်၊ ပဲတီစိမ်း၊ နှမ်းတစ်ပိဿာသယ်ယူခ ၆၃ ကျပ်၊ ရော်ဘာသယ်ယူခမှာ ၆၅ ကျပ်ရှိရာမှ နောက်ဆုံးပတ်တွင် ပြောင်း၊ ဆန်၊ ပဲတီစိမ်း၊ နှမ်းတစ်ပိဿာသယ်ယူခမှာ ၅၈ ကျပ်သို့လည်းကောင်း၊ ရော်ဘာသယ်ယူခမှာ ၆၃ ကျပ်သို့လည်းကောင်း ဈေးကျဆင်းခဲ့ပါတယ်။

သွင်းကုန်မြေဆီ သယ်ယူခမှာ ၃၅-၃၇ကျပ်ဖြင့် မတ်လတစ်လလုံးပြောင်းလဲမှုမရှိခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှ တရုတ်နိုင်ငံသို့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ဖရဲ၊ သခွား၊ ကြက်သွန်နီ၊ နနွင်းတက်၊ သကြား၊ ပဲတောင့်ရှည်၊ ကြိမ်၊ ငရုတ်သီး(အစို၊ အခြောက်) နဲ့ ပရဆေးကုန်ကြမ်းများ တင်ပို့ပြီး တရုတ်နိုင်ငံဘက်မှ လယ်ယာသုံးနောက်တွဲယာဉ်များ၊ ကွန်ပျူတာ၊ အင်ဂျင်၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ဝါယာကြိုးများ၊ စက်ဘီးနှင့်ဆိုင်ကယ် အပိုပစ္စည်းများ၊ တာယာနှင့်ကျွတ်များ၊ အချိုမှုန့်၊ ချည်ထည်၊ အလှကုန်၊ အားကစားပစ္စည်း၊ ချည်ခင်များနှင့်ချုပ်ပြီး အဝတ်အထည်များ တင်သွင်းခဲ့ပါတယ်။ **မော်မော်အောင်**

စာမျက်နှာ (၃) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန . . . မှအဆက်

စီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၂) ဒေါက်တာမြင့်ဆန်းက Two Lane Road Overview ကနဦး တည်ဆောက်ရေးလုပ်ငန်းကိုးခုအား ခွဲဝေနေရာချထားပေးမှုနှင့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိဂုံးချုပ် လမ်းညွှန်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မြန်မာ-ထိုင်း ဆက်ဆံရေးရုံးများသို့ သွားရောက်ကြည့်ရှုကြရာ မြန်မာ-ထိုင်း ဆက်ဆံရေးမန်နေဂျာ Dr. Somchet Tinnapong က လိုက်လံရှင်းလင်းပြသပြီးနောက် နှစ်လမ်းသွားကားလမ်း၏ အစဖြစ်သော (၀) ကီလိုမီတာမှတ်တိုင်သို့လည်းကောင်း၊ တည်ဆောက်ရေးဇုန်အတွင်းသို့လည်းကောင်း၊ Small Port ဆိပ်ကမ်းငယ်တည်ဆောက်ထားရှိမှုတို့အားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မွန်းလွဲ ၁၄:၀၀ နာရီတွင် ထားဝယ်မြို့ ထားဝယ်ဟိုတယ်၏ အစည်းအဝေးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မိမိတို့အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည်များကူညီဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ထားပြီးဖြစ် ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စနစ်တကျလုပ်ဆောင်နိုင်ရန် ပြည်ပကုမ္ပဏီများနှင့် ပူးတွဲလုပ်ဆောင်ရန်လည်း လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဒေသတွင်း စီးပွားရေး လုပ်ဆောင်ရာတွင် ပြည်တွင်းမှ လုပ်သားများအား အလုပ်အကိုင်ရရှိစေရေးအတွက် အသုံးပြုပါက စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဘဏ်များမှလည်း SME လုပ်ငန်းရှင်များအား ချေးငွေပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချပါက နိုင်ငံခြားငွေပိုမိုရရှိလာမှာဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြ သူများက လိုအပ်သည်များအား တင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **MOC (IR)**

# စားသုံးသူများနှစ်နာပါက တိုင်ကြားပါ၊ မှိုဘိုင်းအပလီကေးရှင်းမှာ

[နိုင်ဦး]

ယနေ့ မြန်မာနိုင်ငံတွင် ကိုရီးယားလှိုင်းနှုန်းအရှိန်သည် ပြင်းထန်စွာရိုက်ခတ်နေသည်။ အိုပါး၊ အာပူကျိစသည့် စကားလုံးများသည် ဟိုမှသည်မှမကြာမကြာကြားနေရသည်။ ကိုရီးယားအစားအစာများကို နှစ်သက်စွာ စားသုံးနေကြသည်။ ကိုရီးယားအဝတ်အထည် ဒီဇိုင်းများကို ဝတ်ရမှလှပသည်။ ခေတ်မီသည်ဟု ထင်လာကြသည်။ ကိုရီးယားဇာတ်ကား၊ ဇာတ်လမ်းတွဲလေးများကြည့်လိုက်ရမှ တစ်နေကုန်ပင်ပန်းသမျှ စားဝင်အိပ်ပျော်သည်ဟု ထင်လာကြသည်။ မှားသည်ဟုမထင်ရက်ပေ။ တစ်ချိန်က တရုတ်ကားများ ခေတ်စားချိန်ကလည်း မေမေကြီး၊ မေမေလေး၊ သခင်ကြီး စသည်ဖြင့် ဖြစ်ပေါ်ခဲ့ဖူးသည်။ ခေတ်ကာလအရ လူတို့၏အကြိုက်များ ပြောင်းလဲလာ၍ဖြစ်သည်။ ကျွန်တော်သည်လည်း ရွှေမန်းတင်မောင် ဟစ်ကြွေးခဲ့သလို ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ ကိုရီးယားဇာတ်ကားများကို ကြိုက်နှစ်သက်ခဲ့ဖူးသည်။ နန်းတွင်းရတနာဇာတ်ကားမှ ဇာတ်ကောင် မင်းသမီးအမည် ချန်ဂင်ကို အမှတ်တရဖြစ်မိသည်။ အဆိုပါဇာတ်ကားလေးထဲမှ စားဖိုမှူးတာဝန်ထမ်းဆောင်စဉ် လာရောက်သော ပြည်မကြီးမှ အထူးဧည့်သည်အား သစ်မြစ်၊ သစ်ဖုများနှင့် ဧည့်ခံကျွေးမွေး၍ နိုင်ငံ့သိက္ခာကျအောင်လုပ်သည်ဟုစွပ်စွဲကာ ဓားမိုးထားစဉ် သူပြောခဲ့သော စကားလေးကိုအထူးကြိုက်နှစ်သက်ခဲ့သည်။

သူပြောခဲ့တာက "ရပ်ဝေးဧည့်သည်တော်ကြီး ခရီးပန်းလာ၍ ကျန်းမာရေးကောင်းအောင် စေတနာနဲ့ချက်ပြုတ်ပေးခဲ့သော ဟင်းဖြစ်ပါသတဲ့"။ သမားတော်တာဝန်ထမ်းစဉ်ကလည်း "ရောဂါပျောက်အောင် စေတနာစွက်၍ ခွဲစိတ်မှုကို ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါသတဲ့"။ ထိုစေတနာများကြောင့်ပင် ချန်ဂင်သည် အသက်ဘေးမှ အကြိမ်ကြိမ် လွတ်ခဲ့သည်။ စေတနာ၏တန်ဖိုးကို အသက်ဘေးကြုံသည်အထိ မစွန့်လွှတ်ခြင်းသည် အောင်မြင်ခြင်း၏ အရေးကြီးသောအချက်ဖြစ်ကြောင်း မီးမောင်းထိုးပြထားသော ဇာတ်ကားလေးဖြစ်ခြင်းကြောင့် ယနေ့အထိ ကျွန်တော့်ရင်ထဲတွင် မမေ့ခြင်းဖြစ်သည်။

ကျွန်တော်မန္တလေးသို့ အလုပ်ကိစ္စတစ်ခုဖြင့် ခရီးသွားရောက်ရင်း အချိန်ရသဖြင့် နံနက်ပိုင်းတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ဝင်၍ လက်ဖက်ရည်နှင့် ဆီထမင်းမှာ၍ စားသောက်ဖြစ်သည်။ အမှတ်တမဲ့ဆိုင်၏ကောင်တာပေါ်မှ စာကြောင်းလေးတစ်ကြောင်းကို ဖတ်ရှုမိသည်။ "ကျွန်တော့်ဆိုင်က အစားအသောက်မကောင်းပါက ကျွန်တော်ကိုပြောပါ၊ ကောင်းတယ်ဆိုရင်တော့ သင့်မိတ်ဆွေတွေကို ပြောပြပေးပါ" တဲ့၊ မှန်ပေမည်။ သူ၏ဆိုင်သည် လူစည်ကားသော နေရာ၌မရှိ၊ အချက်အခြာကျသော ဈေးနီး၊ ကားဂိတ်လည်းမဟုတ်၊ သို့သော် ခုံပြည့်နီးပါးအားရပါးရ လာရောက်စားသောက်နေကြသည်ကို တွေ့ရှိရသည်။ မိန်းကလေးငယ် စားပွဲထိုးများလည်းမရှိ။ ဆိုင်ရှင်ဖြစ်ဟန်တူသည့်သူက စားပွဲသုတ်တန်သုတ်၊ စားသောက်သူ အလိုကျ မှာကြားနေသံကိုလည်းကြားရသည်။ စားသုံးသူများသည်လည်း ပေးရသောငွေနှင့်ထိုက်တန်သော ဝန်ဆောင်မှုကိုရသည်။ ပြီးတော့ သင်ပုန်းလေးတစ်ခုပေါ်တွင် ကားသော့တစ်ချောင်းနှင့် ဆိုင်ကယ်သော့တစ်ချောင်း သိမ်းထားပါသည်။ ပိုင်ရှင်များလာ ရောက်ယူပါဆိုတဲ့ စာသားလေးကိုလည်း ရေးထားတာတွေ့ရပါသည်။ ဒီဆိုင်တိုးတက်ခြင်းသည် စားသုံးသူများကို စေတနာထားမှုကြောင့်ဖြစ်ကြောင်း ခန့်မှန်းမိသည်။

ယနေ့မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် အရှိန်ယူနေသည်။ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဟန်ချက်ညီစွာ ဆောင်ရွက်ရန် ကြိုးစားနေသည်။ နိုင်ငံတော်မှလည်း အားပေးမြှင့်တင်ပေးလျက်ရှိသည်။ စေတနာအရင်းခံဖြင့် တိုင်းဒေသကြီး/ပြည်နယ်မကျန် တပြေးညီဖွံ့ဖြိုးတိုးတက်ရန် မနားမနေ ကြိုးစားနေသည်။ မကြာမီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများနည်းတူဖြစ်လာမည်ဟု ယုံကြည်မိသည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများ ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်ရန်မှာ အစိုးရကကောင်းမွန်သော မူဝါဒများ ချမှတ်ပေးရမည်။ ဌာနဆိုင်ရာများက အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်။ ပြည်သူများကလည်း လိုက်နာဆောင်ရွက်မှသာ ဖြစ်နိုင်ပေမည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် အရေးသုံးပါးနှင့်ပတ်သက်၍ စားသုံးသူများ၏အခွင့်အရေးများ အပြည့်အဝရရှိရေး၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများနှင့်ဝန်ဆောင်မှုများကို စားသုံးသူများရယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော သတ်မှတ်ချက်များနှင့်အညီ စေတနာထားဆောင်ရွက်ပေးလျက်ရှိပါသည်။ လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိသော အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကို ဆောင်ရွက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာအရင်းခံဖြင့် အခန်းကဏ္ဍတစ်နေရာမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့မှသာ ၅၃ သန်းကျော်သောပြည်သူများ သက်ရှည်ကျန်းမာစွာဖြင့် လူသက်တမ်းစေ့အနာရောဂါ ကင်းရှင်းစွာ နေထိုင်သွားနိုင်မည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာမည်ဖြစ်သည်။ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်မည်ဖြစ်ပေသည်။

စားသုံးသူရေးရာဦးစီးဌာနသည် တစ်ဖက်မှ စားသုံးသူများအား အပြည့်အဝကာကွယ်ပေးရမည်ဖြစ်သလို တခြားတစ်ဖက်မှလည်း လုပ်ငန်းရှင်များအား နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ လူသုံး၊ အိမ်သုံး၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်၍ ပြည်တွင်း ဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ ထိုးဖောက်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ပေးရမည်ဖြစ်သည်။ သို့မှသာ စားသုံးသူ ပြည်သူများသက်ရှည်ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်သလို လုပ်ငန်းရှင်များ၏လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး/ခရိုင်အသီးသီးရှိဝန်ထမ်းများသည် အဆင်းရဲ အပင်ပန်းခံကာ နယ်စွန်၊ နယ်ဖျားမကျန်သွား ရောက်ကာ တာဝန်ထမ်းဆောင်လျက်ရှိသည်။ စေတနာထားဆောင်ရွက်ခဲ့ကြသည်။ စားသုံးသူ ကာကွယ်ပေးရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထားကာ ဆောင်ရွက်ခဲ့ကြသည်။ တချို့သော မသိနားမလည်သောသူများ၏ ဝေဖန်မှု၊သရော်မှု၊ ရှုတ်ချမှုများကို ခံရသော်လည်း ရှေ့သို့သာတိုးထွက်၍စေတနာထားဆောင်ရွက်လျက်ရှိသည်။ တာဝန်အပေါ် စေတနာလေးစွက်ကာ ဆောင်ရွက်နေမြဲဖြစ်သည်။

စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းသည် ပြည်သူကိုအခြေခံသောလုပ်ငန်းဖြစ်၍ စားသုံးသူပြည်သူတစ်ဦးချင်းမှ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည့် လုပ်ငန်းဖြစ်သည်။ ပြည်တွင်းရှိစားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ၊ NGOs များပူးပေါင်းမှသာ အရှိန်မြှင့်တင်နိုင်မည်။ ဆက်စပ်ဌာနများ ပူးပေါင်းပါဝင်မှသာ လုပ်ငန်းများအဆင်ချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စားသုံးသူ လုပ်ငန်းရှင်များသည် မိမိနိုင်ငံသားများဖြစ်ကြသည်။ တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြု နေထိုင်ကြရသည်။ တစ်ဦးတစ်ယောက် အခက်အခဲဖြစ်ပါက တိုင်းပြည်၏ အကျိုးစီးပွားကို ထိခိုက်နိုင်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေနိုင်သည်ကို သတိပြုသင့်ပါသည်။

မည်သည့်လုပ်ငန်းရှင်၊ လူပုဂ္ဂိုလ်မဆို စေတနာထားဆောင်ရွက်ပေးခြင်းဖြင့် ကောင်းသော အကျိုးကျေးဇူးများကိုရရှိနိုင်ပေသည်။ အထူးသဖြင့် လူသုံး၊ အိမ်သုံးပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သူများသည်လည်း ရောင်းဝယ်မှု အဆင့်တိုင်းတွင် စိတ်ရင်းဖြင့် စားသုံးသူများအား စေတနာအပြည့်ထားကာ ပေးအပ်ထားသော အခကြေးငွေနှင့်အညီ ပြည့်ဝသော ကုန်စည်နှင့်ဝန်ဆောင်မှုများပေးအပ်ရန် လိုအပ်သည်။

စားသုံးသူများ စိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှု အပြည့်အဝရရှိရေး လုပ်ဆောင်ပေးသင့်သည်။ သို့မှသာ စေတနာ့အကျိုးကို ခံစားရပေမည်။ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက် အသေးအဖွဲ့လေးများမှအစ ဂရုစိုက်ရမည်။ ထုတ်ပြန်ထားသော စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များပါအတိုင်း လိုက်နာဆောင်ရွက်ရပေမည်။

မြန်မာနိုင်ငံအတွင်းရှိ၅၃ သန်းကျော် စားသုံးသူပြည်သူများ စားသုံးသူ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းရှင်များ ထုတ်လုပ်သော လူသုံး၊ အိမ်သုံးပစ္စည်းများ လုံခြုံစိတ်ချရမှု ရှိစေရေး၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသေးအဖွဲ့လေးများပါမချန်၊ စားသုံးသူပြည်သူများ အကျိုးစီးပွားအတွက် ပညာပေးဟောပြောခြင်း၊ စစ်ဆေးပညာပေးခြင်း၊ ဆက်စပ် ဌာနများနှင့်ပူးပေါင်း၍ အရေးယူဆောင်ရွက်ခြင်း၊ စားသုံးသူပြည်သူများ၏ နစ်နာမှုများနှင့်ပတ်သက်၍ ကုစားဖြေရှင်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**စာမျက်နှာ - ၂၇ သို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၄.၄ . ၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.WIN -2 | P.Oil(In Bulk) ၂၉၀၀ချဆဲ |
| ထီးတန်းဆီဆိပ်ကမ်း | - ISEACO GENESIS | TEU ၉၁၅ တင် ၇၄၇ ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - NEW UNITY | ဆန် ၁၇၅၀၀ တင်ဆဲ |
| MIPLဆိပ်ကမ်း | - JIN SUI | Steel & Fertilizer 28928 MTချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - XETHA BHUM | TEU 220 တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - MS SEABOURN | Cruise Vessel Pax 420 NOS |
| WILMAR JETTY | - TAY SON-3 | Deform Bars ၁၂၀၀၀ ချဆဲ |
| Green Asia JETTY | - MT YU HAI | Diesel Oil+ Mogas (92 Ron)၁၀၅၂၂ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| AN NING | STEEL ၂၄၀၀၀ ကုန်ချရန် | CHINA | ၅.၄.၂၀၁၉ |
| NAFTILOS | Steel Product ၂၂၀၀၀ ကုန်ချရန် | CHINA | ၅.၄.၂၀၁၉ |
| LEHE | G/C ၆၈၇ ကုန်ချရန် | CHINA | ၆.၄.၂၀၁၉ |
| TUG-HD-02,BG; BINH AN-28 | Concrete X-Block, ၂၂၀၀ ကုန်ချရန် | BINGLADESH | ၆.၄.၂၀၁၉ |
| SOLDOY | Coal (In Bulk) ၃၀၀၀၀ ကုန်ချရန် | MOZAMBIQUE | ၈.၄.၂၀၁၉ |
| LUCKY CATHERINE | G/C ၂၉၅၁ ကုန်ချရန် | COLANBO | ၁၈.၄.၂၀၁၉ |
| NEW JOURNEY | WHEAT ၂၀၀၀၀ ကုန်ချရန် | USA | ၅.၅.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၄.၄.၂၀၁၉ |
| AS SOPHIA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၅.၄.၂၀၁၉ |
| CAPE FLORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၄.၂၀၁၉ |
| ISECAO FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၆.၄.၂၀၁၉ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၄.၂၀၁၉ |
| MITRA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၄.၂၀၁၉ |
| KILLIROE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀.၄.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၄.၂၀၁၉ |
| HANSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၄.၄.၂၀၁၉ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၅.၄.၂၀၁၉ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၄.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.KIRANA HASTA | Diesel | - | ၄.၄.၂၀၁၉ |
| MT.THERESA BEGONIA | P.Oil(In Bulk) | - | ၅.၄.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၆.၄.၂၀၁၉ |
| MT.CO-38 | P.Oil(In Bulk) | INDONESIA | ၆.၄.၂၀၁၉ |
| MT.SENSA-3 | LPG (GAS) | SINGAPORE | ၆.၄.၂၀၁၉ |
| MT.OCEAN MARLIN | MOGAS92RON | SINGAPORE | ၆.၄.၂၀၁၉ |
| MT.YU DONG | Diesel | SINGAPORE | ၆.၄.၂၀၁၉ |
| MT.OCEAN BASS | MOGAS92RON | SINGAPORE | ၆.၄.၂၀၁၉ |
| MT.OCEAN MANTA | Diesel | SINGAPORE | ၇.၄.၂၀၁၉ |
| MT.AU GEMINI | P.Oil(In Bulk) | INDONESIA | ၈.၄.၂၀၁၉ |
| MT.KARENA HANSA | Diesel | SINGAPORE | ၈.၄.၂၀၁၉ |
| MT.VI-21 | P.Oil(In Bulk) | INDONESIA | ၉.၄.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၁၀.၄.၂၀၁၉ |
| MT.ORCA PACIFIC | Diesel | SINGAPORE | ၁၀.၄.၂၀၁၉ |
| MT.KIRANA HASTA | Diesel | SINGAPORE | ၁၆.၄.၂၀၁၉ |
| MT.SENSA-3 | LPG (GAS) | SINGAPORE | ၁၇.၄.၂၀၁၉ |
| MT.POLE STAR | P.Oil(In Bulk) | NDONESIA | ၁၇.၄.၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၁၉.၄.၂၀၁၉ |

## ကြက်သွန်

# မိတ္ထီလာကြက်သွန်နီ အခါနားနီး၍ အရောင်းအဝယ်သွက်နေ

ယခုတစ်ပတ် မိတ္ထီလာဈေးကွက်အတွင်း အခါနားနီး၍ ကြက်သွန်နီများ ဝယ်လိုအားများကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါသည်။ ဝင်ရောက်မှုအနေဖြင့် ကုန်သည်များမှ ထပ်မံဝယ်ယူမှုမရှိဘဲ ယခင်ဝယ်ယူထားသော ကြက်သွန်နီများကိုသာ အရောင်းအဝယ်ပြုလုပ်ကြကြောင်း၊ တင်ပို့မှုအနေဖြင့် ရန်ကုန်၊ မော်လမြိုင်ဘက်သို့တင်ပို့ပြီး ယခုတစ်ပတ်တွင် ရန်ကုန်ဘက်မှ အဝယ်များကြောင်းနှင့် တရုတ်ဘက်သို့ အနည်းငယ်ထွက်ကြောင်းသိရပါသည်။

ဈေးနှုန်းအနေ ဖြင့် အနည်းငယ်ဈေးတက်ပြီး ဈေးတက်ရသည့်အကြောင်းမှာ အခါနားနီး၍ ဝယ်လိုအားများခြင်း၊ ကားများ မထွက်တော့၍ ကားခများဈေးတက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ယခင်တစ်ပတ်က တစ်ပိဿာလျှင်ကျပ် ၃၀၀-၃၅၀ ရှိခဲ့ရာမှ ယခု တစ်ပတ်တွင် တစ်ပိဿာလျှင်ကျပ် ၃၅၀-၄၀၀ ဈေးထိရှိလာကြောင်း ကြက်သွန်နီကုန်သည်များထံမှ သိရှိရပါသည်။

**မူမူသန်း(မိတ္ထီလာ)**

# စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ကြက်သွန်နီဖြိုင်ဖြိုင်ပေါ်

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်သည် ကြက်သွန်နီအများအပြား စိုက်ပျိုးသည့်ဒေသတစ်ခုဖြစ်ပါတယ်။ ယခု ဧပြီလမှာ ဆောင်းကြက်သွန်နီများ ဖြိုင်ဖြိုင်ပေါ်ချိန်ဖြစ်ရာ ကြက်သွန်နီထိပ်စတစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၆၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၄၀၀ မှ ၄၅၀၊ အနိမ့်တစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ၃၅၀ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကြက်သွန်နီကို မိမိတို့ အိမ်ဂိုထောင်များတွင် သိုလှောင်သူများရှိသလို ကြိုက်ဈေးရ၍ ရောင်းချသူများရှိကြောင်း၊ ကြက်သွန်နီကို ရွာအရောက်လာဝယ်သည့် ပွဲစားများထံသို့ ရောင်းချသူများရှိသကဲ့သို့ ကျေးရွာများမှ မြင်းမူမြို့နယ်နှင့် မန္တလေးမြို့သို့လည်း ပို့ဆောင်ရောင်းချကြကြောင်း သတင်းရရှိပါတယ်။

DOCA**(စစ်ကိုင်း)**

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း ကုန်ပစ္စည်းလက်ကျန်များပြား

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်ကြက်သွန်နီဈေးကွက်သို့ အောင်လံ၊ သရက်၊ မှော်ဇာ၊ ကုန်းရိုးစတဲ့ဘက်မှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၇၅၀-၈၀၀ ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်မှာ ဝင်ရောက်မှုရဲ့ထက်ဝက်ကျော်ခန့်သာ အရောင်းအဝယ်ရှိသည့်အတွက် ဈေးကွက်အတွင်း ပစ္စည်းလက်ကျန်များပြားနေကြောင်း သိရပါတယ်။

ဈေးနှုန်းမှာ ပွဲရုံလက်ကားဈေးတစ်ပိဿာကို (ကြီး/လတ်/သေး) ကျပ် ၅၀၀-၄၅၀-၄၀၀ နှုန်းတို့ရှိပြီး လက်လီဈေးအသေးများတွင် ကြီးလတ်အမျိုးအစားတူ တစ်ပိဿာကို ကျပ် ၆၀၀-၇၀၀၊ (သေး/သေးဆုံး)လျှင် ကျပ် ၃၅၀-၄၀၀-၄၅၀-၅၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

သင်္ကြန်အခါနားနီးပေမယ့် ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ နယ်စုံမှကြက်သွန်နီများဈေးနှုန်းချိုသာစွာဖြင့် ဆက်တိုက်အဝင်များခဲ့သည့်အတွက် စားသုံးသူပြည်သူများမှာ သင်္ကြန်ကာလအထူးတလည် ပိုမိုဝယ်ယူမှုမရှိသဖြင့် အရောင်းအဝယ်မှာ ပုံမှန်ထက်အနည်းငယ်သာ ပိုမိုရောင်းဝယ်မှုရှိနေကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# မူဆယ်တရုတ်နယ်စပ် ကြက်သွန်နီဈေးအနည်းငယ်မြင့်လာ

မတ်လ ၂၆ ရက်မှ ၃၁ ရက်ထိ ရက်သတ္တပတ်အတွင်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတရုတ်ပြည်သို့တင်ပို့လျက်ရှိသော ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၄၉၀-၅၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေပါတယ်။

မတ် ၂၀ ရက်မှ ၂၅ ရက်အထိ တင်ပို့မှုမှာကားအစီးရေ ၅၄ စီး၊တင်ပို့တန်ချိန် ၁၇၈၀ ဒသမ ၅ တန်ဖြစ်ကာ ဈေးနှုန်းမှာ ကျပ်၃၉၅-၄၀၀ ဖြစ်ပါတယ်။ မတ် ၂၆ရက်မှ ၃၁ ရက်ထိ ကားစီးရေ ၄၉ စီး၊တင်ပို့တန်ချိန်၁၆၃၄ ဒသမ ၂၅ တန်အရောင်းအဝယ်ဖြစ်သဖြင့် မြန်မာမှတရုတ်သို့ကြက်သွန်နီတင်ပို့မှု တန်ချိန်မှာ အနည်းငယ်လျော့နည်းသော်လည်း ဈေးနှုန်းမှာ တစ်ပိဿာကျပ် ၁၀၀ ဝန်းကျင်တက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေဈေးအားဖြင့် အမေရိကန်တစ်ဒေါ်လာလျှင်ကျပ် ၁၅၁၀ - ၁၅၁၂ ကျပ်ဝန်းကျင်ပေါက်ဈေးဖြစ်ခဲ့ပါတယ်။

မတ် ၂၆ ရက်မှ ၃၁ ရက်အတွင်း တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် ကျပ်၂၂၃-၂၂၅ ဈေးဖြစ်ပြီး ကြက်သွန်နီ တစ်တန်လျှင် မြန်မာငွေကျပ် ၂၉၀၀၀၀-၃၀၉၀၀၀ ရရှိပါ တယ်။



တစ်ပိဿာဈေးနှုန်းမှာ မြန်မာငွေကျပ် ၄၉၅ - ၅၀၀၊ တရုတ်ယွမ် ၂ ဒသမ ၂ ယွမ်ဖြင့် ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စာရင်းအရ သိရပါတယ်။ **စိုးသန္တာထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

## မဟာသင်္ကြန်နှစ်သစ်ကူးကာလ ကောမတ်စ်ဂျာနယ် နှစ်ပတ်နားမည်

မြန်မာ့ရိုးရာ အစဉ်အလာပွဲတော်ဖြစ်သည့် မဟာသင်္ကြန် နှစ်သစ်ကူးကာလဖြစ်သော ဧပြီ(၁၅)ရက်နှင့် ဧပြီ(၂၂)ရက်တို့တွင် ထုတ်ဝေမည့် ကောမတ်စ်ဂျာနယ်အား နှစ်ပတ်ရပ်နားမည်ဖြစ်ပြီး အတွဲ(၁၉) အမှတ်(၁၅)ကို ဧပြီ(၂၉)ရက်တွင် ပြန်လည်ထုတ်ဝေမည်ဖြစ်ကြောင်း ကောမတ်စ်ဂျာနယ် ပရိသတ်များအား လေးစားစွာ အသိပေးအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**

## နနွင်း

# ဒီတစ်ပတ် နနွင်းတင်ပို့မှုပို

မတ်လ ၂၄ ရက်မှ ၃၀ရက်သီတင်းပတ်အတွင်း နနွင်း ၂၇၉ ဒသမ ၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၁၁၆ တန်၊ ဂျပန်နိုင်ငံသို့ ၁၀ တန်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၁၂၀ နဲ့ ရီမန်နိုင်ငံသို့ ၃၃ ဒသမ ၀၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်း တန်ချိန် ၁၅၀ တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၁၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၈၄၄၄ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**



## မန်ကျည်း

# မန်ကျည်း ပို့အားကောင်း

မတ်လ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၂၅၀၇ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၃၀၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၂၀၀၊ မလေးရှားနိုင်ငံသို့ ၆၆၈တန်၊ ပါကစ္စတန်နိုင်ငံသို့ ၆၂၃ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၀၀နဲ့ ဗီယက်နမ်နိုင်ငံသို့ ၅၁၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၂၄၈၀ ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၂၀ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၆၃၄၆၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## ချင်း/နှမ်း

# ချင်းတန်ချိန် ၈၀၀ ကျော်တင်ပို့

မတ်လ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၈၄၁ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့၈၀၃ ဒသမ ၅ တန်၊ ဂျပန်နိုင်ငံသို့ ၁၀ တန်နဲ့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၂၈ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၅၅၀ ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်လျှင် တန်ချိန် ၂၉၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ၁၆၆၀၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# ပြည်ဈေးကွက်တွင် နှမ်းနီနှင့်စမုံနက်နှမ်း ဈေးမှန်နေပြီး နှမ်းနက်ဈေးအနည်းငယ်ပြန်ကျ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် နှမ်းနက်ဈေးပြန်ကျသွားပြီး နှမ်းနီနှင့်စမုံနက်နှမ်းဈေးမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းနက်ကိုဆီစက်များနှင့် ဝယ်လက်များက အဝယ်နည်းသွားတဲ့အတွက် ဈေးကျလာတာတွေ့ရပါတယ်။ နှမ်းနီမှာ ဈေးကွက်လက်ကျန်မရှိပေမယ့် ဈေးဖြစ်နေပြီး စမုံနက်နှမ်းကို ဝယ်လက်အဝယ်ရှိလို့ တစ်နေ့လျှင် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၈၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၈၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး နှမ်းနက်တစ်မျိုးသာ တစ်တင်းလျှင် ကျပ် ၆၆၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးအနည်းငယ်ပြန်ကျလာတာတွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**

# နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်နှင့်အတူ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည့် ချင်းရွှေဟော်ဒေသ

မောင်မောင် (ချင်းရွှေဟော်)








နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်နှင့်အတူ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည့် ချင်းရွှေဟော်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည့်စုံကြွယ်ဝမှုတို့အတွက် အဓိကကျသည့်အချက်ဖြစ်ပါတယ်။ ကုန်သွယ်မှုသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန်အတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ပါတယ်။ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းကုန်သွယ်မှုသာမက နိုင်ငံတကာနှင့် ကုန်သွယ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြည်ပနိုင်ငံများနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက မိမိနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုများကိုပါ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုပမာဏ နှစ်စဉ် တိုးတက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သည် မြန်မာ့ကုန်သွယ်မှုသမိုင်းတစ်လျှောက် ကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်နိုင်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်မှု ဖြင့် နိုင်ငံတော်ရဲ့ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်သွယ်ရေးစခန်းပေါင်း ၁၇ ခုနှင့် ပို့ကုန် သွင်းကုန်ရုံး(၄)ရုံးဖွင့်လှစ်ပြီး နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု အများဆုံးပြုလုပ်လျက်ရှိသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပါတယ်။ မြန်မာ-တရုတ်နယ်စပ်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်း၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းစသည့် ကုန်သွယ်ရေးစခန်း(၄)ခုနှင့် မြစ်ကြီးနားမြို့တွင် ပို့ကုန်သွင်းကုန်ရုံး (၁)ရုံးနှင့် ကျိုင်းတုံမြို့တွင်လည်း ပို့ကုန်သွင်းကုန်ရုံး (၁)ရုံးတို့ဖွင့်လှစ်ထားရှိပြီး နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးသဘောတူစာချုပ်ကို ၁၉၉၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်မှာ ချုပ်ဆိုခဲ့ကြပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်း(၄)ခု အနက် ကုန်သွယ်မှုပမာဏ ဒုတိယအများဆုံး ဆောင်ရွက်လျက်ရှိသည့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွမ်းလုံမြို့နယ်၊ နမ့်ဟူကျေးရွာအနီးမှာ တည်ရှိပါတယ်။ ချင်းရွှေဟော်မြို့နှင့် (၅)မိုင်၊ ဟိုပန်မြို့နှင့် (၃)မိုင်၊ ကွမ်လုံမြို့နှင့် (၉)မိုင် ကွာဝေးပြီး လားရှိုး- ကွမ်းလုံ - ချင်းရွှေဟော်ကားလမ်းမကြီးပေါ်ရှိ ဟိုပန်မြို့သို့သွားသည့် ကားလမ်းမနှင့်ဆုံရာ နမ့်တိန်ချောင်းကူးတံတားအနီးမှာ တည်ရှိပါတယ်။ (ဒေသအခေါ် ဖောင်ဆိပ်လို့လည်းခေါ်ပါတယ်) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် (ဝ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့နှင့် ထိစပ်လျက်ရှိပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သော်လည်း ပို့ကုန်သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ တည် ဆောက်ရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ပြီး ၂၀၀၄ ခုနှစ်၊ ဩဂုတ်လမှစ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ နှစ်နိုင်ငံပို့ကုန်သွင်းကုန်လုပ်ငန်းများကို ချင်းရွှေဟော်မြို့ရှိ နမ်ဖာဟော်ချောင်း( နမ်ဖာဟော်တံတား)မှတစ်ဆင့် မြန်မာနိုင်ငံ၊ ချင်းရွှေဟော်မြို့နှင့် တရုတ်နိုင်ငံဘက် ချင်းရွှေဟော်မြို့သို့ ကုန်ပစ္စည်းများ တင်ပို့တင်သွင်းလျက်ရှိပါတယ်။ မိမိဘက်မှ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ပဲမျိုးစုံ၊ နှမ်းမျိုးစုံ၊ ပြောင်း၊ ဆန်၊ ရော်ဘာတို့နှင့် ရေထွက်ပစ္စည်းများကိုအဓိက တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ ဓာတ်မြေဩဇာ၊ သွပ်နန်းကြိုးခွေ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ တင်သွင်းလျက်ရှိပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း စတင်ဖွင့်လှစ်စဉ် ကုန်သွယ်မှုပမာဏလျော့နည်းခဲ့သော်လည်း ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်မှစတင်ပြီး ကုန်သွယ်မှုပမာဏများ တိုးတက်လာခဲ့ရာ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နိုင်ခဲ့သည့် ကုန်သွယ်မှုတန်ဖိုးများအရ တစ်လပျမ်းမျှဆောင်ရွက်နိုင်မှုအခြေအနေများကို နှိုင်းယှဉ်ပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ) မှာ အများဆုံး ဆောင်ရွက်နိုင်ခဲ့တာကို အောက်ပါအတိုင်းတွေ့ရှိရမှာဖြစ်ပါတယ်။

တန်ဖိုး - ဒေါ်လာသန်း

| ဘဏ္ဍာနှစ် | ကုန်သွယ်မှုပမာဏ | တစ်လပျမ်းမျှ ဆောင်ရွက်နိုင်မှု |
|---|---|---|
| ၂၀၁၃-၂၀၁၄ | ၂၄၆.၇၉၆ | ၂၀.၅၇ |
| ၂၀၁၄-၂၀၁၅ | ၄၂၃.၇၅၅ | ၃၅.၃၂ |
| ၂၀၁၅-၂၀၁၆ | ၃၇၅.၇၇၅ | ၃၂.၁၅ |
| ၂၀၁၆-၂၀၁၇ | ၅၇၃.၄၂၄ | ၄၇.၇၉ |
| ၂၀၁၇-၂၀၁၈ | ၅၇၂.၁၇၁ | ၄၇.၆၈ |
| ၂၀၁၈ (Mini Budget) | ၁၅၃.၈၈၄ | ၂၅.၆၅ |
| ၂၀၁၈-၂၀၁၉ (ဖေဖော်ဝါရီလထိ) | ၂၆၁.၃၂၂ | ၅၂.၂၆ |

အနာဂတ်ကာလများမှာ ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာ - တရုတ်နှစ်နိုင်ငံကုန်သွယ်ရေး ဆက်ဆံမှုများအတွက် နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် မြန်မာ - တရုတ်နယ်စပ်ဒေသစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဇုန်တည်ဆောက်ရန် နှစ်နိုင်ငံမှုအားဖြင့်သဘောတူညီပြီးဖြစ်ကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရန်၊ တွေ့ကြုံရသည့် အခက်အခဲများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် အထူးစီးပွားရေးဇုန် တည်ထောင်ခြင်းကိစ္စရပ်များနှင့် သက်ဆိုင်မှုမရှိသည့် စီးပွားရေးဆောင်ရွက်ချက်များကိုလည်း အကောင်အထည်ဖော်ရန် ရည်ရွယ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည် ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားကြောင်း၊ တရုတ်နိုင်ငံဘက်တွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ တာဝန်ခံအဖြစ်ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာန များ ပူးပေါင်းပါဝင် ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ဆောက်ခြင်းအားဖြင့် ဒေသတွင်းစီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမှာဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးသည် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းလာမှာဖြစ်လို့ ရရှိလာမည့်အခွင့်အရေးကောင်းများကို အကျိုးရှိရှိအသုံးပြုနိုင်ဖို့ အရေးကြီးပါတယ်။ တရုတ်နိုင်ငံအနေဖြင့်နောင်ဖွံ့ဖြိုးတိုးတက်လာမည့် ကုန်သွယ်မှုဆက်ဆံရေးများအတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံ၊ ချင်းရွှေဟော်မြို့နှင့် ထိစပ်လျက်ရှိသည့် ယူနန်ပြည်နယ်၊ လင်ချန်းခရိုင်၊ မိန်းတိန်မြို့နယ်၊ တရုတ်ဘက်ခြမ်းတွင် လင်ချန်းနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်လျက်ရှိပါတယ်။ စတုရန်းကီလိုမီတာ ခုနှစ်သိန်းခန့်ကျယ်ဝန်းသော စီမံကိန်းအဖြစ် လျာထားဆောင်ရွက်လျက်ရှိပြီး မြေယာရှုမျှော်ခင်းဧရိယာ စတုရန်းမီတာ သုံးသောင်းခန့် ပါဝင်ကြောင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တွင် ပွဲရုံတန်းများ၊ ဈေးဆိုင်ခန်းများ၊ ရေထွက်ပစ္စည်း ကုန်စည်ဒိုင်၊ လယ်ယာထွက် ကုန်ပစ္စည်းကုန်စည်ဒိုင်နှင့် မြန်မာနိုင်ငံမှ တင်ပို့သည့် ပဲအမျိုးမျိုးနှင့် နှမ်းတို့ကိုအဆင့်မြှင့်နည်းပညာဖြင့် သန့်စင်ပြီး တရုတ်နိုင်ငံ ကူမင်းမြို့သို့ တင်ပို့ရောင်းချနိုင်ရေး စီစဉ်ထားကြောင်းလည်း သိရှိရပါတယ်။

တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့ဆောင်ရွက်လျက်ရှိသည့် One Belt One Road (OBOR) မဟာ ဗျူဟာ၏ တစ်စိတ်တစ်ဒေသအဖြစ်ပါဝင်သည့် လင်ချန်းဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်စီမံကိန်းအား အကောင်အထည်ဆောင်ရွက်ရာတွင် ၎င်းတို့အနေဖြင့် လင်ချန်း-ချင်းရွှေဟော်မှ ကျောက်ဖြူမြို့သို့ဖြတ်သန်း၍ တရုတ်-မြန်မာ - ဘင်္ဂလားဒေ့ရှ် - အိန္ဒိယ (၄)နိုင်ငံအတွက် စီးပွား ရေးလမ်းကြောင်းအဖြစ်လည်းကောင်း၊ ပစိဖိတ်သမုဒ္ဒရာကို ဖြတ်သန်းပြီး တောင်အာရှဒေသ၊ ဥရောပနှင့် အာဖရိကဒေသများသို့ဖြာထွက်မည့် တံခါးပေါက်အဖြစ်လည်းကောင်း မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။

တရုတ်နိုင်ငံမှကုန်စည်များ လင်ချန်းမြို့ကိုဖြတ်သန်းပြီး ကုန်းလမ်းခရီးဖြင့် မြန်မာနိုင်ငံ ကျောက်ဖြူဆိပ်ကမ်းမှတစ်ဆင့် တောင်အာရှဒေသ၊ အရှေ့အလယ်ပိုင်းဒေသ၊ ဥရောပနှင့် အာဖရိကဒေသများသို့သွားရောက်ရာလမ်းကြောင်းအနေဖြင့် တရုတ်နိုင်ငံ ပင်လယ်ဆိပ်ကမ်းမှသွားသည့်ခရီးထက် ကီလိုမီတာ(၂၀၀၀မှ ၆၀၀၀)ခန့် ခရီးတိုတောင်းသွားမည်ဖြစ်ပါတယ်။ တရုတ်နိုင်ငံ၊ ကူမင်းမှ လင်ချန်းစီးပွားရေးဇုန် (မိန်းတိန်-ချင်းရွှေဟော်)နယ်စပ်မှ မြန်မာနိုင်ငံ ကျောက်ဖြူဆိပ်ကမ်းထိ ၁၆၃၃ ကီလိုမီတာရှိပြီး ရွှေလီနယ်စပ်လမ်းကြောင်းထက် ကီလိုမီတာ ၁၂၀၊ တာလော့နယ်စပ်လမ်းကြောင်းထက် ကီလိုမီတာ ၂၃၃ အသီးသီး လမ်းခရီးသက်သာမှာဖြစ်ပါတယ်။ ကူမင်း- ချင်းရွှေဟော်-ကျောက်ဖြူရထားလမ်း၊ တာလီ- လင်ချန်း အမြန်လမ်းမနှင့်

စာမျက်နှာ (၃၃)သို့

## ဒီတစ်ပတ်ဓာတ်ဆီ၊ဒီဇယ်တန်ချိန် ၇၀၀၀၀ကျော်ဝင်

မတ်လ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၃၃၂၅ တန်ဖိုးရှိ ဓာတ်ဆီ ၂၁၂၄၈ ဒသမ ၄၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၁၄၂၁၇၁၀ တန်ဖိုးရှိ ဒီဇယ် ၅၅၄၆၆ ဒသမ ၃၀ တန်၊ စုစုပေါင်း ၇၆၇၁၄ ဒသမ၇၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၅၇၅၇၀ ကျော်နဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၂၁၀၀ ကျော်အဝင်လျော့ခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၆၂၄၀ ကျော်နဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၄၉၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဓာတ်ဆီရောဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂၇၄၇၀၆ တန်ဖိုးရှိဓာတ်ဆီ ၆၁၁ ဒသမ ၈၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၉၀၂၁၀ တန်ဖိုးရှိ ဒီဇယ် ၃၅၇ ဒသမ ၄၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မတ်လအတွင်း တရုတ်နိုင်ငံသို့ ရေထွက်ကုန်တန်ချိန် တစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ်လနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၇၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၈၅၅ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၀၅၈ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၂၀၃ တန်လျော့ နည်းခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်းလျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ငါးရှဥ့်၊ ငါးမှုန့်၊ ပုစွန်ခြောက်၊ ကင်းမွန်ခြောက်၊ ငါးလေးခြောက်နဲ့ငါး ဆားနယ်တင်ပို့မှု လျော့နည်းခဲ့လို့ ယခုလို တန်ချိန်ရောတန်ဖိုးပါ လျော့နည်းရကြောင်း၊ မတ်လအတွင်း တရုတ်နိုင်ငံသို့ရေ ထွက်ကုန်တန်ချိန်တစ်သောင်းနှစ်ထောင်ကျော် တင်ပို့ခဲ့ကြောင်း၊ တစ်ဘက်နိုင်ငံဈေးအနေဖြင့် ကဏန်းတစ်တန်လျှင် ၁၀၈၃၃၃ ယွမ်၊ ငါးရှဥ့်တစ်တန်လျှင် ယွမ် ၄၄၀၀၀ ရှိကြောင်း မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ ပရဆေးကုန်ကြမ်း တန်ချိန်တစ်သောင်းကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ မတ်လနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄၀ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၅ မျိုးကို တန်ချိန်အားဖြင့် ၃၁၄၄ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၃၇၅၃ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၆၀၉ တန်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ နန္နွင်းတက်၊ နန္နွင်းခေါင်း၊ဆီးဆန်၊ ဆီးဖတ်၊ ဆီးသီးခြောက်၊ ချင်းခြောက်၊ စကားပန်းပွင့်ခြောက်၊ နှံ့စားပြောင်း၊ နာနတ်လျှော်၊ မာလာဥခေါင်း၊ ဒရင်ကောက်မြစ်နဲ့ချဉ်ပေါင်ဖာလာအခွံပါတို့ဖြစ်ပါတယ်။ မတ်လတစ်လလုံး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း တန်ချိန် ၁၂၀၀၀ ကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## Energy NYMEX 5-4-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 62.07 | -0.03 | -0.05 |
| Brent Crude Futr (USD/bbl) | 69.22 | -0.18 | -0.26 |
| Gasoline Rbob Fut (Cent/gal) | 192.84 | -1.15 | -0.59 |
| Natural Gas Futr (USD/MMBtu) | 2.64 | 0.00 | -0.19 |
| Heating Oil Futr (Cent/gal) | 201.18 | -0.16 | -0.08 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 1-April | 15.12 | 3015.73 | 1911.93 | 6534.42 | 852.00 |
| 2-April | 15.05 | 2989.73 | 1876.71 | 6476.45 | 849.00 |
| 3-April | 15.15 | 2987.74 | 1871.64 | 6486.59 | 858.00 |
| 4-April | 15.10 | 3011.99 | 1863.92 | 6485.05 | 873.00 |
| 5-April | 15.12 | 2978.04 | 1872.74 | 6433.26 | 889.00 |

## ပြည်တွင်းငွေလဲနှုန်း ဈေးငြိမ်နေခဲ့သည့်ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဧပြီလပထမပတ်အတွင်း ဈေးနှုန်းကျဆင်းခဲ့သလိုအတက်အကျလည်း နည်းခဲ့ကြောင်း စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို မတ်လနောက်ဆုံးပတ်က အမေရိကန် တစ်ဒေါ်လာလျှင်၁၅၁၄ကျပ် သတ်မှတ်ခဲ့ရာမှ ဧပြီလပထမပတ်တွင် ၁၅၀၆ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ရွှေဈေးနှုန်းများ ကျဆင်းနေသော်လည်း ဒေါ်လာဈေးမှာ ထင်သလောက်မကျလာခဲ့ကြောင်း၊ ဒေါ်လာဝယ်လိုအားမှာ သွင်းကုန် များပြားနေခြင်းကြောင့် ကျဆင်းလာခြင်းမရှိကြောင်း၊ ရန်ကုန်ဈေးကွက်အတွင်း ဒေါ်လာငွေကြေးကို ရောင်းလိုအားနည်းသလို ဝယ်လိုအားလည်း နည်းခဲ့သဖြင့် အရောင်းအဝယ်ဖြစ်မှုလည်းနည်းခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတကာဈေးကွက်တွင်လည်း အမေရိကန်-တရုတ်ကုန်သွယ်ရေးပဋိပက္ခဖြေ ရှင်းနိုင်မှုအလားအလာကောင်းများပေါ် ထွက်လာခြင်းနှင့်အတူ ရေနံဈေးများကျဆင်းခဲ့ရာမှ ဒေါ်လာဈေးမှာပြန်လည်မြင့်တက်ခဲ့ခြင်းရှိခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဧပြီ၁ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၀ကျပ်၊ ဝယ်ဈေး ၁၅၀၆ကျပ်မှ ဧပြီ ၃ရက်မှ စတင်ကာ အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၀၈ကျပ်၊ ဝယ်ဈေး ၁၅၀၄ဖြင့် ရက်သတ္တပတ်ကုန်ဆုံးချိန်အထိ ဈေးနှုန်းအတက်အကျနည်းခဲ့ကြောင်း သတင်းရရှိသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးနှုန်း ထပ်မံကျဆင်း

ပြည်တွင်းရွှေဈေးသည် ယခုရက်သတ္တပတ်အတွင်း ဈေးထပ်မံကျဆင်းခဲ့ကြောင်းသတင်းရရှိသည်။ မတ်လ နောက်ဆုံးပတ်အတွင်း ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၇၀၀၀ရှိခဲ့ရာမှ ဧပြီလ ပထမပတ်တွင်တော့ ကျပ် ၁၀၄၂၀၀၀သို့ ထပ်မံကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးက အနည်းငယ်ထပ်ကျတယ်။ အရင်က ပြောနေသလိုပဲ နှစ်သစ်ကူးကာလဖြစ်နေတော့ အဝယ်လိုက်လာအောင် အကျဈေးဖြစ်နေတယ်လို့ ယူဆလို့ရတယ်။ သင်္ကြန်မတိုင်ခင်အထိတော့ ရွှေကို လူတိုင်းကိုင်ထားနိုင်မယ်လို့မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီသင်္ကြန်ပိတ်ရက်ရှည်ရှိတာတွေ၊ ခရီးသွားလာမယ့်မိသားစုတွေရှိလာနိုင်တာမို့ ဈေးကွက်ကအေးမြအေးနေနိုင်တယ်။ ကမ္ဘာ့ရွှေဈေးကွက်မှာလည်း ရေနံဈေးကျရာကနေ ရွှေပါလိုက်ထိပြီး ရွှေဈေးကျသွားတယ်" ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဧပြီ ၁ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၄၆၀၀၀ရှိခဲ့ရာမှ ဧပြီ ၃ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၄၀၀၀သို့ကျဆင်းခဲ့ရာမှ ဧပြီ ၅ရက်တွင်လည်း ကျပ်၁၀၄၂၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဧပြီ၁ ရက်က ရွှေတစ်အောင်စလျှင် ၁၂၉၀အ မေရိကန်ဒေါ်လာရှိခဲ့ရာမှ ဧပြီ ၃ရက် တွင်တစ်အောင်စလျှင် ၁၂၉၃အမေရိကန်ဒေါ်လာသို့ဈေးတက်ခဲ့သော်လည်း ဧပြီ ၅ရက်တွင် ၁၂၈၉ အမေရိကန်ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## YSX ရှိ အစုရှယ်ယာများ ဈေးငြိမ်နေခဲ့သော ရက်သတ္တပတ်

ရန်ကုန် စတော့အိတ်ချိန်းဈေးကွက်ရှိ အစုရှယ်ယာဈေးနှုန်းများမှာ ယခုရက်သတ္တပတ်အတွင်း ဈေးအတက်အကျဖြစ်ပေါ်မှု နည်းပါးခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း(YSX)က ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ယခုရက်သတ္တပတ်အတွင်း ဧပြီ ၂ရက်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော အစုရှယ်ယာအရေအတွက်မှာ ၁၁၂၇၆ စုဖြစ်ပြီး ဧပြီ ၃ရက်တွင် ၂၁၇၃စု၊ ဧပြီ ၄ရက်တွင် ၆၄၇၁စုနှင့် ဧပြီ ၅ရက်တွင် ၄၄၆၄စု အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်စတော့အိတ်ချိန်း၏ ယခုရက်သတ္တပတ်ဈေးကွက်ပိတ်ချိန်တွင် FMI အစုရှယ်ယာတစ်စုလျှင်ကျပ် ၈၇၀၀၊ MTSHအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၈၅၀၊ MCBအစုရှယ်ယာတစ်စုလျှင် ကျပ် ၇၂၀၀၊ FPBအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၀၅၀၀နှင့် TMHအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၆၅၀ဖြင့်ဈေးပိတ်ခဲ့ရာ ဧပြီလဆန်းဈေးကွက်ဖွင့်ချိန်နှင့်နှိုင်းယှဉ်ပါက FMI အစုရှယ်ယာ၊ MTSH အစုရှယ်ယာနှင့် TMHအစုရှယ်ယာတို့မှာ ဈေးငြိမ်နေခဲ့ကြောင်း၊ MCB အစုရှယ်ယာမှာ ကျပ်၁၀၀ တိုးတက်ခဲ့ပြီး FPBအစုရှယ်ယာမှာ ကျပ် ၅၀၀ ကျဆင်းခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Group တို့မှ ပူးပေါင်းတည်ထောင်ခဲ့ပြီး ယခုနှစ်မတ်လအတွင်း အစုရှယ်ယာရောင်းဝယ်မှု သုံးနှစ်ပြည့်မြောက်ခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

April 5, 2019

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.40 |
| BDT Bangladesh Taka | 84.31 |
| CAD Canada Dollars | 1.34 |
| CNY China Yuan Renminbi | 6.72 |
| EUR Euro | 0.89 |
| H KDHong Kong Dollars | 7.85 |
| I NR India Rupees | 69.22 |
| I DR Indonesia Rupiahs | 14158.20 |
| JPY Japan Yen | 111.69 |
| MYR Malaysia | 4.08 |
| PKR Pakistan Rupees | 141.54 |
| PHP Philippines Pesos | 52.15 |
| RUB Russia Rubles | 65.46 |
| SGD Singapore Dollars | 1.35 |
| KRWSouth Korea Won | 1136.67 |
| LKR Sri Lanka Rupe | 174.63 |
| THB Thailand Baht | 31.89 |
| GBP United Kingdom Pounds | 0.76 |
| VND VietnamDon | 23229.50 |

*Source:xe.com*

## World Gold Price

April- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 1 | 1297 | 1295 | 1295 |
| 2 | 1291 | 1290 | 1290 |
| 3 | 1297 | 1295 | 1295 |
| 4 | 1296 | 1295 | 1294 |
| 5 | 1293 | 1292 | 1291 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 1-4- 2019 | 1049.00 | 1048.50 |
| 2-4- 2019 | 1044.00 | 1042.50 |
| 3-4- 2019 | 1042.50 | 1041.50 |
| 4-4- 2019 | 1043.50 | 1042.80 |
| 5-4- 2019 | 1042.50 | 1042.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဧပြီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 1 | 6.71 | 31.74 | 83.82 | 69.07 |
| 2 | 6.72 | 31.78 | 84.09 | 68.89 |
| 3 | 6.71 | 31.74 | 84.19 | 69.18 |
| 4 | 6.71 | 31.79 | 84.21 | 69.24 |
| 5 | 6.72 | 31.89 | 84.31 | 69.22 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၀၀၀၀ကျော်ဝင်

မတ်လ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၀၁၆၀၀ တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၀၁၄၅ ဒသမ ၂၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှစိန် ဘိလပ်မြေ တစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၄၅၆၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၅၅၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

မတ်လ ၂၃ ရက်မှ ၂၉ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၆၄၅၀ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန်၁၂၃၃၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၄၁၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** သင်္ကြန်နားနီးလာတာကြောင့် အရောင်းအဝယ်က ပိုသွက်လာတယ်လို့ သိရပါတယ်။ ကြံ့နှစ်ကောင်(စိမ်း)က ပစ္စည်းပြတ်နေပြီး ကြံ့နှစ်ကောင်(အပြာ)က ဈေးကွက်ထဲဝင်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့နှစ်ကောင် (နီ)က ကျပ် ၁၀၀၀၊ (စိမ်း)က ကျပ် ၉၅၀ ဈေးမြင့်လာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၅၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်) ၅၁၅၀ ကျပ်၊ ကြံ့နှစ်ကောင် (အနီ) ကျပ်၅၃၅၀၊ ကြံ့နှစ်ကောင်(အစိမ်း) ကျပ် ၄၈၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း)ကျပ် ၇၇၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ကြံ့ကျပ် ၅၀၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊အပါချီ ကျပ် ၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အယ်လ်ဖာဘိလပ်မြေကကျပ် ၁၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၆၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ရေလမ်းမှမြေသြဇာဆက်တိုက်ဝင်အားကောင်း

မတ်လ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၂၅၄၀၀၇ တန်ဖိုးရှိ မြေသြဇာ ၃၁၀၃၂ ဒသမ ၄၄၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၂၁၀ တန်၊ တရုတ်နိုင်ငံမှ ၁၅၂ တန်၊ ဂျာမနီနိုင်ငံမှတန်ချိန် ၅၄၀၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၀၀၀ ဒသမ ၂၀၅ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၁၅၀၀၊ ဂျပန်နိုင်ငံမှ တန်ချိန် ၁၁၀၀၊ မလေးရှားနိုင်ငံမှ ၂၂၁၇၅ ဒသမ ၅၆ တန်၊ နော်ဝေနိုင်ငံမှ ၁၉၈ ဒသမ ၇၈ တန်၊ ရုရှားနိုင်ငံမှ ၅၀၃ ဒသမ ၂၈ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၂၂ ဒသမ၆၂တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ တန်ချိန် ၄၂၀နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ ပိုတက်ဆီယမ်နိုက်ထရိတ်၊ ကွန်ပေါင်း၊ ယူရီးယားနဲ့အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေသြဇာ တန်ချိန် ၃၅၀၉၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ မတ်လမှာသီတင်းတစ်ပတ်ကိုမြေသြဇာတန်ချိန် ၂၅၀၀၀ကျော် ၃၀၀၀၀ ကျော် အဝင်ရှိခဲ့တာကြောင့် မတ်လမှာမြေသြဇာဆက်တိုက်ဆိုသလို ဝင်အားကောင်းခဲ့ပါတယ်။

# မြေသြဇာဈေးကွက်အရောင်းအေး

မတ်လ ၂၃ ရက်မှ ၂၉ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၃၄၂၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၅၀၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၁၉၁၇၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** သင်္ကြန်နားနီးလာတာကြောင့် အရောင်းအဝယ်တွေ ပိုကောင်းလာတယ်။ ဒါပေမဲ့ ဈေးကတော့ မပြောင်းဘူး၊ ငြိမ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အကြီး (ထိုင်း)မြင်းပျံ ကျပ်၃၀၀၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း(အစိမ်း) (၁၅း၁၅း၁၅) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက်(မြန်မာသြဘာ)ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြွားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ်က အေးနေဆဲပါလို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် ယူရီးယားက ကျပ် ၆၀၀၊ ပန်းသီးစုံ၊ မြွားသီးစုံက ကျပ် ၁၀၀၊ အာမို(၁၀း၁၀း၅)က ကျပ် ၃၀၀၊ ပိုတက်က ကျပ် ၈၀၀ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်လို့ သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၇၁၀၀၊တီစူပါ (၄၆%) တရုတ် ကျပ် ၂၂၅၀၀၊မြွားသီးစုံ ကျပ် ၁၆၂၀၀၊ ပန်းသီးစုံ ကျပ် ၁၆၆၀၀၊ အာမို(၁၀း၁၀း၅) ကျပ် ၁၇၃၀၀၊ အာမို(၁၆း၁၆း၈) ကျပ် ၁၆၅၀၀၊ အာမို(၁၅း၁၅း၁၅)ကျပ် ၄၀၅၀၀၊ ပိုတက် ကျပ် ၂၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်က ဆက်လက်အေးနေဆဲပဲလို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ်မှာ တီစူပါ(၁၀း၁၀း၅)က ကျပ် ၂၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင် -တရုတ်) ကျပ် ၂၇၇၀၀၊ တီစူပါ၂၀% (တရုတ်)ကျပ်၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ (၁၅း၁၅း၁၅)(တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ(၁၀း၁၀း၅) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၇၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြွားကမ္ဘာ ကျပ် ၁၇၂၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀တို့ဖြစ်တယ်လို့သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီရောနို့မှုန့်ပါ အဝင်ပို

မတ်လ ၂၄ ရက်မှ ၃၀ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၇၆၀၀ တန်ဖိုးရှိ နို့ဆီ ၂၈၄ ဒသမ ၅၄၄ တန်ကို ရေလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ဒွန်းနို့ဆီ တစ်မျိုးသာ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၂၁၀ ကျော်သာ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၃၅၈၀၂၇ တန်ဖိုးရှိ နို့မှုန့် ၁၅၂ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၅၀ ကျော်သာတင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၁၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၃ မှ ၂၉/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၃ မှ ၂၂/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇.၀၀ | ၅၄.၀၀ | (-) ၃၇.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၁၀၆၇.၅၀ | - | (+) ၁၀၆၇.၅၀ |
| ၅။ | တာချီလိတ် | ၁၁၀၅၀.၀၀ | ၉၀၀၀.၀၀ | (+) ၂၀၅၀.၀၀ |
| ၆။ | မြဝတီ | - | - | - |
| ၇။ | ကော့သောင်း | ၁၀၀.၀၀ | ၀၅.၀၀ | (+) ၁၅.၀၀ |
| ၈။ | မြိတ် | ၃၄၂၅.၀၀ | ၂၄၀၀.၀၀ | (+) ၁၀၂၅.၀၀ |
| | စုစုပေါင်း | ၁၆၄၅၉.၅၀ | ၁၂၃၃၉.၀၀ | (+) ၄၁၂၀.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၃ မှ ၂၉/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၃ မှ ၂၂/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၅၀၉၁.၀၉ | ၃၀၉၆.၆၀ | (+) ၂၁၁၉၅.၂၉ |
| ၂။ | လွယ်ဂျယ် | ၀၆.၀၀ | ၀၂.၀၀ | (+) ၄.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၇၂၄.၇၅ | ၃၄၃၁.၂၀ | (+) ၂၉၃.၅၅ |
| ၄။ | ကန်ပိုက်တီ | ၃၃၄၇.၀၀ | ၂၇၀၃.၀၀ | (+) ၅၆၄.၀၀ |
| ၅။ | မြဝတီ | - | - | - |
| ၆။ | ကော့သောင်း | - | - | - |
| ၇။ | မြိတ် | ၁၂၀.၀၀ | - | (+) ၁၂၀.၀၀ |
| ၈။ | ရိုဒ် | ၁၉၀၀.၀၀ | ၄၉၀၀.၀၀ | (-) ၃၀၀၀.၀၀ |
| ၉။ | တမူး | - | - | - |
| | စုစုပေါင်း | ၃၄၂၆၉.၆၄ | ၁၅၀၉၂.၀၀ | (+) ၁၉၁၇၆.၀၄ |

ခင်မိုးသူ

# ဧရာဝတီတိုင်းဒေသကြီး ပြည်ပပို့ကုန်သီဟိုဠ်ဈေးကွက်အရောင်းအဝယ်သွက်

ဧရာဝတီတိုင်းဒေသကြီး ပြည်ပပို့ကုန်များတွင် တစ်ခုအပါအဝင်ဖြစ်သော နှစ်ရှည်သီးနှံ သီဟိုဠ်ဈေးကွက်မှာ ရာသီသီးနှံအဖြစ် ဖေဖော်ဝါရီလဒုတိယပတ်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိသည်။ မတ်လမှာ သီဟိုဠ်လှိုင်လှိုင်ပေါ်သည့်အချိန်ဖြစ်ကာ သီဟိုဠ်ရာသီမှာ မိုးမရွာခင်အချိန်အထိ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်၍ ဧပြီ/မေမိုးရွာသွန်းချိန် သီဟိုဠ်စေ့မှာ မိုးမိလျှင် ရေဝင်ကာ အသီးမှာ မဲသွားပြီး အရည်အသွေးကျဆင်းကာ ဈေးကွက်အရောင်းအဝယ်နည်းပါး၍ သီဟိုဠ်ရာသီပြီးဆုံးသွားကြောင်း ဈေးကွက်မှသိရသည်။

တိုင်းအတွင်း သီဟိုဠ်စိုက်ဧက ၆၅၉၃၃ ကျော်ရှိပြီး မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်နှင့်လပွတ္တာခရိုင်အပါအဝင် ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်အတွင်းရှိ ပင်လယ်ပိုင်း ကျေးရွာများအပြင် ချောင်းသာ၊ ငွေဆောင် ကမ်းခြေဒေသပတ်ဝန်းကျင်တွင်လည်း စိုက်ပျိုးလျက်ရှိသည်။ ပုသိမ်မြို့ပေါ်တွင်သရဖူသီဟိုဠ်ကုန်ချောပြုလုပ်သည့် အလုပ်ရုံရှိပြီး ပြည်တွင်းဈေးကွက်နှင့်ပြည်ပသို့လည်း နှစ်စဉ်တင်ပို့ရောင်းချမှုများရှိသည်။ မြို့ပေါ်ရှိသီဟိုဠ်စေ့ကုန်ကြမ်းဝယ်ယူသည့် ဒိုင်(၅/၆)ဒိုင်မှ ဝယ်ယူရရှိသော သီဟိုဠ်စေ့ကုန်ကြမ်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့၍ရန်ကုန်သီဟိုဠ်ခွဲစက်များမှတစ်ဆင့် ကုန်ချောပြုလုပ်ကာ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သီဟိုဠ်စေ့ကုန်ချောမှာ လုံးချော၊ ခြမ်းဝိုင်း(၂)မျိုးရှိပြီး ခြမ်းဝိုင်းကို ရန်ကုန်၊ မန္တလေးမြို့များရှိ ထိုးမုန့်လုပ်ငန်းရှင်နှင့် မုန့်လုပ်ငန်းရှင်များမှ မုန့်ပြုလုပ်ရာ အသုံးပြုလျက်ရှိသည်။ ဒံပေါက်ဆိုင်၊ အအေးဆိုင်များအပြင် ဟိုတယ်များတွင်လည်း ပြည်တွင်းစားသုံးမှုအနေဖြင့် ဈေးကွက်မှာ ရောင်းချမှုရှိသည်။ ပြည်ပဈေးကွက်သို့ လုံးချောအဆင့်သာ တင်ပို့ရောင်းချမှုရှိကြောင်း၊ သီဟိုဠ်စေ့မှာ ဓာတ်မြေဩဇာမသုံးသော သဘာဝအော်ဂဲနစ်သီးနှံဖြစ်၍စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းမှုရှိကြောင်း၊ ယခုနှစ် သီဟိုဠ်ပေါ်ချိန် တစ်ပိဿာကို ကျပ် ၃၁၀၀ ဈေးနှုန်းဖြင့် ဈေးကွက်သို့ဝင်ရောက်မှုရှိသော်လည်း ယခု မတ်လ သီဟိုဠ်အထွက်လှိုင်ချိန်တစ်ပိဿာကို ကျပ် ၄၁၀၀ ဈေးနှုန်းဖြစ်သွား၍ သီဟိုဠ်စိုက်တောင်သူများ ဈေးကောင်းရပြီး သီဟိုဠ်ရာသီပြီးဆုံးကုန်ခါနီး ဧပြီ/မေလလောက် မိုးရွာသွန်းလျှင် သီဟိုဠ်စေ့ဈေးနှုန်းကျဆင်းနိုင်ကြောင်း ပုသိမ်မြို့ပေါ်ရှိသီဟိုဠ်စေ့အဝယ်ဒိုင်မှသိရသည်။ **ဧရာမြေ**

# ပြည်ပဈေးကွက်သို့ ချင်း(ဂျင်း)တင်ပို့မှုမြင့်တက်လာ



လယ်ယာထွက်ကုန်ပစ္စည်းများတွင်ပါဝင်သော ချင်း(ဂျင်း)ကို ပင်လယ်ရေကြောင်းမှ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့်ကိုရီးယားနိုင်ငံများသို့ တင်ပို့နေပြီး တစ်ပတ်ကို တန်ချိန် ၉၈၀ ခန့်တင်ပို့ နေကြောင်းသိရှိရပါသည်။

ချင်း(ဂျင်း)ကို ရှမ်းပြည် တောင်ပိုင်းထွက် တောင်ပေါ်ဒေသနှင့်မြေပြန့်ဒေသအလိုက် အရည်အသွေးအနည်းငယ် ကွာခြားပြီး ကလောဒေသမှ ထွက်ရှိသော ချင်း(ဂျင်း)သည် ကျစ်၍အသားမာပြီး အနံ့ပိုပြင်းကာ မြေပြန့်ဒေသမှ ထွက်ရှိသောချင်း(ဂျင်း)သည် ကြီးမား၍ အသားပွကာ အနံ့မပြင်းသည့်အတွက် စားသုံးသူများပို၍ ကြိုက်နှစ်သက်ကြသည်။ ဟင်္သာတခရိုင်တွင် စိုက်ပျိုးသည့် ချင်း(ဂျင်း)မျိုးများမှာ မြန်မာချင်းဖြူ (အောက်ချင်း)မျိုးဖြစ်သည်။ အနံ့ရှိပြီး အမျှင်နည်း၍ ဆေးဖက်ဝင် အမျိုးအစားဖြစ်ကာ ချင်း(ဂျင်း)တက် အရောင်ပေါ် မူတည်၍ အဓိကနှစ်မျိုးရှိသည်။ အတက်မရမ်းနီရောင်(တစ်ရှူးပြာရောင်)မျိုးနှင့်အတက်အရောင်မဲ့(တစ်ရှူးဝါ)ဖြစ်သည်။

ချင်း(ဂျင်း)ပင်သည် တစ်နှစ်ခံပင်ပျော့မျိုးဖြစ်သည်။ ချင်း(ဂျင်း)ကို မြန်မာနိုင်ငံ အနှံ့အပြားတွင် စိုက်ပျိုးကြပြီး တောင်ပေါ်ဒေသများတွင် ပိုမိုစိုက်ပျိုးကြသည်။ ချင်း(ဂျင်း)ကို ဟင်းခတ်အမွှေးအကြိုင်အပြင် ဘယဆေးအဖြစ်လည်း အသုံးပြုပါသည်။ မြန်မာတိုင်းရင်းဆေး တော်တော်များများတွင် ပါဝင်ပြီး ရာသီဖျား၊ တုတ်ကွေးရောဂါများအတွက် အသုံးပြုပါသည်။ မီးဖိုချောင်မှလွယ်လင့်တကူ ရရှိနိုင်သော မြန်မာ့ဆေးတစ်လက်ဖြစ်ပါသည်။

ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်ရန် ပြည်တွင်းစားသုံးမှုဖူလုံကာဈေးနှုန်းလည်း တည်ငြိမ်သောကြောင့် Export ပြုလုပ်ရန်ကောင်းသောပစ္စည်းဖြစ်ပါသည်။ စိုက်ပျိုးသူတောင်သူများအနေဖြင့် လက်ရှိဈေးကွက်ခိုင်မာရန်နှင့် ဈေးကွက်သစ်များရရှိစေရန် အရည်အသွေးပြည့်မီသည့် ချင်း(ဂျင်း)များထုတ်လုပ်ရန် လိုအပ်ပါသည်။ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားနှစ်စဉ် တိုးတက်နေသောကြောင့် နိုင်ငံတကာစားသုံးမှုမှာလည်း တိုးမြင့်လျက်ရှိပါသည်။အိမ်နီးချင်းနိုင်ငံများတွင် တိုးမြင့်စိုက်ပျိုးထုတ်လုပ်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ပြည်ပဈေးကွက်အားထိုးဖောက်ဝင်ရောက်နိုင်ရန် ချင်း(ဂျင်း)ခြောက်၊ Ginger Slide နှင့် Value Added ပြုလုပ်၍သော်လည်းကောင်း၊ အော်ဂဲနစ်ချင်း(ဂျင်း)အမျိုးအစားဖြင့်လည်းကောင်း တိုးမြှင့်တင်ပို့နိုင်ရန် လိုအပ်သောအမယ်တစ်ခုဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**ခင်မြနွယ်**
**MYANTRADE (TIR)**

# နယ်စပ်စခန်းစုံမှ ပြောင်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ မတ်လနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၇ သန်းတန်ဖိုးရှိ ပြောင်း ၄၂၃၂ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၂၈၃ တန်ကျော်၊ လွယ်ဂျယ်မှ ၁၅၂၃ တန်ကျော်၊ ချင်းရွှေဟော်မှ ၂၃၄ တန်ခွဲ နဲ့ ကန်ပိုက်တီမှ တန် ၁၉၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ပြောင်း ၃၈၁၇ တန်သာတင်ပို့ခဲ့တဲ့အတွက် ၄၁၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ မတ် ၂၃ ရက်မှ ၂၉ ရက်အတွင်း ပြောင်းတစ်တန်လျှင် ကျပ် ၂၄၀၀၀၀ ဈေးရှိကြောင်း၊ မူဆယ်သို့အဆိုပါသီတင်းပတ်အတွင်း ပြောင်းကားအစီး ၇၀ ဝင်ရောက်ခဲ့ကြောင်း၊ မတ်လတစ်လလုံး တရုတ်နိုင်ငံသို့ပြောင်းတန်ချိန်တစ်သောင်းခွဲတင်ပို့ခဲ့ကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီမှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉၈ တန်ဖိုးရှိ ပြောင်း ၁၀၁၂၅ တန်ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးမှ အမေရိကန်ဒေါ်လာ ၅၆၇ တန်ဖိုးရှိ ပြောင်းဖူးစေ့ ၃တန်ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၅-၄-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၇၀၀ | ▽ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၈၀၀ | △ |
| မုံရွာ | ၅၈၀၀ | ၅၈၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၅-၄-၂၀၁၉ US$/Ton

| အမျိုးအစား | မတ်လစတုတ္ထပတ် | ဧပြီပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၁၀.၅၀ | ၅၁၀.၀၀ | ▽ |
| RBD P.Olein | ၅၁၆.၀၀ | ၅၁၉.၀၀ | △ |
| RBD P.Stearin | ၅၀၀.၅၀ | ၄၉၀.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၅-၄-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၁၄.၉၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၀၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၆၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၁.၂၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၂.၈၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၃၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၆၀.၄၉၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၅-၄-၂၀၁၉နေ့ (CIF ဈေး Cloud Point 8 ˚C Max 575 ဒေါ်လာနှင့် USD ဈေး ၁၅၀၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၅-၄-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၀၆ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## မောတောင်ကုန်သွယ်ရေးစခန်းမှ ၂၀၁၉ခုနှစ်၊ မတ်လ ကုန်သွယ်မှုလျှာထားချက်အပေါ် ၂၇၅ ဒသမ ဝ၇ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့

မောတောင်ကုန်သွယ်ရေးစခန်း၏ ၂၀၁၉ ဘဏ္ဍာနှစ်၊ မတ်လအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၆ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ၆၂၇ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၃ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၂၇၅ ဒသမ ဝ၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုည ဒသမ၂၉၇ သန်းနှင့်သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၃ သန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အနေဖြင့် သုည ဒသမ ၆၈၁ ဒေါ်လာ သန်းပိုမိုခဲ့ပါသည်။ အနီးစပ်ဆုံးကာလဖြစ်သည့် ဖေဖော်ဝါရီလနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၂၂ သန်း၊ သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၉ သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှု ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၀ သန်း လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၉ မတ်လကုန်သွယ်မှုပမာဏမှာ ကာလတူ ၂၀၁၉ မတ်လနှင့် အနီးစပ်ဆုံးကာလ ဖြစ်သည့် ၂၀၁၈ မတ်လ ကုန်သွယ်မှုပမာဏများနှင့် နှိုင်းယှဉ်ရာတွင် ကုန်သွယ်မှုပိုမိုခဲ့ရခြင်းမှာ ပို့ကုန်တင်ပို့မှုပိုင်းတွင် လယ်ယာထွက်ပစ္စည်းအုပ်စုဖြစ်သည့် ကြက်သွန်နီ၊ ရေထွက်ပစ္စည်းများအုပ်စုတွင် ငါးမျိုးစုံနှင့် ကဏန်းများ၊ သစ်တောထွက်ပစ္စည်းအုပ်စုတွင် ဓနိစသည်တို့ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့်လည်းကောင်း၊ သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တစ်ပိုင်တစ်နိုင် ITCကတ်ဖြင့် မော်တော်ဆိုင်ကယ်များ၊ လုပ်ငန်းသုံးကုန်ကြမ်းအုပ်စုတွင် ကတ္တရာ၊ သံနှင့်သံမဏိပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် သစ်သီးများနှင့်မီးဖိုချောင်သုံးသီးနှံများ တင်သွင်းမှု ပိုမိုခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။

ယခုအခါ မြိတ်အများပိုင်ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်နေသော ထုံခါ-သံဖြူ-မောတောင်လမ်း (၄၈/၂) မိုင် ကတ္တရာလမ်းခင်းခြင်းမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သောကြောင့် ကုန်သွယ်မှုလမ်းကြောင်း တစ်နှစ်ပတ်လုံး အသုံးပြုလာနိုင်မည်ဖြစ်ရာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများအပြင် အခြားဒေသများမှ ဒေသထွက်ကုန်ပစ္စည်းများကို မြိတ်-မောတောင် (၁၁၈) မိုင်ကျော်အား အချိန်တိုအတွင်း မြန်ဆန်စွာ ကုန်စည်စီးဆင်းလာနိုင်မည်ဖြစ်သဖြင့် နောက်လာမည့်ကာလများတွင် ကုန်သွယ်မှုလုပ်ငန်းများ ယခုကာလများထက် တိုးတက်လာနိုင်ကြောင်း တွေ့ရှိရပါတယ်။

**စောရန်နိုင်(မောတောင်)**

## ရင်းနှီးမြှုပ်နှံမှုညီလာခံကို ဟိုချီမင်းမြို့တွင် လက်ခံကျင်းပမည်

မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာ ညီလာခံတစ်ရပ် ကျင်းပမည့်အစီအစဉ်များကို ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီက ကြေညာခဲ့ပါကြောင်း သိရှိရပါတယ်။

အဆိုပါကျင်းပတော့မည့် ညီလာခံက ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ဖို့မျှော်လင့်ထားသူများအား ဟိုချီမင်းမြို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့်အခွင့်အရေးများကို မိတ်ဆက်ဖို့ ရည်ရွယ်ထားပါကြောင်း Bao-dauthau.vn ၏ အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။

အွန်လိုင်းသတင်းစာကလည်း ပြောဆိုထားသည့်အတိုင်း ကော်မတီကို ရည်ညွှန်းကာ ၎င်းတို့ပရောဂျက်များကို အကောင်အထည်ဖော်ဆောင်နေမှုအတွင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့် ရင်းနှီးမြှုပ်နှံသူများကိုလည်း ကူညီလိမ့်မည်ဖြစ်ပါကြောင်း သိရှိရပါတယ်။

ပြည်တွင်းအာဏာပိုင်များမှ ထိရောက်သော အကူအညီများနှင့် ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုအခြေအနေများက ၂၀၁၈ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ၆၃ ဒေသများအကြား နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မှုတွင် ဟိုချီမင်းမြို့က ဦးဆောင်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ပြီးခဲ့သောနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးစီးပွားရေးဗဟိုက ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ချက်အရ ရင်းနှီးမြှုပ်နှံမှုတွင် ၆၇ ရာခိုင်နှုန်းကျဆင်းသော်လည်း၊ အရေအတွက်တွင် ၂၂ရာခိုင်နှုန်းတိုးတက်လာသော စုစုပေါင်း မှတ်ပုံတင်ထားသော ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇၈၅သန်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံထားသော ပရောဂျက် ၁၀၂၉ ခုသို့ လိုင်စင်များ ခွင့်ပြုပေးခဲ့ပါကြောင်း သိရှိရပါတယ်။

တစ်ချိန်တည်းမှာပင် နှစ်စဉ်ပရောဂျက်အရေအတွက် ၂၂ ရာခိုင်နှုန်း တိုးတက်မှုအရ အမေရိကန်ဒေါ်လာ ၇၃၆ ဒသမ ၃ သန်းဖြင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဖို့ ဟိုချီမင်းမြို့က လုပ်ငန်းဆောင်ရွက်နေသော ပရောဂျက် ၂၃၆ ခုကို ခွင့်ပြုခဲ့ကြောင်း၊ နှစ်စဉ် ၈၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မှုဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၅ ဒသမ ၈၇ ဘီလီယံရှိသော ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ဝေစုများကို ဝယ်ယူရန်နှင့်ရင်းနှီးမြှုပ်နှံမှုကို ကူညီပေးရန်အတွက် ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကိုလည်း ခွင့်ပြုပေးခဲ့ပါတယ်။

ဒေသအတွင်း ရင်းနှီးမြှုပ်နှံတိုးတက်ဖို့ ကုမ္ပဏီများကို လိုအပ်သည်ထက် ၎င်းတို့၏ပရောဂျက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုအတွင်း ရင်းနှီးမြှုပ်နှံသူများကို ဟိုချီမင်းမြို့က အမြဲတမ်းထောက်ပံ့ကူညီပေးခဲ့ကြောင်းနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုသင့်လျော်မည့် အခြေအနေများကို ဖန်တီးရန် ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို တိုးတက်စေဖို့ ဟိုချီမင်းမြို့က ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဟု အဆိုပါမြို့၏ခေါင်းဆောင်များက ပြောကြားခဲ့ပါသည်။

**ချိုချိုမာ(ရန်ကုန်)**

## မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မတ်လ ကုန်သွယ်မှု

မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မတ်လအတွင်း လုပ်ငန်းကုန်သွယ်မှုဆောင်ရွက်နိုင်မှုအနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၉၈ သန်း၊ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၂၈ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၁၂၆ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ မတ်လလျာထားချက်အနေဖြင့် ပို့ကုန် သုည ဒသမ ဝ၅ဝ သန်း၊ သွင်းကုန် သုည ဒသမ ဝ၂ဝ သန်း စုစုပေါင်း ကုန်သွယ်မှုအနေဖြင့် သုည ဒသမ ဝ၇ဝ သန်းဖြစ်ပြီး လျာထားချက်ထက်ပိုမို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအခါ တစ်ဖက်နိုင်ငံမှ ငရုတ်သီးခြောက်ဝယ်လိုအား ပိုမိုမြင့်တက်မှုကြောင့် ပို့ကုန်အနေဖြင့်ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ သွင်းကုန်အနေဖြင့် လည်း အချိုမှုန့်၊ ကော်ဖီမစ်(Birdy) နှင့် Cleaning Liquid များ အများဆုံးတင်သွင်းခဲ့ပါသည်။ ပွင့်လင်းရာသီ ရောက်သဖြင့် ဆောက်လုပ်ရေးသုံးဖြစ်သော ဘိလပ်မြေတင်သွင်းမှု ပိုမိုလာမည်ဟု မျှော်မှန်းရပါသည်။

ထိုင်းနိုင်ငံဘက်မှ ကုန်သွယ်မှုတိုးတက်လာနိုင်ရေးအတွက်လွိုင်ကော်မြို့နှင့်ထိုင်းနိုင်ငံ မယ်ဆောင်မြို့ကို ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ထားခဲ့ပြီး မယ်စဲ့ကုန်သွယ်ရေးစခန်းကို တရားဝင်နိုင်ငံတော်အဆင့် သတ်မှတ်ပြီး ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင် ရွက်လျက်ရှိပါသည်။

မယ်စဲ့ကုန်သွယ်ရေးစခန်းမှ BP -၁၃ နယ်စပ်ဂိတ်အထိ ၁၅ မိုင် ၄ ဖာလုံလမ်းအား ကတ္တရာလမ်းခင်းခဲ့ပြီး ထိုင်းနိုင်ငံဘက်မှ ဘုရင်းသစ်တောအတွင်း ကျရောက်နေသည့် လမ်းကြမ်း မခင်းရသေးသော ၉ ဒသမ၇ ကီလိုမီတာအား ထိုင်းနိုင်ငံအစိုးရ၏ ခွင့်ပြုချက်ဖြင့် လမ်းခင်းရန် ဆောင်ရွက်နေပြီးဖြစ်၍ ၂၀၁၉ခုနှစ် မတ်လကုန်တွင် ပြီးစီးမည်ဟု သိရှိရပါသည်။ ထို့ပြင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်အပြန်အလှန် ကုန်သွယ်နိုင်စေရေးအတွက် နှစ်နိုင်ငံနယ်စပ်ဈေးအား ၂၀၁၉ ခုနှစ်အတွင်း အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် ထိုင်းနိုင်ငံအစိုးရဘက်မှ ဆောင်ရွက်လျက်ရှိပါသည်။

**အောင်စိုး**

## တရုတ်အကောက်ခွန်အရာရှိများက အသားမှောင်ခိုတင်သွင်းမှုများကို ဖမ်းဆီးလျက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်တုန်းပြည်နယ်မှ အကောက်ခွန်အရာရှိများသည် ဟောင်ကောင်နှင့် မကာအိုရှိ ၎င်းတို့၏မိတ်ဖက်များနှင့် ပူးပေါင်းကာ အေးခဲ အသားမှောင်ခိုတင်သွင်းမှုများကို ဖမ်းဆီးရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြမည်ဟု သိရပါသည်။

ယခုနှစ် နှစ်အစပိုင်းမှစ၍ ဖမ်းဆီးမှုကြီး ၁၂ ခု ပြုလုပ်ခဲ့ရာတွင် အေးခဲအသားနှင့် ဆက်စပ်ကုန်စည် ၁၈၀၀ မက်ထရစ်တန်ခန့်၊ တန်ဖိုး ယွမ် ၄၃ ဒသမ ၁ သန်းခန့် (အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၄ သန်းခန့်) အား ဖမ်းဆီးရရှိခဲ့ပါသည်။ ဖမ်းဆီးခဲ့သော ကုန်စည်များတွင် အမဲသား၊ အမဲဝမ်းတွင်းသား၊ နွားအစာ အိမ်၊ ကြက်ခြေထောက်၊ ဝက်ခြေထောက်များ ပါဝင်ခဲ့ပါသည်။

ဖမ်းဆီးမှုတစ်ရပ်တွင် ဘရာဇီးလ်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံများမှ အေးခဲကြက်သားနှင့် ဝက်ခြေထောက် တန်ချိန် ၇၅၀ ခန့်ဖမ်းဆီးရရှိခဲ့ပြီး ဖေဖော်ဝါရီလ ၂၆ ရက်တွင် ပုလဲမြစ်ဝ၌ ဖမ်းဆီးရရှိခဲ့ခြင်းဖြစ်ပါသည်။ မတ်လ ၁၆ ရက်တွင်လည်း ဂျာမနီနှင့် ဟန်ဂေရီနိုင်ငံများမှ တင်သွင်းလာသည့် အေးခဲဝက်နှင့် ဘဲခြေထောက် တန်ချိန် ၇၅ တန်ခန့်ကို ဖမ်းဆီးရရှိခဲ့ကြောင်းသိရသည်။

ကွမ်တုန်းပြည်နယ်တွင် အေးခဲအသားများ တင်သွင်းလာမှုကို ဖမ်းဆီးရခြင်းမှာ ဒေသအတွင်း၌ အကျိုးအမြတ်များသောလုပ်ငန်းဖြစ်လာကြောင်း အကောက်ခွန်အရာရှိတစ်ဦးဖြစ်သူ Lin Zhichun က ပြောကြားခဲ့ပါသည်။ အကယ်၍ မှောင်ခိုတင်သွင်းသူတစ်ဦးသည် တရုတ်ပြည်မကြီးအတွင်းသို့ အေးခဲအမဲသား မက်ထရစ် (၁)တန်အား အောင်မြင်စွာ တင်သွင်းနိုင်ခဲ့ပါက ယွမ် ၁၅၀၀၀ ခန့်အထိ ရရှိနိုင်သောကြောင့် မကြာသေးမီနှစ်များအတွင်းက အမြတ်များစွာရရှိသည့် မှောင်ခိုလုပ်ငန်းဖြစ်လာကြောင်း သိရှိရပါသည်။ မှောင်ခိုတင်သွင်းလာသည့် အသားများမှာ စားသုံးရန် သင့်လျော်ကြောင်း ကျန်းမာရေးစစ်ဆေးချက်များပြုလုပ်ထားမှုမရှိခြင်း၊ အချို့သောအသားများမှာ ရောဂါဖြစ်ပွားနေသည့်ဒေသများမှ တင်သွင်းလာခြင်းတို့ကြောင့် စိုးရိမ်ရကြောင်း၊ ထို့ကြောင့် ကွမ်တုန်းပြည်နယ်အတွင်း ပြည်နယ်ဖြတ်ကျော်တင်သွင်းလာသည့် မှောင်ခိုဂိုဏ်းများကို ဖြိုခွဲသွားရန်မှာ အဓိကဦးစားပေးဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေး၊ ဈေးကွက်အစီအစဉ်နှင့်ပြည်သူများ၏ ကျန်းမာရေးတို့အတွက် စိတ်ချသေချာရစေရန် ရဲဌာန၊ ငါးလုပ်ငန်းအာဏာပိုင်များအပါအဝင် ပြည်တွင်းဥပဒေများကို အသက်ဝင်စေသည့် ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း Lin က ထည့်သွင်းပြောကြားခဲ့သည်။

ကွမ်တုန်းပြည်နယ်သည် တရုတ်နိုင်ငံ၏ တောင်ပိုင်းတွင် တည်ရှိသည့် လူဦးရေ အထူထပ်ဆုံးပြည်နယ်တစ်ခုဖြစ်ပြီး ကန်တုံဟုလည်း လူသိများပါသည်။ ၎င်းပြည်နယ်တွင် အဓိကပင်လယ်ဆိပ်ကမ်းတည်ရှိခြင်း၊ သယ်ယူပို့ဆောင်ရေး အချက်အချာဖြစ်ခြင်းတို့ကြောင့် မှောင်ခိုတင်သွင်းလာမှုများလည်း ဝင်ရောက်လာခြင်းဖြစ်ပါသည်။

ကွမ်တုန်းပြည်နယ်တွင် ကြပ်မတ်ဆောင်ရွက်နေသကဲ့သို့ ယူနန် ပြည်နယ်အပါအဝင် တရုတ်နိုင်ငံ၏ အခြားပြည်နယ်များတွင်လည်း အေးခဲအသားများ မှောင်ခိုတင်သွင်းလာမှုများအား ကြပ်မတ်သွားနိုင်သည်ဟု သုံးသပ်သိရှိ ရပါသည်။

**ရင်းမြစ်။ Chinadaily**
**ဒေါက်တာရွှေစင်ကို**

# တညင်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

ယခုတစ်ပတ် မတ် ၂၅ ရက်မှ ၃၁ ရက်အတွင်း အင်းစိန်မြို့နယ်၊ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ ဝင်ရောက်မှုအခြေအနေမှာ လက်ကားဈေးနှုန်းများအနေဖြင့် ခရမ်းချဉ်သီး ထိုင်ဝမ် တစ်ပိဿာ ကျပ် ၇၀၀ မှ ၁၀၀၀ အတွင်း၊ ခရမ်းချဉ်သီး(ကိုင်း) တစ်ပိဿာကျပ် ၉၀၀ မှ ၁၀၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာ ကျပ် ၂၁၀၀ မှ ၂၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၄၀၀ မှ ၅၅၀ အတွင်း၊ ဘူးသီး(တစ်လုံး) ကျပ် ၆၀၀ မှ ၁၂၀၀ အတွင်း၊ ခရမ်းသီး(မီးဖုတ်ခရမ်း)(တစ်လုံး) ကျပ် ၂၀၀ မှ ၃၀၀ အတွင်း၊ မုန်လာဥ(ဖြူ) (စီး) ကျပ် ၁၈၀ မှ ၂၀၀ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀ မှ ၂၃၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး) ကျပ် ၄၀ မှ ၆၀ အတွင်း၊ ပဲသီး(စီး) ကျပ် ၁၂၀ မှ ၁၇၀ အတွင်း၊ ရုံပတီသီး (တောင့်)ကျပ် ၁၀ မှ ၁၂ အတွင်း ဈေးအသီးသီးရှိပြီး ယင်းဟင်းသီးဟင်းရွက်များမှာ သင်္ကြန်နားနီး၍ ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းမြင့်တက်နေကြောင်း သိရပါတယ်။

ကျန်သီးနှံများ၏ ဈေးနှုန်းမှာ အာလူးတစ်ပိဿာ ကျပ် ၆၅၀ အတွင်း၊ မုန်လာဥ(နီ) တစ်ပိဿာကျပ် ၁၂၀၀၊ ကြက်သွန်နီ(မြစ်သား) တစ်ပိဿာ ကျပ် ၉၅၀၊ ကြက်သွန်ဖြူ(ရှမ်း) ကျပ် ၁၅၀၀၊ ချင်းတစ်ပိဿာ ကျပ် ၁၈၀၀၊ ဆလပ်ရွက်(စီး) ကျပ်၁၀၀၊ ဖရဲသီး(Sizeသေး) (တစ်လုံး) ကျပ် ၅၀၀ တို့ဖြစ်ပြီး ယင်းသီးနှံများ၏ ဈေးနှုန်းများမှာ ဈေးအတက်/ အကျမရှိ တည်ငြိမ်လျက်ရှိကြောင်း သိရပါတယ်။ အလားတူ ငရုတ်သီးစိမ်း (ကျောက်စိမ်း) တစ်ပိဿာ ကျပ် ၈၀၀ မှ ၁၂၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်) ကျပ် ၂၀၀ မှ ၅၅၀ အတွင်း၊ မုန်ညင်း (ထုပ်)ကျပ် ၁၀၀၀ မှ ၁၃၀၀ အတွင်း၊ ရွှေဖရုံသီး (တစ်လုံး) ကျပ် ၇၀၀ မှ ၁၅၀၀ အတွင်း၊ သံပုရာသီး(တစ်လုံး) ကျပ် ၈၀ မှ ၁၀၀ အတွင်း၊ ဖရဲသီး(Size လတ်) ကျပ် ၁၈၀၀ မှ ၂၅၀၀ ဈေးအသီးသီးရှိကြောင်း သိရပါတယ်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများမှာ ကုန်အဝင်များပါကဈေးကျပြီး ကုန်အဝင်နည်းပါက ဈေးတက်ကြောင်းနှင့် ကုန်အရွယ်အကြီး/အသေးပေါ်မူတည်၍လည်း ဈေးနှုန်းအနည်းအများ ကွာခြားကြောင်း သိရပါတယ်။

ယခုတစ်ပတ်အတွင်း ဖရဲသီး(Size)(သေး/လတ်) အလုံးပေါင်း ၁၂၃၀၀ ကျော်၊သံပုရာသီးအလုံးပေါင်း ၂၆၆၀၀၀ ကျော်၊ ခရမ်းသီး (မီးဖုတ်ခရမ်း)အလုံးပေါင်း ၁၅၀၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၁၉၀၀၀ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း ၇၇၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်းသိရပါတယ်။ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ အများဆုံးလာရောက် ရောင်းချသည့်ဒေသများမှာ ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်-တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့်ရှမ်းပြည်နယ်တို့ ဖြစ်ကြောင်း သိရပါတယ်။ အဆိုပါ ဟင်းသီးဟင်းရွက်များကို ဈေးရုံနှစ်ရှိ တောင်သူလက်လီအရောင်းဆိုင်များတွင် ခင်းကျင်းရောင်းချလျက်ရှိကြောင်း သိရပါတယ်။

**ထားလှိုင် (ရန်ကုန်)**



# မြန်မာနိုင်ငံမှ ကျွဲ၊ နွားများအား တရုတ်နိုင်ငံသို့ တင်ပို့မှု အခြေအနေ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်ပေါ်နေသော လွတ်လပ်သည့်ဈေးကွက်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များအား ပြည်ပသို့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရား ဝင်ခွင့်ပြုခြင်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၄၉/ ၂၀၁၇ ဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်ကြေညာပြီး လိုင်စင်ထုတ်ပေးမှုအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မတ်လ ၂၈ ရက်အထိ ကျွဲကောင်ရေ ၅၀၂၆၄ ကောင်၊ နွားကောင်ရေ ၄၁၃၇၈၁ ကောင် ခွင့်ပြုထုတ်ပေးခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၂၀၁၉ ခုနှစ် မတ် ၂၉ ရက်ထိ အမှန်တင်ပို့မှုမှာ ကျွဲ ၄၄၆၄၀ ကောင် ၊ နွား ၃၃၁၁၂၀ ကောင်နှင့် အသီးသီး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်မှစ၍ တရုတ်နိုင်ငံလုံတောင်းရှိ စည်သွပ်စက်ရုံ (နမ့်ခမ်းတစ်ဖက်ကမ်း)ကို စတင် စမ်းသပ်လည်ပတ်ခဲ့ကြောင်း စုံစမ်းသိရှိရပြီး လုံတောင်းစည်သွပ် စက်ရုံစတင်လည်ပတ်သည်နှင့် တစ်ပြိုင်နက် တရုတ်နိုင်ငံဘက်တွင် ကျွဲ၊ နွားများဝင်ရောက်မှုကို တရုတ်အစိုးရက ဖိဖိစီးစီး ဖမ်းဆီးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ တရုတ်ကျွဲ၊ နွားကုန်သည်များအနေဖြင့်လည်း အချိန်ကိုက်ပင် ဈေးနှိမ်ဝယ်ယူမှုများ ပြုလုပ်လာခဲ့၍ ဈေးမကိုက်မှုကြောင့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ စတုတ္ထပတ်အတွင်းမှစ၍ ကျွဲ၊ နွားများ တစ်ဖက်နိုင်ငံသို့ တင်ပို့မှုလျော့နည်းကျဆင်းခဲ့ပြီး နေ့စဉ်မူဆယ်မြို့တစ်ဝိုက်ရှိခြံများတွင် မူဆယ်မြို့သို့လမ်းကြောင်းပေါင်းစုံမှရောက်ရှိလာသည့် ကျွဲ၊ နွားကောင်များအနက် ၂၀၁၉ ခုနှစ် မတ် ၂၇ ရက်တွင် ၅၈၀၀ ကျော်ခန့် ကျန်ရှိလျက်ရှိပါသည်။

တရုတ်နိုင်ငံဘက်အနေဖြင့် မူဆယ်ကုန်သွယ်ရေးဇုန်မှ တရားဝင်တင်ပို့မှုအပေါ် တရုတ်ဘက်မှ စည်းကမ်းတင်းကြပ်ထားပြီး တရားဝင်လမ်းကြောင်းမှမပို့နိုင်ဘဲ ကချင်ပြည်နယ်၊ ဂိုက်ထိပ်၊ မန်ဝိန်းကြီးလမ်း၊ နမ်းခမ်း၏ မြောက်ဘက် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် နယ်စပ်ရှိ မန်ဝိန်းကြီးဝန်းကျင် တရားမဝင် ထွက်ပေါက်မှ တစ်ဖက်တရုတ်နိုင်ငံ လုံတောင်းမြို့ရှိ ကျွဲ၊ နွားသားသတ်စက်ရုံသို့ ကျွဲ၊ နွားများကို တရုတ်ဘက်မှ ကြိုက်ဈေးနှင့် ဝယ်ယူထိန်းချုပ်နိုင်ရန် စီမံလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ စတုတ္ထပတ်မှစ၍ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သို့ ပြည်တွင်းမှ ကျွဲ၊ နွား တင်ယာဉ်များ ဝင်ရောက်မှုလျော့ နည်းလျက်ရှိပြီး မူဆယ်မြို့ဝန်းကျင်ရှိခြံများ၌ ကျွဲ၊ နွားများကျန်ရှိနေသဖြင့် ကျွဲ၊ နွားကုန်သည်များအနေဖြင့် အခြေအနေအား စောင့်ဆိုင်းရန်နှင့် ရောင်းသူစိတ်ကြိုက်ဈေးကွက်ရမှ တင်ပို့သင့်ကြောင်းနှင့် ရောင်းသူဈေးကွက်ရရှိရေး ဆောင်ရွက်သင့်သည့် အခြေအနေ ဖြစ်ပါသည်။

**အေးအေးဝင်း(နယ်ရုံး)**

# ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်နေတဲ့ ခရမ်းချဉ်သီး

သာယာဝတီခရိုင်အတွင်း မြို့နယ်များတွင် ယခုတစ်ပတ် အခြေခံစားသောက်ကုန်ဖြစ်သော ခရမ်းချဉ်သီး သီးနှံများမှာ ဈေးနှုန်းများ မြင့်တက်လာသည်ကိုတွေ့ရပြီး ဈေးနှုန်းမကျသော်လည်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်ကိုတွေ့ရပါသည်။ ယခင်က ဒေသထွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် ထွက်ရှိသီးနှံမှာတစ်ပိဿာလျှင် အနိမ့်ဆုံး ကျပ် ၃၀၀ ခန့်မှ အမြင့်ဆုံး ကျပ် ၅၀၀ ခန့်သာရရှိပြီး စားသုံးနေရသော်လည်း ယခုအချိန်အခါတွင် သီးနှံကုန်ဆုံးချိန်ဖြစ်၍ ရန်ကုန်မြို့ သီရိမင်္ဂလာဈေးမှ ဝင်ရောက်လာသော ရှမ်းပြည်ထွက် ခရမ်းချဉ်သီးများကိုသာ သုံးစွဲနေရပါတယ်။ ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ခန့်အထိရှိပါသည်။ ဈေးနှုန်းမှာ မြင့်တက်သွားသော်လည်း အရောင်းအဝယ်မကျဘဲ မဟာသင်္ကြန်ကာလနီးလာသဖြင့် အလှူအတန်းပေါ်များပြီး သုံးစွဲနေရသောကြောင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

**ဝေဝေဖြိုး(သာယာဝတီ)**

# ကျွဲကောသီး တန်ဖိုးမြှင့် ကွင်းဆက်ထုတ်လုပ်မှုတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ရာမညကုန်သွယ်မှုဗဟိုဌာနတွင် ကျင်းပပြုလုပ်

မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်း ရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ဂျာမနီနှင့် ပူးပေါင်းဆောင်ရွက်မှု (DEUTSCHE ZUSAMMENARBEIT) GIZ နှင့် မွန်ပြည်နယ် သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ ကျင်းပပြုလုပ်သော "ကျွဲကောသီးနှံ တန်ဖိုးမြှင့်ကွင်းဆက်ထုတ်လုပ်မှု တိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ"ကို ၂၀၁၉ ခုနှစ် မတ် ၃၀ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရာမည ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြည်ပဝယ်လိုအား ကောင်းပြီး ဈေးကွက်ခိုင်မာသော သီးနှံ၊ တရုတ်လူမျိုးများ၏ ဆွေမျိုးများနှင့် ပြန်လည်တွေ့ဆုံမှု အထိမ်းအမှတ်အဖြစ် နှစ်သစ်ကူးပွဲတော်များတွင် တွင်ကျယ်စွာ အသုံးပြုသောသီးနှံ၊ ရောဂါများ ပျောက်ကင်းစေရန် သရေစာအဖြစ်လည်းကောင်း၊ ဓာတ်စာအဖြစ် လည်းကောင်း၊ ဆေးအဖြစ် လည်းကောင်းအသုံးပြုသည့် သီးနှံမှာ ကျွဲကောသီးနှံဖြစ်ပါသည်။ ကျွဲကောသီးနှံ၏ မူရင်းဒေသမှာ အရှေ့တောင်အာရှဖြစ်ကြောင်းနှင့် မြန်မာအမည် ကျွဲကော၊ အင်္ဂလိပ်အမည် Pomelo(or) Pummelo ၊ သိပ္ပံအမည် Citrus Grandis၊ မျိုးရင်း Rutaceae မျိုးစု Citrus ၊ မျိုးစိတ်မှာ Grandis ဟုခေါ်ဆိုကြောင်း လေ့လာသိရှိရပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီတွင် စတင်ခဲ့ပြီး မွန်ပြည်နယ် စိုက်ပျိုးရေး မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်း (ကျွဲကောအစုအဖွဲ့ ဥက္ကဋ္ဌ) ဦးမြင့်သိန်း၊ မွန်ပြည်နယ် သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးအေးသန်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျွဲကောသီးစိုက်ပျိုးရေး ခြံရှင်များမှ အတွေ့အကြုံများရှင်းလင်းခြင်း၊ GIZ-Technical Advisor ဒေါ်အေးအေးမြင့်မှ ထိုင်းနိုင်ငံစိုက်ပျိုးရေးဦးစီးဌာန၏ အခန်းကဏ္ဍ၊ ရိတ်သိမ်းချိန်လွန် နည်းပညာ ဌာနအတွေ့အကြုံများအား ရှင်းလင်းပြောကြားခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မေးခွန်းများ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ကျွဲကောသီးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ရှေ့လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းများ ပြုလုပ်ခဲ့ပြီး အဖွဲ့လိုက်ဆွေးနွေးမှု အနှစ်ချုပ်နှင့် ရှေ့လုပ်ငန်းစဉ်များအား အတည်ပြုခဲ့ကြကြောင်းနှင့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ ကျွဲကောစိုက်ပျိုးသူခြံရှင်များ၊ စိတ်ပါဝင်စားသူ ၆၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Win Myat (YARMANYA)**

# အရောင်းအဝယ်ကောင်းနေတဲ့ ငရုတ်သီးစိမ်း

တောင်ငူခရိုင်အတွင်း ငရုတ်သီးစိမ်းဈေးကွက်တွင် ရောင်းဝယ်မှု အားကောင်းနေတဲ့ ငရုတ်သီးစိမ်းများမှာ ရွှေအပ်(ကုလားအော်) မိုးထောင်သီးနှင့် ကျောက်စိမ်းသီးများဖြစ်ပြီး ဈေးနှုန်းများမှာ ကုလားအော်(ရွှေအပ်) တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ မိုးထောင် တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ ကျောက်စိမ်းတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ခန့်ရှိကြောင်း ငရုတ်သီးကုန်သည်တစ်ဦးထံမှ သိရှိရပါသည်။ ယခုအချိန်တွင် ရှမ်းဒေသသီးများ အထွက်နည်းလာပြီး ဒေသထွက်ကိုင်းငရုတ်သီးများနှင့် အညာဒေသထွက် ငရုတ်သီးများသာအရောင်းအဝယ်ဖြစ်ကြောင်း သိရှိရပါသည်။

**စောသန်းထိုက်ကျော် (DOCA တောင်ငူ)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၆ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Qatar နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၅ ဒသမ ၆၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ အီဂျစ်၊ ပြင်သစ်၊ ကင်ညာ၊ ကူဝိတ်၊ ရုရှား၊ စပိန်နှင့် တူရကီ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၂ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ ဩစတြေးလျ၊ အိုင်ယာလန်နှင့် မက္ကဆီကို စသည့် နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၄ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၄၀ ရာခိုင်နှုန်းမှ သုည ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်း အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၅ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ကာတာနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၅ ဒသမ ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ ရှိရပါသည်။

ယခုတစ်ပတ်တွင် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ အီဂျစ်၊ ပြင်သစ်၊ အီတလီ၊ ကင်ညာ၊ ကူဝိတ်၊ ရုရှား၊ စပိန်၊ တူရကီနှင့် ယူကရိန်းစသည့်နိုင်ငံများအပါအဝင် ၆၃ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲ မရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အိန္ဒိယ၊ ဂျာမနီ၊ နယ်သာလန်၊ တောင်အာဖရိကနှင့် ဆွီဒင် စသည့်နိုင်ငံတို့အပါအဝင် ၁၄ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၆ | ၀.၆၁ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၀ | ၀.၈၅ |
| ၃ | ထိုင်း | လီတာ | ၁.၁၂ | ၀.၈၃ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဧပြီ၁ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၆ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့်လည်းကောင်း၊ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၁ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၄ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၁ ဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၂ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံ၏ ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ညှော့မထ ၅ မှတ်၊ ၂၅ မှတ်နှင့် ပေါင်းဆန် အမျိုးအစားဆန်များမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဗီယက်နမ်နိုင်ငံတွင် ညှော့မထ ၅ မှတ်နှင့် ၂၅ မှတ် ဆန်ဈေးနှုန်းများမှာအနည်းငယ်ဈေးတက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံ၏ ညှော့မထ ၅ မှတ်နှင့် ၂၅ မှတ်ဆန်ဈေးနှုန်းများလည်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံ၏ ညှော့မထ ၂၅ မှတ်ဆန်သည် ဈေးနှုန်းအနည်းငယ်ကျဆင်းသွားပြီး ပေါင်းဆန်ဈေးနှုန်းမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းဆန်မှာ ဈေးနှုန်းမြင့်တက်နေမှုကြောင့် နိုင်ငံခြားဝယ်လက်ပျောက်နေကာ ကုန်သည်များ ရုန်းကန်နေကြရသည်ကို သိရှိရပါသည်။ ပြည်ပဝယ်လိုအားမှာ ဆက်လက်အေးနေပြီး ဘတ်ငွေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းထားကြောင့် ဆန်ဈေးများအတက်အကျ ဖြစ်ပေါ်နေခြင်းဖြစ်သည်ဟု ကုန်သည်များက ပြောကြားကြပါသည်။ ယခုသီတင်းပတ်အတွင်း ပြည်တွင်းဆန်ဈေးများ တဖြည်းဖြည်း တက်လာသော်လည်း ဘတ်ငွေတန်ဖိုး ကျဆင်းနေသည့်အတွက် ပို့ကုန်ဆန်ဈေးမှာ အပြောင်းအလဲသိပ်မရှိကြောင်း ဘန်ကောက်အခြေစိုက် ဆန်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

သို့ရာတွင် ပြီးခဲ့သည့်လ အနည်းငယ်အတွင်းက ဘတ်ငွေအားကောင်းခဲ့ခြင်းကြောင့် ပြည်တွင်းဆန်ဈေးများကို မြင့်တက်စေခဲ့ပြီး ပြည်ပဝယ်လိုအားပါ ကျဆင်းခဲ့သည်ကို သိရှိရပါသည်။ ပြည်တွင်းဆန်ဈေးတက်ပါက ပို့ကုန်သမားများ ဝယ်ယူရာတွင် ကုန်ကျစရိတ် ပိုမိုမြင့်မားစေသည့်အပြင် ပြည်တွင်း ဈေးကွက်သို့ ဆန်သစ်များ အများအပြားဝင်ရောက်နေပြီး ယင်းအချက်က ပို့ကုန်ဆန်ဈေးကို ရိုက်ခတ်မှုရှိလာနိုင်သည်ဟု ကုန်သည်များက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဖိလစ်ပိုင်စားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ NFA သည် ဆန်သွင်းကုန်ခွန်ဥပဒေစတင်သက်ရောက်မည့် မတ် ၅ ရက်မှစ၍ ဆန်တင်သွင်းမှုလုပ်ငန်းများအပေါ် စီမံကွပ်ကဲမှုရပ်နားသွားမည်ဖြစ်ကြောင်း NFA က ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။ NFA အဖွဲ့သည် ဆန်တင်သွင်းမည့် လုပ်ငန်းများအား လိုင်စင်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ပေးခြင်း၊ လိုင်စင်ကြေးများ ကောက်ခံခြင်း၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်းတို့အပါအဝင် ဆန်တင်သွင်းမှုဆိုင်ရာ အခြားကိစ္စရပ်များတွင် ပါဝင်တော့မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့ပြီး NFA က ဥပဒေသစ်အရ အရေးပေါ် လိုအပ်ချက်အတွက် အရန်ဆန်ထားရှိရေးကိုသာ အပြည့်အဝအာရုံစိုက်တော့မည်ဖြစ်သည့်အတွက် အပြီးသတ် စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းချက် ထွက်အလာကို စောင့်မျှော်နေကြောင်း NFA တာဝန်ခံအရာရှိ Tomas Escarez က ပြောကြားခဲ့ပါသည်။ မတ်လ နွေစပါး စပေါ်မည့်အချိန်တွင် တောင်သူများထံမှ စပါးဝယ်ယူရန် အသင့်ရှိနေပါကြောင်း Escarez က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

စိုက်ပျိုးရေးအတွင်းဝန် Manny Pinol က ဖိလစ်ပိုင်တောင်သူများသည် ပိုကောင်းမည့် စပါးမျိုးသန့်များစိုက်ပျိုးခြင်းဖြင့် ပြည်ပမှတင်သွင်းသောဆန်များနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်မည် ဖြစ်ကြောင်း၊ ဥပဒေသစ်အရ ဆန်တင်သွင်းရာမှ ကောက်ခံရရှိသောအခွန်များကို တောင်သူများထံ ပံ့ပိုးပေးသွားမည်ဖြစ်သဖြင့် ပြည်တွင်းဆန်လုပ်ငန်းသည် ယခုနှစ်နှင့် လာမည့်နှစ်များတွင် ရန်ပုံငွေ အများအပြား လက်ခံရရှိမည်ဟု ၎င်းက ပြောကြားခဲ့ပါသည်။ တောင်သူအဖွဲ့များကမူ ဆန်တင်သွင်း ပမာဏကန့်သတ်ချက်အား ဖယ်ရှားခဲ့သည်ကို ဆန့်ကျင်ကြပြီး ပြည်တွင်းဆန်လုပ်ငန်းပျက်စီးမည်ကို စိုးရိမ်လျက်ရှိကြပါသည်။ သွင်းကုန်လုပ်ငန်းရှင်များအတွက်သာ မကြည့်ဘဲ တောင်သူများနှင့် စားသုံးသူများအားလုံးကို အကျိုးရှိစေမည့် ဥပဒေကို ပြဋ္ဌာန်းသင့်ကြောင်း ဖိလစ်ပိုင်ဆန်တောင်သူများအသင်းက ထုတ်ပြန်ခဲ့သည်ကိုလည်း သိရှိရပါသည်။

ပြည်တွင်းဆန်သတင်းများအနေဖြင့် တရုတ်နှင့် အီးယူနိုင်ငံများက ဆန်အဝယ်လျော့နည်းလာသည့် အခြေအနေကို အသုံးချပြီး ပြည်ပဆန်ကုန်သည်များအနေဖြင့် ယခုရက်ပိုင်းတွင် မြန်မာ့ဆန်ကို ဈေးနှိမ်ဝယ်ယူလာကြကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားခဲ့သည်ကိုသိရှိရပါသည်။ နိုင်ငံခြားကုန်သည်များသည် မြန်မာနိုင်ငံက ရောင်းချသည့် ၂၅ မှတ်ဆန် (အကျိုးအကြေပါဝင်မှုနှုန်း ၂၅ ရာခိုင် နှုန်း) ဆန်တစ်တန်လျှင် ၂၆၅ ဒေါ်လာခန့်ဖြင့် ဝယ်ယူကြပြီး နိုင်ငံတကာဆန်ဈေးကွက်တွင် ထိုင်းနိုင်ငံမှ ၂၅ မှတ် ဆန်တစ်တန် လျှင် ၃၇၁ ဒေါ်လာ၊ ဗီယက်နမ် ၂၅ မှတ်ဆန် တစ်တန်လျှင် ၃၃၂ ဒေါ်လာဈေးဖွင့်ရာ နိုင်ငံတကာဆန်ဈေးကွက်၌ ထိုင်း၊ ဗီယက်နမ် နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက မြန်မာ့ဆန်တစ်တန်၏ တန်ဖိုးသည် ၃၀ ရာခိုင်နှုန်းခန့် လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။

တရုတ်နှင့် အီးယူနိုင်ငံများက ဝယ်လိုအားလျော့နည်းလာမှုကြောင့် ပြည်ပသို့တင်ပို့နိုင်သည့် ဆန်ပမာဏသည် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ မတ် ၃၁ ရက်အထိ ဆန်တန်ချိန် ၂ ဒသမ ၃ သန်းကျော်သာတင်ပို့နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စံချိန်တင် ဆန်တန်ချိန် ၃ ဒသမ ၆ သန်းကျော် တင်ပို့နိုင်ခဲ့သည့်အတွက် ပြည်တွင်း၌ဆန်တန်ချိန် တစ်သန်းကျော် ကျန်ရှိနေသည်ကို တွေ့ရှိရပါသည်။ လက်ရှိ မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်တင်ပို့နေသည့် အချိန်ဖြစ်ပြီး သင်္ဘောမှတိုင်မီ ဆန်တင်သင်္ဘောများ မြန်မာနိုင်ငံသို့ ဆက်တိုက်အဝင်ရှိနေကြောင်း မြန်မာနိုင်ငံ ဆန် စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

နိုင်ငံတကာဈေးကွက်တွင် ဆန်ဈေးသည် အတက်ဘက်၌ ရှိနေပြီး ယခုလအတွင်း တစ်တန်လျှင် ပျမ်းမျှ ၅ ဒေါ်လာခန့် ဈေးပြန်တက်လာကြောင်း သိရှိရပါသည်။ ထိုအခြေအနေတွင် မြန်မာနိုင်ငံမှဆန်ဈေးသည် နိုင်ငံတကာဈေးကွက်၌ သက်သာနေခြင်းကြောင့် ဝယ်ယူလိုသူများနေကြောင်း၊ လက်ရှိ မြန်မာ့ဆန်ကို အာဖရိကနိုင်ငံများသို့ အဓိကတင်ပို့နေပြီး အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲများ တင်ပို့နေကြောင်း၊

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၀ | ၀.၆၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၆ | ၁.၃၀ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၆ | ၀.၈၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၆ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၁၉ | ၁.၀၁ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာသုည ဒသမ ၅၆ ဒေါ်လာနှုန်းဖြင့် ၁၉ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၆၁ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၄၀ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၁၈ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | နော်ဝေ | လီတာ | ၁.၉၄ |
| ၅ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၃၅ | နယ်သာလန် | လီတာ | ၁.၈၄ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၂၀ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၁ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၁၉ | Iceland | လီတာ | ၁.၈၁ |
| ၅ | Ecuador | လီတာ | ၀.၂၇ | နော်ဝေ | လီတာ | ၁.၈၀ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၈ | ၀.၉၆ |
| ၂ | ဂျပန် | လီတာ | ၁.၂၅ | ၁.၀၈ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၆ | ၀.၉၆ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၉.၃.၂၀၁၉ | စည် | ၅၉.၃၀ |
| ၂ | ၁.၄.၂၀၁၉ | စည် | ၆၁.၅၉ |
| ၃ | ၂.၄.၂၀၁၉ | စည် | ၆၂.၅၈ |
| ၄ | ၃.၄.၂၀၁၉ | စည် | ၆၂.၄၆ |
| ၅ | ၄.၄.၂၀၁၉ | စည် | ၆၂.၁၀ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှဧပြီ ၁ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာဈေး အနည်းငယ်ကျဆင်းလာခြင်းကြောင့် ပြည်တွင်းရွှေဈေးမှာ ပြန်လည်ကျဆင်းလာခဲ့သည်ကို သိရှိရပါသည်။ ပြည်တွင်းရွှေဈေးနှုန်း အနေဖြင့် မတ် ၂၉ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၀၅၁၀၀၀ ကျပ်မှ ဧပြီ ၄ ရက်တွင် ကျပ် ၁၀၄၃၅၀၀ အထိသို့ ကျပ် ၇၅၀၀ ခန့်ထပ်မံကျဆင်းလာခဲ့သည်ကို တွေ့ရှိရ ပါသည်။ ကမ္ဘာ့ရွှေဈေးမှာ မတ် ၂၉ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၂၉၁ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ဧပြီ ၄ ရက်တွင် ၁၂၉၂ ဒေါ်လာသို့ဖြစ်ပေါ်ခဲ့ကြောင်း ကမ္ဘာ့ရွှေဈေးသည် မတ်လနောက်ဆုံးပတ်ထက် တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၂၁ ဒေါ်လာခန့်ဈေးကျကြောင်း သိရှိရပါသည်။ ရွှေဈေးမှာ ခန့်မှန်းရခက်ခဲနေပြီး ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးနှုန်းနှင့် အမေရိကန်ဒေါ်လာ အတက်အကျပေါ် မူတည်ပြီး ပြောင်းလဲနိုင်ကြောင်း အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရပါသည်။

၂၀၁၉ ခုနှစ် မတ် ၁ ရက်မှ ဧပြီ ၄ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-


| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၃.၂၀၁၉ | ၁၀၆၆၀၀၀ | ၁၃၁၀ |
| ၂ | ၂.၃.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၂၉၃ |
| ၃ | ၃.၃.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၂၉၃ |
| ၄ | ၄.၃.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၈၈ |
| ၅ | ၅.၃.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၈၈ |
| ၆ | ၆.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၈၆ |
| ၇ | ၇.၃.၂၀၁၉ | ၁၀၅၁၀၀၀ | ၁၂၈၆ |
| ၈ | ၈.၃.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၉၅ |
| ၉ | ၉.၃.၂၀၁၉ | ၁၀၅၇၀၀၀ | ၁၂၉၈ |
| ၁၀ | ၁၀.၃.၂၀၁၉ | ၁၀၅၇၅၀၀ | ၁၂၉၈ |
| ၁၁ | ၁၁.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၉၆ |
| ၁၂ | ၁၂.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၉၇ |
| ၁၃ | ၁၄.၃.၂၀၁၉ | ၁၀၆၁၀၀၀ | ၁၂၉၉ |
| ၁၄ | ၁၅.၃.၂၀၁၉ | ၁၀၆၂၅၀၀ | ၁၃၀၃ |
| ၁၅ | ၁၆.၃.၂၀၁၉ | ၁၀၆၄၅၀၀ | ၁၃၀၃ |

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ International Sugar Organization (ISO) website တွင် ဖော်ပြချက် စာရင်းများအရ ဘရာဇီးလ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံတို့ ဖြစ်ကြပါသည်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ဩစတြေးလျ၊ ဂွါတီမာလာ၊ မက္ကဆီကို၊ အိန္ဒိယနှင့် ကျူးဘားနိုင်ငံတို့ဖြစ်ကြပြီး၊ သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ နိုင်ဂျီးရီးယားနှင့် ကိုရီးယားနိုင်ငံတို့ဖြစ်ကြပါသည်။ မြန်မာနိုင်ငံနှင့်

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 3-Apr-19 | 12.61 cts/lb | 12.80 cts/lb | 331.50 $/T | 15.04 cts/lb |
| 2-Apr-19 | 12.86 cts/lb | 12.80 cts/lb | 335.15 $/T | 15.20 cts/lb |
| 1-Apr-19 | 12.84 cts/lb | 12.78 cts/lb | 334.60 $/T | 15.18 cts/lb |
| 29-Mar-19 | 12.71 cts/lb | 12.76 cts/lb | 329.95 $/T | 14.97 cts/lb |
| 28-Mar-19 | 12.69 cts/lb | 12.74 cts/lb | 331.65 $/T | 15.04 cts/lb |
| 27-Mar-19 | 12.75 cts/lb | 12.72 cts/lb | 334.75 $/T | 15.18 cts/lb |
| 26-Mar-19 | 12.80 cts/lb | 12.70 cts/lb | 336.40 $/T | 15.26 cts/lb |
| 25-Mar-19 | 12.71 cts/lb | 12.69 cts/lb | 336.85 $/T | 15.28 cts/lb |
| 22-Mar-19 | 12.79 cts/lb | 12.69 cts/lb | 339.75 $/T | 15.41 cts/lb |
| 21-Mar-19 | 12.77 cts/lb | 12.70 cts/lb | 341.75 $/T | 15.50 cts/lb |
| 20-Mar-19 | 13.00 cts/lb | 12.72 cts/lb | 343.25 $/T | 15.57 cts/lb |
| 19-Mar-19 | 13.01 cts/lb | 12.72 cts/lb | 346.80 $/T | 15.73 cts/lb |
| 18-Mar-19 | 13.06 cts/lb | 12.72 cts/lb | 350.85 $/T | 15.91 cts/lb |
| 15-Mar-19 | 12.74 cts/lb | 12.72 cts/lb | 344.40 $/T | 15.62 cts/lb |
| 14-Mar-19 | 12.63 cts/lb | 12.76 cts/lb | 342.45 $/T | 15.53 cts/lb |
| 13-Mar-19 | 12.60 cts/lb | 12.81 cts/lb | 342.50 $/T | 15.54 cts/lb |
| 12-Mar-19 | 12.59 cts/lb | 12.87 cts/lb | 343.40 $/T | 15.58 cts/lb |
| 11-Mar-19 | 12.55 cts/lb | 12.91 cts/lb | 343.15 $/T | 15.57 cts/lb |
| 8-Mar-19 | 12.43 cts/lb | 12.96 cts/lb | 340.65 $/T | 15.45 cts/lb |
| 7-Mar-19 | 12.42 cts/lb | 13.00 cts/lb | 339.30 $/T | 15.39 cts/lb |
| 6-Mar-19 | 12.43 cts/lb | 13.01 cts/lb | 340.60 $/T | 15.45 cts/lb |
| 5-Mar-19 | 12.69 cts/lb | 13.03 cts/lb | 345.70 $/T | 15.68 cts/lb |
| 4-Mar-19 | 12.64 cts/lb | 13.03 cts/lb | 344.50 $/T | 15.63 cts/lb |
| 1-Mar-19 | 12.92 cts/lb | 13.03 cts/lb | 348.05 $/T | 15.79 cts/lb |




Source: www.isosugar.org

အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် သကြားအများဆုံး လိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် လေးနိုင်ငံမြောက်အဖြစ်ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၁၀ သန်း ဝန်းကျင်ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် တန်ချိန် ၆ သန်းခန့်လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာ့ သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြ ချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် မတ် ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၈ ဒသမ ၀၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျအပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဧပြီ ၃ရက်တွင် သကြားဖြူ(White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၁ ဒသမ ၅၀ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်။

၂၀၁၉ ခုနှစ်၊ ဧပြီလပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၂ ဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင်

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ပျမ်းမျှဒေါ်လာ ၂၅၃၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၀၈-၄၁၇၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၇၆-၅၈၃ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့၏ သကြားဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံ၏ သကြားဈေးမှာ အနည်းငယ်ကျဆင်းလျက်ရှိကြောင်း သိရှိရ ပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ ဧပြီလပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၄၉ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၂ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၃ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၄ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၈ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ် နေပြီး၊ တောင်ကြီး၊ ဘားအံနှင့် ပျဉ်းမနားမြို့တို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ ဧပြီ ၄ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၈၈ ရာခိုင်နှုန်းကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ဧပြီလပထမပတ်အတွင်း ပြည်တွင်း သကြားဈေးနှုန်းများမှာ အတက်အကျအပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | မတ် ၂၉ | ဧပြီ ၁ | ဧပြီ ၂ | ဧပြီ ၃ | ဧပြီ ၄ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |

Source:DACA–Domestic

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်


| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁၆ | ၁၇.၃.၂၀၁၉ | ၁၀၆၄၅၀၀ | ၁၃၀၃ |
| ၁၇ | ၁၈.၃.၂၀၁၉ | ၁၀၆၄၀၀၀ | ၁၃၀၆ |
| ၁၈ | ၁၉.၃.၂၀၁၉ | ၁၀၆၅၅၀၀ | ၁၃၀၇ |
| ၁၉ | ၂၁.၃.၂၀၁၉ | ၁၀၆၉၀၀၀ | ၁၃၁၈ |
| ၂၀ | ၂၂.၃.၂၀၁၉ | ၁၀၆၅၀၀၀ | ၁၃၁၂ |
| ၂၁ | ၂၃.၃.၂၀၁၉ | ၁၀၆၄၅၀၀ | ၁၃၁၄ |
| ၂၂ | ၂၄.၃.၂၀၁၉ | ၁၀၆၃၅၀၀ | ၁၃၁၄ |
| ၂၃ | ၂၅.၃.၂၀၁၉ | ၁၀၆၀၅၀၀ | ၁၃၁၈ |
| ၂၄ | ၂၆.၃.၂၀၁၉ | ၁၀၆၂၅၀၀ | ၁၃၁၅ |
| ၂၅ | ၂၇.၃.၂၀၁၉ | ၁၀၆၂၅၀၀ | ၁၃၁၄ |
| ၂၆ | ၂၈.၃.၂၀၁၉ | ၁၀၅၆၀၀၀ | ၁၃၁၀ |
| ၂၇ | ၂၉.၃.၂၀၁၉ | ၁၀၅၁၀၀၀ | ၁၂၉၁ |
| ၂၈ | ၃၀.၃.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၉၃ |
| ၂၉ | ၃၁.၃.၂၀၁၉ | ၁၀၄၈၀၀၀ | ၁၂၉၃ |
| ၃၀ | ၁.၄.၂၀၁၉ | ၁၀၄၆၅၀၀ | ၁၂၉၀ |
| ၃၁ | ၂.၄.၂၀၁၉ | ၁၀၄၁၀၀၀ | ၁၂၈၉ |
| ၃၂ | ၃.၄.၂၀၁၉ | ၁၀၄၄၅၀၀ | ၁၂၉၃ |
| ၃၂ | ၄.၄.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၉၂ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 %၊ Annual Rate of Inflation 7.07 %၊ Year on Year Inflation 6.69 % ရှိသည်ကို လေ့လာသိရှိရပါသည်။ မတ်လအတွင်း ဆက်တိုက်ကျဆင်းခဲ့သော အမေရိကန်ဒေါ်လာ ဈေးနှုန်းများသည် ဗဟိုဘဏ် ရည်ညွှန်းငွေလဲနှုန်းအရ မတ်လတတိယပတ်တွင် တရိပ်ရိပ်ပြန်လည်မြင့်တက်လာခဲ့သော်လည်း ယခုအချိန်တွင် ဆက်တိုက်ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာဈေးသည် မတ်လ နောက်ဆုံးပတ်ဖြစ်သည့် မတ်လ ၂၉ ရက်တွင် တစ်ဒေါ်လာလျှင်၁၅၁၄ ဒသမ ၉၀ ကျပ်၊ ဧပြီလ ၂ ရက်တွင် တစ်ဒေါ်လာလျှင်၁၅၁၁ ဒသမ ၆၀ ကျပ်၊ ဧပြီလ ၃ ရက်တွင် တစ်ဒေါ်လာလျှင်၁၅၀၈ ဒသမ ၁၀ ကျပ် နှင့် ဧပြီလ ၄ ရက်တွင် တစ်ဒေါ်လာလျှင်၁၅၀၆ ဒသမ ၄၀ ကျပ် ဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် တစ်ဒေါ်လာလျှင်၁၉ ကျပ်ခန့်ထပ်မံကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

ပြင်ပဒေါ်လာဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်နေပြီး မတ်လ ၂၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၃ ကျပ်၊ ဧပြီလ ၂ ရက်တွင် တစ်ဒေါ်လာလျှင်၁၅၁၁ ကျပ်၊ ဧပြီလ ၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၀၇ ကျပ်၊ ဧပြီလ ၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၀၉ ကျပ် အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်မှ ဧပြီလ ၄ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source: Central Bank of Myanmar

၂၀၁၉ ခုနှစ် မတ် ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၉-၃-၁၉ | ၂-၄-၁၉ | ၃-၄-၁၉ | ၄-၄-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၁၄.၉ | ၁၅၁၁.၆ | ၁၅၀၈.၁ | ၁၅၀၆.၄ | -၀.၅၆ | ⬇ |
| ၂ | Thai Baht | THB | ၃၁.၇၅၀ | ၃၁.၇၈၀ | ၃၁.၇၂၀ | ၃၁.၇၈၅ | ၀.၁၁ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၅၅ | ၁.၃၅၆ | ၁.၃၅၃ | ၁.၃၅၄ | -၀.၀၇ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၀၈၅ | ၄.၀၈၂ | ၄.၀၇၉ | ၄.၀၈၃ | -၀.၀၅ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၂၃၅ | ၁၄၂၂၀ | ၁၄၂၂၀ | ၁၄၁၈၀ | -၀.၃၈ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၇၁၇ | ၆.၇၂၄ | ၆.၇၀၈ | ၆.၇၂၀ | ၀.၀၄ | ⬆ |
| ၇ | Indian Rupee | INR | ၆၉.၁၅၈ | ၆၉.၀၉၂ | ၆၈.၄၈၅ | ၆၉.၀၆၃ | -၀.၁၄ | ⬇ |
| ၈ | Japanese Yen | JPY | ၁၁၀.၇၈၇ | ၁၁၁.၃၆၈ | ၁၁၁.၄၅၅ | ၁၁၁.၄၁၂ | ၀.၅၆ | ⬆ |
| ၉ | Austrialia Dollar | AUD | ၁.၄၁၀ | ၁.၄၁၄ | ၁.၄၀၄ | ၁.၄၀၇ | -၀.၂၁ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၉၀ | ၀.၈၉၃ | ၀.၈၈၉ | ၀.၈၉၀ | ၀.၀၀ | |
| ၁၁ | Pound Sterling | GBP | ၀.၇၆၈ | ၀.၇၆၆ | ၀.၇၅၉ | ၀.၇၆၀ | -၁.၀၄ | ⬇ |

Source– Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ မတ် ၂၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၄ ဒသမ ၉၀ ကျပ်ရှိခဲ့ရာမှ ဧပြီလ ၄ ရက်တွင် ၁၅၀၆ ဒသမ ၄၀ ကျပ်သို့ ကျဆင်းလာခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၅၆ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းဘဏ်များအချင်းချင်း ဆက်သွယ်ဆောင်ရွက်နိုင်မည့် မိုဘိုင်းဖုန်းသုံးငွေပေးချေမှုစနစ် (Mobile Payment) ကို ၂၀၂၀ တွင် အပြီးသတ်ဆောင်ရွက်မည်ဟု ဗဟိုဘဏ်ညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်မြင့်ကြည်က ပြောကြားခဲ့သည်ကို သိရှိရပါသည်။ အဆိုပါ အစီအစဉ်သည် ဗဟိုဘဏ်ကဆောင်ရွက်နေသည့် တစ်နိုင်ငံလုံးအသုံးပြုမည့် ငွေပေးချေမှုစနစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါ ငွေပေးချေမှုစနစ်ကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အပိုင်း(က)တွင် ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်ချင်းငွေ လွှဲပြောင်းခြင်းတို့ဖြစ်ကြောင်း၊ ဒုတိယပိုင်းတွင် ပြည်တွင်းဘဏ်အချင်းချင်း ငွေလွှဲပြောင်းနိုင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

လက်ရှိတွင် ပြည်တွင်း၌ အသုံးပြုနေသော ငွေပေးချေမှုအချို့သည် တရားဝင်မဟုတ်သော် လည်း ဗဟိုဘဏ်က အရေးယူနိုင်ခြင်း မရှိသေးဘဲ တွေ့ဆုံဆွေးနွေးပြီး လမ်းကြောင်းမှန်ရောက်ရေး သာ ဆောင်ရွက်နိုင်သည်ဟု ၎င်းကပြောကြားခဲ့သည်ကို သိရှိရပါသည်။ ဗဟိုဘဏ်က ငွေပေးချေမှုနှင့်ပတ်သက်ပြီး ဘတ်စ်ကားစီးရန် သယ်ယူပို့ဆောင်ရေးကတ် ၅ ခု၊ ဗဟိုဘဏ်နှင့် ပြည်တွင်းဘဏ်များကြား ဆောင်ရွက်သည့် MPU ကတ်၊ Credit ကတ် ၅ ခု၊ Union Pay၊ JCB၊ VISA နှင့် Master ကတ်များ ခွင့်ပြုထားသည်ကို သိရှိရပါသည်။ ထို့ပြင် မိုဘိုင်းငွေပေးချေမှုအတွက် Wave Money ၊ M-pitsan ၊ Internet Wallet၊ Mytel စသည်တို့ကို ခွင့်ပြုထားသည်။ မိုဘိုင်း ဘဏ်လုပ်ငန်းအတွက် ပြည်တွင်းဘဏ် ၁၀ ခုကိုလည်း ဗဟိုဘဏ်ကခွင့်ပြုထားကြောင်း သိရှိရပါသည်။

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ငွေဈေးတည်ငြိမ်မှုသည်လည်း အရေးကြီးလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ပြည်တွင်းငွေကြေးဈေးကွက်အပေါ်တွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏လွှမ်းမိုးမှုမြင့်မားခြင်းသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးတစ်ရပ် ဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ပြည်တွင်းငွေကြေးဈေးကွက်အပေါ် အပြည့်အဝ လွှမ်းမိုးချုပ်ကိုင်နိုင်ရေး ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်းနှင့် ငွေကြေးဈေးနှုန်း ပြောင်းလဲမှုများကြောင့် တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြည်သူပြည်သားများအပေါ် ဆိုးကျိုးများမဖြစ်ပေါ်စေရေး ကာကွယ်ပေးနိုင်ရေးအတွက် တည်ငြိမ်မှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## ထားဝယ်မြို့ တဂူသိမ်ဈေးအတွင်း ရောင်းချလျက်ရှိသော အစားအသောက်နမူနာများအား ဓာတ်ခွဲစစ်ဆေးခြင်းဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများသည် ဧပြီလ ၂ ရက်တွင် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များနှင့် ပူးပေါင်း၍ ထားဝယ်မြို့၊ တဂူသိမ် ဈေးအတွင်းရှိ စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များတွင် အများပြည်သူစားသုံးရန် မသင့်သော အစားအသောက်များ ရောင်းချနေမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ သံသယရှိ အစား အသောက်များအား နမူနာများဝယ်ယူ၍ Mobile Lab Van တွင်ပါရှိသော Rapid Test Kit များဖြင့် အစားအသောက်နမူနာများအား ဓာတ်ခွဲစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့အစားအသောက်နမူနာများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုပြုလုပ်ရာတွင် ဈေးဆိုင်(၂)ဆိုင်မှ ရောင်းချနေသော ငရုတ်ဆီတစ်မျိုးမှာ အများပြည်သူ စားသုံးရန် မသင့်သည်ကို စစ်ဆေးတွေ့ရှိရသဖြင့် နောက်နောင် ထပ်မံရောင်းချခြင်းမပြုရန် ကော်မတီဝင်များ၏ ရှေ့မှောက်တွင် ခံဝန်ကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်း သတင်းရရှိသည်။ **ရွှေဝယ်သား**

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

သကြ်န်ရုံးပိတ်ရက်ရှည်ကာလ နီးကပ်လာခြင်းနှင့်အတူ ကမ္ဘာ့ရွှေဈေး ဆက်လက်ကျဆင်းခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာပြီး ပြည်ပစက်သုံးဆီဈေးနှုန်း မြင့်တက်ခြင်းကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာလည်း ဆက်လက်မြင့်တက်ကြောင်း ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် မတ်လနောက်ဆုံးပတ်ထက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၁ ဒေါ်လာခန့်နှင့် ပြည်တွင်းအခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၇၅၀၀ ခန့်ဈေးကျ ကြောင်း၊ စက်သုံးဆီဈေးကွက်တွင် ပြည်ပဈေးမှာ တစ်စည်လျှင် အမေရိကန်တစ်ဒေါ်လာမှ နှစ်ဒေါ်လာခန့်သာ မြင့်တက်သော်လည်း ပြည်တွင်းဈေးမှာမူ တစ်လီတာလျှင် ၅ ကျပ်မှ ၂၅ ကျပ်အထိ မြင့်တက်ကြောင်း ရွှေဘုံသာရွှေဈေးကွက်နှင့် စက်သုံးဆီ ဈေးကွက်အတွင်းမှ သိရှိရပါသည်။ လက်ရှိရွှေဈေးကွက်အခြေအနေအရ ကမ္ဘာ့ရွှေဈေး ဆက်လက်ကျဆင်းပါက ပြည်တွင်းရွှေဈေးလိုက်ပါ ကျဆင်းနိုင်ပြီး စက်သုံးဆီမှာမူ သကြ်န်ကာလအနီးသို့ ရောက်ရှိနေခြင်းကြောင့် ဆက်လက်မြင့်တက်နိုင်ခြေရှိကြောင်း လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်ကို သိရှိရပါသည်။

ပြည်တွင်းစက်သုံးဆီဈေးမှာ ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၈၀၊ အဆင့်မြင့် ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၉၀၊ အောက်တိန်း 92 တစ်လီတာလျှင် ၈၂၅ ကျပ်နှင့် အောက်တိန်း 95 တစ်လီတာလျှင် ကျပ် ၉၁၀ဈေးရှိပြီး ပြည်ပဈေးမှာ အောက်တိန်း 92 တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၅ ကျော်၊ အောက်တိန်း 95 တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇ ကျော်၊ ဒီဇယ်တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၀ ကျော်၊ အဆင့်မြင့်ဒီဇယ်တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၀ ကျော်ဈေးရှိကြောင်း ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံများတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် တောင်အမေရိကနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းတို့

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓာတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | မတ် ၂၉ | ဧပြီ ၁ | ဧပြီ ၂ | ဧပြီ ၃ | ဧပြီ ၄ | မတ် ၂၉ | ဧပြီ ၁ | ဧပြီ ၂ | ဧပြီ ၃ | ဧပြီ ၄ |
| ၁ | မြစ်ကြီးနား | ၄၁၂၆ | ၄၂၁၂ | ၄၂၁၂ | ၄၂၁၂ | ၄၂၁၂ | ၄၅၈၅ | ၄၆၆၆ | ၄၆၆၆ | ၄၆၆၆ | ၄၆၆၆ |
| ၂ | လားရှိုး | ၄၀၀၀ | ၄၀၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၃ | ကျိုင်းတုံ | ၅၀၄၀ | ၅၀၄၀ | ၅၀၄၀ | ၅၀၄၀ | ၅၀၄၀ | ၅၄၉၀ | ၅၄၉၀ | ၅၄၉၀ | ၅၄၉၀ | ၅၄၉၀ |
| ၄ | တောင်ကြီး | ၄၀၅၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၂၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၅၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၄၄၀၀ | ၄၁၅၀ | ၄၁၅၀ | ၄၂၀၀ | ၄၇၀၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ |
| ၆ | ဘားအံ | ၃၈၇၀ | ၃၈၇၀ | ၃၉၁၅ | ၃၉၁၅ | ၃၉၃၈ | ၄၅၉၀ | ၄၅၉၀ | ၄၆၁၃ | ၄၆၁၃ | ၄၆၁၃ |
| ၇ | မော်လမြိုင် | ၄၁၆၂ | ၄၆၃၅ | ၄၂၇၅ | ၄၃၂၀ | ၄၃၂၀ | ၄၆၁၂ | ၄၆၁၂ | ၄၆၃၅ | ၄၆၅၇ | ၄၆၅၇ |
| ၈ | ထားဝယ် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ |
| ၉ | မြိတ် | ၃၉၆၀ | ၃၉၆၀ | ၃၉၈၃ | ၃၉၈၃ | ၄၀၀၅ | ၄၃၂၀ | ၄၃၂၀ | ၄၃၆၅ | ၄၃၆၅ | ၄၃၆၅ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၃၈၇ | ၄၃၈၇ | ၄၃၈၇ | ၄၃၈၇ | ၄၃၈၇ |
| ၁၁ | ပုသိမ် | ၃၇၀၀ | ၄၃၄၀ | ၃၇၀၀ | ၃၈၅၀ | ၃၈၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၄၅၀ | ၄၄၅၀ |
| ၁၂ | စစ်တွေ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၄၄၀ | ၄၄၄၀ | ၄၄၄၀ | ၄၅၂၀ | ၄၅၂၀ |
| ၁၃ | ဟားခါး | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ |
| ၁၄ | မုံရွာ | ၃၉၀၀ | ၃၉၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၅ | မန္တလေး | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၁၆ | ပခုက္ကူ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ |
| ၁၇ | မကွေး | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၄၆၆၀ | ၄၆၆၀ | ၄၆၆၀ | ၄၆၆၀ | ၄၆၆၀ |
| ၁၈ | ပြည် | ၃၉၀၀ | ၃၉၈၀ | ၃၉၈၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၅၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၅၀ | ၄၆၅၀ |
| ၁၉ | ပဲခူး | ၃၇၀၀ | ၃၇၈၀ | ၃၇၈၀ | ၃၈၃၀ | ၃၈၃၀ | ၄၄၀၀ | ၄၄၃၀ | ၄၄၃၀ | ၄၄၃၀ | ၄၄၃၀ |
| ၂၀ | ပျဉ်းမနား | ၃၈၉၃ | ၃၈၉၃ | ၃၈၉၃ | ၃၈၉၃ | ၃၈၉၃ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ |
| ၂၁ | နေပြည်တော် | ၃၈၉၃ | ၃၈၉၃ | ၃၈၉၃ | ၃၈၉၃ | ၃၈၉၃ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ |
| ၂၂ | ကလေး | ၃၉၅၅ | ၃၉၅၅ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၅၅၀ | ၄၅၅၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |

Source : DOCA-Domestic

အသီးသီး ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး၊ Australia နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဈေးနှုန်း လျော့နည်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။ အာရှဒေသနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ထိုင်ဝမ်နိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် မြင့်တက်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

သကြ်န်မတိုင်မီ ပြည်ပသို့တန်ချိန် နှစ်သောင်းကျော်တင်ဆောင်နိုင်သည့် ဆန်သင်္ဘောငါးစင်းခန့်တင်ပို့ရန် ပြည်ပဆန်တင်ပို့သူများက စီစဉ်နေကြောင်း သိရှိရပါသည်။

လက်ရှိ နွေစပါးစတင်ထွက်ရှိချိန်တွင် တရုတ်နှင့် အီးယူနိုင်ငံများက အခွန်တိုးကောက်ခြင်းဖြင့် ဝယ်ယူမှုနည်းပါးနေခြင်းကြောင့် ဆန်၊ စပါးဈေးနှုန်းအကျဘက်သို့ဦးတည်နေပြီး ဆက်တိုက်ကျဆင်းလာမည်ကို တောင်သူများက စိုးရိမ်လျက်ရှိနေကြပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် တောင်သူလယ်သမားများဈေးနှုန်းရရှိမှု မှန်ကန်စေရန်အတွက် စပါးအစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ စသော အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ဧည့်မထအမျိုးအစား ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းဈေးနှုန်းကို အခြေခံ၍ ဝယ်ယူပေးရန် ၂၀၁၈ ခုနှစ် မတ် ၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့်လည်း ဆန်စပါးအသင်းချုပ်မှ အခြေခံဈေးအောက် မကျဆင်းစေဘဲ ဝယ်ယူပေးရန် မေတ္တာရပ်ခံထားခြင်းဖြစ်သလို တစ်ဖက်တွင်လည်း အစိုးရချင်းချိတ်ဆက်ဆောင်ရွက်မှုဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်သို့ တင်ပို့နိုင်ရေးအတွက် လည်းကောင်း ကြိုးပမ်းလျက်ရှိနေသည်ကို သိရှိရပါသည်။ တောင်သူများအနေဖြင့် အခြေခံဈေးဆိုသည်ထက် ဈေးပိုရနိုင်မှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်ပသို့အဓိကတင်ပို့နေသည့် ဆန်စပါးအုပ်စုအမျိုးအစားအလိုက် တင်း ၁၀၀ လျှင်ကျပ် ၄၈၀၀၀၀ မှ ကျပ် ၅၈၀၀၀၀ အထိသာ ပေါက်ဈေးရှိနေကြောင်း၊ စပါးအဟောင်း တင်း ၁၀၀ လျှင် ကျပ် ၆၀၀၀၀၀ အထက် ပေါက်ဈေးရှိနေကြောင်း သိရှိရပါသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၅ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၂၉၅၀ ကျပ်မှ ၂၃၄၀၀ အထိ ပေါက် ဈေးရှိကြောင်း သိရှိရပါသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် ဧပြီ ၄ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် မတ်လအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း၊ အီးယူ ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၂၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၆၇၅ သန်း၊ နိုင်ဂျီးရီးယား ၂ ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၆၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ ဒသမ ၁၀၀ သန်း၊ ယူအေအီး သုည ဒသမ ၉၀၀ သန်း၊ အမေရိကန် သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေ ဖြင့် တန်ချိန် ၂ ဒသမ ၈ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ် ၂၉ ရက်မှဧပြီ ၄ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|
| | | ၂၉.၃.၂၀၁၉ | ၁.၄.၂၀၁၉ | ၂.၄.၂၀၁၉ | ၃.၄.၂၀၁၉ | ၄.၄.၂၀၁၉ |
| ဧယာ | ၅ | ၂၀၅၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၀၀၀ |
| ဧယာ | ၁၀ | ၂၀၀၀၀ | ၁၉၆၀၀ | ၁၉၆၀၀ | ၁၉၆၀၀ | ၁၉၅၀၀ |
| ဧယာ | ၂၅ | ၁၈၀၀၀ | ၁၈၁၀၀ | ၁၈၁၀၀ | ၁၈၁၀၀ | ၁၈၀၀၀ |
| ဧယာ | ၃၅ | ၁၇၇၀၀ | ၁၇၇၀၀ | ၁၇၇၀၀ | ၁၇၅၀၀ | ၁၇၅၀၀ |
| ဧည့်မထ | ၅ | ၁၉၂၀၀ | ၁၉၁၀၀ | ၁၉၁၀၀ | ၁၉၀၀၀ | ၁၉၁၀၀ |
| ဧည့်မထ | ၁၀ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၆၀၀ | ၁၈၆၀၀ | ၁၈၆၀၀ |
| ဧည့်မထ | ၂၅ | ၁၈၀၀၀ | ၁၈၁၀၀ | ၁၈၁၀၀ | ၁၈၁၀၀ | ၁၈၀၀၀ |
| ဧည့်မထ | ၃၅ | ၁၇၇၀၀ | ၁၇၇၀၀ | ၁၇၇၀၀ | ၁၇၅၀၀ | ၁၇၅၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက လွိုင်ကော်မြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၂၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့်ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့်ဈေးကွက်သစ်များရှာဖွေနိုင်ရန် အရေးတကြီး လုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိပါသည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်၊ အထွက်နှုန်း၊ နည်းပညာ၊ သုတေသန၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပိုမိုတွန်းအားပေး လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။


Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၅၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် ဧပြီလ ပထမပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၂၉.၃.၂၀၁၉ | ၁.၄.၂၀၁၉ | ၂.၄.၂၀၁၉ | ၃.၄.၂၀၁၉ | ၄.၄.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၆ | ဘားအံ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၁ | ပုသိမ် | ၁၀၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ |
| ၁၄ | မုံရွာ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ |
| ၂၀ | ပျဉ်းမနား | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၂၁ | နေပြည်တော် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၂၂ | ကလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |

Source-DOCA-Domestic

**PYI PHYO TUN INTERNATIONAL COMPANY LIMITED**

**AMP AUNG MYAT PHYO INTERNATIONAL COMPANY LIMITED**



No. 15, 11th Street, Lanmadaw Township, Yangon, Myamar.
Tel : 95-1-2300460, 95-1-2300480
E-mail : manageppt@yangon.net.mm
Fax : 95-1-2300475, 2300481

# အဘယ 'ထ' အမှတ်တံဆိပ်

သွေးပေါင်ချိန်ကိုထိန်းညှိပေးမယ့်

## သွေးတိုးကျ ခေါင်းကြည်ဆေး



ဂါယ်ဟောက် သောက်သောက်
ပုံမှန်သွေးပေါင်ချိန်ထက်
ပိုမကျသွားစေနဲ့...

လူတိုင်းကျန်းမာ အဘယ စေတနာ

အမှတ်(၁၅၀)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
- ၀၁-၆၄၇၄၂၅၊ -၀၉-၃၁၆၉၇၁၁၇၊ -၀၉-၇၃၂၄၂၁၂၅၊ -၀၉-၅၀၄၁၁၅၆၁၊ -၆၄၂၀၄၇

# မြင့်မြတ်တော်ဝင်

## ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ ဆေးရုံ

(၂၄) နာရီဖွင့်လှစ်သည်။

G-13/15, Pyay Rd.,
Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350

# ASIA WORLD INDUSTRIES LTD

ပီနန်အိတ်ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်း



လူကြီးမင်းတို့ ၏ထွက်ကုန်များအတွက် အရည်အသွေး ကောင်းမွန်သောပီနန်အိတ် အထူ၊အပါး အရွယ်အစားအမျိုးမျိုးနှင့် ဆေးရောင်စုံတံဆိပ်ရိုက်လုပ်ငန်းများအား စိတ်တိုင်းကျ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မှာကြားသောပစ္စည်းများကိုရန်ကုန်မြို့ တွင်း စက်ရုံ၊ပွဲရုံများအရောက်နှင့်နယ်မြို့ များအတွက်သက်ဆိုင်ရာကားဂိတ်၊သင်္ဘောဆိပ်အရောက်ပို့ဆောင်ပေးနေပါသည်။

ကိုယ်စားလှယ်အဖြစ်ဖြန့် ချီလိုသောလုပ်ငန်းရှင်များလည်းဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**Factory & Sale Centre**
**No.125,Muse Street,Industrial Zone(1),South Dagon Township,Yangon.**
**Mobile : 09-443518766,09-260066622,09-260066688**
**Tel : 01-2348472~3**

MMM

Car Sales Center

Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre



min min maung Services Co.,Ltd

မော်တော်ကားဝယ်ယူရန်စီစဉ်နေသူများအတွက် မြန်မာနိုင်ငံရာသီဥတုနှင့်အညီ သင့်လျော်သော ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားကောင်းကားသန့်များကို ဝယ်ယူသူ အမည်ပေါက် စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန် အနယ်နယ်အရပ်ရပ်မှ မိတ်ကောင်းမိတ်သစ်များကို ကျွန်တော်တို့ **MMM Car Sale Center** မှ ဖိတ်ခေါ်အပ်ပါသည်။

အမှတ် (၁၉/၂၀), ဗဟိုလမ်းမကြီး၊ နာနတ်တောဝန်းကျော်နှင့် လှည်းတန်းဝန်းကျော်ကြား (၇) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585

WORLD LUBRICANTS®

FULLY SYNTHETIC & SEMI-SYNTHETIC
ENGINE OILS



DISTRIBUTED BY **DELTA INTERNATIONAL LIMITED**

151/A, Waizayandar Road, Thingangyun Township, Yangon, Myanmar
Tel : 01-856 2252, 856 2253, 573 638
Hot Line : 09-4517 45134
E-mail : worldlub@deltamyanmar.com
Website : www.worldlubricants.uk
Facebook : www.facebook.com/worldlubricants

PRODUCT OF U.A.E

PSH PYI SAN HTIKE CO.,LTD



No (26), Thirimon (8th) Street, Thirimon Housing, Mayann Gone Township, Yangon.
Tel : 09-5109794, 09-5252499, Office : 01-682980
Email : winlaw.law@gmail.com, yeehseng89@gmail.com

KING OF CAR SALE CENTER



အမှတ်၄/၆၊ ဦးလူမောင်လမ်း၊ ကြည်မြင်တိုင်မြို့နယ်၊
ရန်ကုန်မြို့.
ဖုန်း - 09798181818 , 0973030159

# ကြက်သွန်နီအတွက် ဆေးတစ်ခွက် (သို့မဟုတ်) ခေတ်မီ ကြက်သွန်နီသိုလှောင်ရုံ

♦ မျိုးသူ (ကုန်သွယ်မြှင့်) ♦

## စွယ်စုံကြက်သွန်နီ

ကြက်သွန်နီသည် ကျန်းမာရေးအတွက် အထောက်အကူပြုသည်ဟု ယခုအခါ လူအများ လက်ခံ ယုံကြည်လာကြပါသည်။ ကင်ဆာမဖြစ်စေရန် ကြက်သွန်နီအစိမ်းလိုက် တစ်နေ့ သုံးဥခန့် စားလျှင် ကောင်းသည်ဟုလည်းကောင်း၊ ကြက်သွန်နီဥကိုထောင်း၍ အရည်ညစ်ပြီး ခေါင်းမလျှော်မီ လိမ်းပေးလျှင် ဆံပင်မကျွတ်ဟုလည်းကောင်း ပြောဆိုကြပါသည်။ အရှေ့အလယ်ပိုင်းဒေသများတွင် ကြက်သွန်နီကို ဟင်းလျာအဖြစ်သာမက သဘာဝ အားတိုးဆေးအဖြစ်လည်း သုံးစွဲကြကြောင်း သိရှိရပါသည်။ ကြက်သွန်နီသည် ဆေးအဖြစ်သုံးစွဲနိုင်သည်ဟုပင် ပြောနိုင်ပါသည်။ မြန်မာ့ ဟင်းလျာများတွင်လည်း ကြက်သွန်နီကို ဟင်းအနှစ်အဖြစ် သုံးစွဲကြသဖြင့် ကြက်သွန်နီနှင့် ပေါင်းလျှင် ထောင်းခံရမည်ဟု ပင် ဆိုရိုးစကား တစ်ခု ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ နိုင်ငံအများအပြားတွင်လည်း ကြက်သွန်နီဥကြီးများကို အစိမ်းလိုက် အကွင်းလှီးပြီး ဆလပ်အဖြစ် သုံးတတ်ကြပြီး၊ စည်သွပ်ဗူးများတွင် ကြက်သွန်နီဥသေးများကို ထည့်သွင်းသုံးစွဲတတ်ကြပါသည်။ သို့ဖြစ်၍ ကြက်သွန်နီကို စွယ်စုံဘက်စုံအသုံးဝင်သည့် ကြက်သွန်နီဟု ခေါ်ဆိုနိုင်ပါသည်။ နိုင်ငံအချို့တွင် ကြက်သွန်နီကို ဟင်းသီးဟင်းရွက်စာရင်းတွင် ထည့်သွင်းထားပြီး စနစ်တကျ စိုက်ပျိုးထုတ်လုပ်ကြသည်ကို တွေ့ရပါသည်။

## မြန်မာ့ပို့ကုန်ကြက်သွန်နီ

ယခင်က ကြက်သွန်နီကို ပြည်ပတင်ပို့ရန်ထက် ပြည်တွင်းဖူလုံရန်ဟူသော ရည်ရွယ်ချက်နှင့် အခြေခံ စားသောက်ကုန်တစ်ခုအဖြစ် ပြည်တွင်းတွင်လည်း ကုန်ဈေးနှုန်း မတက်စေရန် ရည်ရွယ်ချက်များဖြင့် ပြည်ပတင်ပို့မှုကို ခွင့်မပြုခဲ့ပါ။ ၂၀၀၅ခုနှစ်တွင် ကြက်သွန်နီအပါအဝင် ပြည်ပ တင်ပို့ရန်ကန့်သတ်ထားသော သီးနှံများကို မြေလွတ်မြေရိုင်းများတွင် ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်သော ကုမ္ပဏီများကို ပြည်ပတင်ပို့ခွင့်ပြုမည်ဟု ခွင့်ပြုချက်များအရ ကြက်သွန်နီကို မြေလွတ် မြေရိုင်းများ၊ ချောင်းမြောင်းများတွင် စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပတင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် ပြည်ပတင်ပို့ခွင့်ရရှိသဖြင့် ပင်လယ်ရေကြောင်းမှ အပြင် နယ်စပ်မှပါ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ မှ ယခု ဘဏ္ဍာနှစ်အထိ ပြည်ပတင်ပို့မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| ဘဏ္ဍာနှစ် | တင်ပို့တန်ချိန် | ရရှိတန်ဖိုး (ဒေါ်လာသန်းပေါင်း) | တစ်တန်ပျမ်းမျှဈေး (ဒေါ်လာ/တန်) |
|---|---|---|---|
| ၂၀၁၃-၁၄ | ၅၆၅၁၂ | ၂၇.၁၇၈ | ၄၈၀ |
| ၂၀၁၄-၁၅ | ၃၆၁၃၅ | ၈.၈၆၄ | ၂၄၅ |
| ၂၀၁၅-၁၆ | ၄၇၇၄၇ | ၁၄.၁၆၅ | ၂၉၆ |
| ၂၀၁၆-၁၇ | ၆၆၇၁၃ | ၁၉.၂၁၈ | ၂၈၈ |
| ၂၀၁၇-၁၈ | ၂၂၈၉၇ | ၉.၄၇၂ | ၄၁၃ |
| ၂၀၁၈ (၆လ) | ၃၃၆၆၃ | ၁၀.၀၇၂ | ၂၉၉ |
| ၂၀၁၈-၁၉ (၁.၁၀.၁၈) မှ (၁၅.၃.၁၉)ထိ | ၁၉၅၅၄ | ၄.၀၃၅ | ၂၀၆ |

အထက်ပါဇယားကိုကြည့်လျှင် ကြက်သွန်နီတင်ပို့မှုသည် နှစ်စဉ်တန်ချိန်တစ်သိန်း မပြည့်မီသည်ကို တွေ့နိုင်ပါသည်။ ပိုလျှံမှု မည်မျှပင်ဖြစ်ပါစေ ပြည်ပတင်ပို့ပြီး ပိုလျှံသမျှသည် ပိုစားခြင်းနှင့် လေလွင့်ပျက်စီးခြင်းများသာ ဖြစ်ကြပါသည်။ တင်ပို့ရာတွင်လည်း အအေးခန်းကွန်တိန်နာများကို မသုံးနိုင်သဖြင့် ပင်လယ်ရေကြောင်းမှ တွင်တွင်ကျယ်ကျယ် တင်ပို့နိုင်ခြင်းမရှိပါ။ ပြည်ပတင်ပို့မှုအားနည်းရခြင်း၏ အဓိက အချက်မှာ အခြားအခြားသော သီးနှံများကဲ့သို့ပင် ကုန်ထုတ်လုပ်မှုစရိတ်ကြီးမြင့်ပြီး ပြည်တွင်းဈေးများသောကြောင့် တောင်သူများ၊ ကုန်သည်များ အားလုံးပင် အကျိုးအမြတ် နည်းပါးရပါသည်။ အထူးသဖြင့် တောင်သူများတွင် အကျိုးအမြတ် အနည်းဆုံး ဖြစ်နေကြောင်း သတင်းများ ရရှိပါသည်။

## အကျိုးအမြတ်နည်းပါးရခြင်း၏အခြေခံအချက်များ

အခြေခံအကြောင်းတရားများမှာ တောင်သူများ ငွေကြေးအရင်းအနှီးနည်းပါးခြင်း၊ မျိုး မကောင်းခြင်း၊ စိုက်ပျိုးချိန်မှ စားသုံးချိန်အထိ နည်းပညာပိုင်းအားနည်းခြင်း၊ သယ်ယူပို့ဆောင်ခ ဈေးကြီးခြင်း၊ ခေတ်မီသိုလှောင်ရုံများ မသုံးနိုင်ခြင်းကြောင့် အလေအလွင့်များပြားခြင်းတို့ပင် ဖြစ်ပါသည်။ ကြက်သွန်နီကို တောင်သူ သဘာဝသိုလှောင်ရာတွင် လေလွင့်မှုသည် မတ်လမှ ဩဂုတ်လအထိ ခြောက်လခန့်အတွင်း သိုလှောင်မှုအလျော့သည် ၂၀ မှ ၃၀ ရာခိုင်နှုန်းခန့်အထိပင် ရှိတတ်သည်ဟု ပြောဆိုကြပါသည်။ သို့ဖြစ်၍ ကြက်သွန်နီ၏ တန်ဖိုးကွင်းဆက်တစ်ခုလုံးတွင် သိုလှောင်ရုံအတွင်း အလေအလွင့်သည် ရာခိုင်နှုန်း အများဆုံးဟုပင် ပြောနိုင် မည်ထင်ပါသည်။ ရိတ်သိမ်းချိန်၊ သယ်ယူချိန် အလျော့များကိုပါ အဆင့်တိုင်းတွင် တွက်ချက်မည်ဆိုပါက အလေအလွင့် ရာခိုင်နှုန်းမှာ အလွန် များပြားသည်ကို တွေ့နိုင်ပါသည်။ အချို့တောင်သူများသည် အလေအလွင့်နှင့် အထွက်နည်းပါးမှုကြောင့် စိုက်စရိတ်ပင် ပြန်မရရှိကြသည်များလည်း ရှိသည်ကို မကြာခဏဆိုသလို ကြားသိနေရပါသည်။ ကြက်သွန်နီအတွက် အဓိက စိန်ခေါ်မှုသည် ရာသီဥတုဖောက်ပြန်မှုနှင့် သိုလှောင်မှုဟု ပြောလျှင် မှားမည်မထင်ပါ။ အဆိုပါ စိန်ခေါ်မှုများကို မည်သို့သော နည်းလမ်းများနှင့် ကျော်လွှားမည်ဆိုသည်ကို လုပ်ဆောင်နိုင်ရန် လိုအပ်ပါသည်။

## နယ်သာလန်ကြက်သွန်နီ

သတင်းတစ်ခုတွင် နယ်သာလန်နိုင်ငံ၏ ကြက်သွန်နီတင်ပို့မှုသည် ၂၀၁၆-၂၀၁၇ တွင်တန်ချိန် ၁ ဒသမ ၁သန်းအထိ ရှိခဲ့သည်ဟု ဆိုပါသည်။ ကြက်သွန်နီ တင်ပို့မှုထဲတွင် အင်ဒိုနီးရှားနိုင်ငံလည်း ပါဝင်နေသည်ကို တွေ့ရပါသည်။ အခြားဥရောပနိုင်ငံများ၊ အာဖရိကနိုင်ငံများသို့လည်း တင်ပို့ကြောင်း၊ သတိထားလောက်အောင် ကြီးထွားလာသော ဈေးကွက်များတွင် နိုင်ကာရာဂွါ၊ ဖိလစ်ပိုင်၊ ယူအေအီး၊ ယူအက်စ်အေနှင့် ဗီယက်နမ်တို့ဖြစ်ကြောင်း ဟော်လန်ကြက်သွန်နီအသင်း၏ သတင်းအရ သိရပါသည်။ ကြက်သွန်နီ၏ ကမ္ဘာ့တင်သွင်းတင်ပို့မှုကိုကြည့်လျှင် နယ်သာလန်သည် တင်ပို့မှုနှင့် တင်သွင်းမှုနှစ်ခုစလုံးတွင် ထိပ်ဆုံးမှ ပါဝင်ပါသည်။ ဆိုလိုသည်မှာ နယ်သာလန်သည် တင်သွင်းမှုကိုလည်း ပြုလုပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြုပြင်ကာ ပြည်ပသို့ပြန်လည်တင်ပို့မှုများ ပြုလုပ်သည်ဟူသော အဓိပ္ပာယ် ဖြစ်ပါသည်။ တရုတ်နိုင်ငံသည်လည်း အများဆုံးတင်သွင်းသော နိုင်ငံထဲတွင် ပါဝင်နေသည်ကို တွေ့နိုင်ပါသည်။ အိန္ဒိယနိုင်ငံသည်လည်းတင်ပို့မှုတွင် တတိယနေရာတွင် ရှိနေသည်ကို တွေ့နိုင်ပါသည်။ နယ်သာလန်နိုင်ငံသည် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးမှစကာ စားသုံးသူ ပါးစပ်တွင်းရောက်သည်အထိ အောင်မြင်သော နည်းလမ်းများရှိနေပြီဖြစ်သဖြင့် နယ်သာလန်နိုင်ငံ၏ နည်းစနစ်များကို အတုယူခြင်းဖြင့် ကြက်သွန်နီအတွက် စိန်ခေါ်မှုများကိုမြန်မာကြက်သွန်နီ စိုက်တောင် သူများကျော်လွှားနိုင်မည် ဟုမျှော်လင့်မိပါသည်။

## ကြက်သွန်နီသိုလှောင်ရုံ

မြန်မာနိုင်ငံတွင် ကြက်သွန်နီသိုလှောင်ရုံဟူသည်မှာ အညာဒေသဖြစ်သော မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင်သာ တွေ့နိုင်မည် ထင်ပါသည်။ ကြက်သွန်နီသိုလှောင်ရုံဟု လက်ရှိအခြေအနေတွင် သီးသန့်ထားရှိနိုင်သည်ဟု မထင်ပါ။ မိရိုးဖလာ ကြက်သွန်နီ သိုလှောင်ရုံများမှာ ထရံမိုး၊ ထရံကာ၊ ဝါးကြမ်းခင်း၊ ဒေါက်စေ့၊ ဝါးကပ်မိုးများ ဖြစ်ကြပါသည်။ အဆိုပါ ဝါးကြမ်းခင်းပေါ်တွင် ဖျာ ကြမ်းခင်းကာ ခပ်ပါးပါးခင်း၍ သိုလှောင်တတ်ကြပါသည်။ အနည်းငယ်ထူထူလှောင်မိလျှင် လေခေါင်းတိုင်များပြုလုပ်ကာ ကြက်သွန်နီအပုံအတွင်း ထိုးစိုက်ထားတတ်ပါသည်။ ကျေးရွာများတွင်မူ လက်ရှိအချိန်တွင် ကြက်သွန်နီကို မိမိတတ်နိုင်သည့်အတိုင်းအတာကိုလိုက်ကာ နည်းလမ်းအမျိုးမျိုးဖြင့် သိုလှောင်တတ်ကြပါသည်။ မြင်းခြံဖက်မှ ရွာတစ်ရွာတွင် ကြက်သွန်နီ အထွက်ကောင်းသော နှစ်တွင် ကြက်သွန်နီထားသည့် ကျီနှင့်မဆန့်သဖြင့် အိမ်ခန်းတွင်းထည့်ထားကာ အိမ်ရှင်တောင်သူမှ အိမ်ပြင်ထွက်အိပ်နေသည်ကို တွေ့ရပါသည်။ ကြက်သွန်နီကိုစနစ်တကျသိုလှောင်သည်မှာ အလွန်ရှားပါးပြီး ခေတ်မီနည်းစနစ်ဖြင့် သိုလှောင်သည်ကို မတွေ့ဖူးသလောက်ဖြစ်ပါသည်။

## မြင်းခြံမှခေတ်မီကြက်သွန်နီသိုလှောင်ရုံ

မြန်မာနိုင်ငံတွင် ကြက်သွန်နီ အဓိက စိုက်ပျိုးထုတ်လုပ်သော ဒေသမှာ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး သုံးခုသာဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံခရိုင်သည် အများဆုံး စိုက်ပျိုးသောနေရာဖြစ်ပါသည်။တောင်သာမြို့နယ်ရှိ ဆင်တဲဝချောင်းမှာ ဆောင်းကြက်သွန်နီ အများဆုံး စိုက်ပျိုးသော နေရာဖြစ်သကဲ့သို့ မြင်းခြံမြို့တွင် တလုပ်ရွာ၊ အနိမ့်ရွာတို့မှာ ကြက်သွန်နီ စိုက်ပျိုးသော ဒေသများဖြစ်ပါသည်။ အဆိုပါနေရာတွင် မျိုးစေ့မျိုးစုံစိုက်ပျိုးထုတ်လုပ်ရောင်းချသကဲ့သို့ သီးနှံမျိုးစုံကို လက်ခံဝယ်ယူပေးသော ကိုးသုံးလုံး မဟာသမာဓိကုမ္ပဏီသည် ပြောင်းဖူးစေ့နှင့် မြေပဲ ဆင်း ၁၁ မျိုးများကို ထုတ်လုပ်ရောင်းချနေကာ ကြက်သွန်နီကိုလည်း ဒေသခံတလုပ်မျိုး မျိုးစေ့ရောင်းချနေသည့်အပြင် နိုင်ငံခြားမျိုးများကို ထုတ်လုပ်နိုင်ရေးအတွက်ကို ပြင်ဆင်နေသည်ကိုတွေ့ရပါသည်။ ၂၀၁၉ ခုနှစ် ဧပြီ ၄ ရက်တွင် အဆိုပါ အနိမ့်ကျေးရွာရှိ ကိုးသုံးလုံး မဟာသမာဓိကုမ္ပဏီ ပိုင်မြေတွင် ကြက်သွန်နီ ခေတ်မီသိုလှောင်ရုံငယ်ကို ဖွင့်လှစ်ခဲ့ပါသည်။ ကြက်သွန်နီ တန် ၃၀ ခန့်သာသိုလှောင်နိုင် သောနမူနာ သိုလှောင်ရုံဖြစ်သော်လည်း အဆိုပါသိုလှောင်ရုံသည် အအေးခန်းသိုလှောင်ရုံမဟုတ်ဘဲ လေဝင်လေထွက်ကောင်းစေရန် အလိုအလျောက်ထိန်းညှိပေးနိုင်သည့် စနစ်သုံး သိုလှောင်ရုံဖြစ်ပါသည်။ သိုလှောင်ရုံကို နယ်သာလန်နိုင်ငံမှ Omivent ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပေးခြင်းဖြစ်ပြီး ကြက်သွန်နီအပြင် အာလူးကိုလည်း သိုလှောင်နိုင်ပြီး၊ ဟင်းသီးဟင်းရွက်များလည်း သိုလှောင်ရန် သင့်လျော်ကြောင်း သိရှိရပါသည်။ ဟဲဟိုးတွင်လည်း သိုလှောင်ရုံနှစ်လုံး ဆောက်လုပ်သုံးစွဲလျက်ရှိကြောင်း သိရပါသည်။ ကြက်သွန်နီအတွက်မူ ယခုသိုလှောင်ရုံသည် ပထမဆုံးခေတ်မီ သိုလှောင်ရုံ ဖြစ်မည်ထင်ပါသည်။ ကြက်သွန်နီ အတွက် အသင့်လျော်ဆုံးသော အပူချိန်တွင် သိုလှောင်ရုံအတွင်း အပူချိန်ကို ထိန်းညှိပေးထားခြင်းဖြင့် ကြက်သွန်နီမှ အမြိတ်မထွက်ရန်၊ အလျော့တွက်နည်းပါးရန်တာဝန် ခံနိုင်သည်ဟု ဆိုပါသည်။ ထို့အပြင် သိုလှောင်မည့် ကြက်သွန်နီကို ရိတ်သိမ်းချိန်တွင် အမြိတ် လေးလက်မခန့် ချန်လှပ်ထားမည်ဆိုပါက ပိုးဝင်ရောက်မှုကိုလည်း ထိန်းနိုင်မည်ဖြစ်ပြီး ရေရှည်သိုလှောင်နိုင်မည်ဟု သိရပါသည်။ အလျော့တွက်မှာ သိုလှောင်သည့် အရည်အသွေးကောင်းလျှင် ၃ ရာခိုင်နှုန်းခန့်သာရှိသည်ဟု ဆိုပါသည်။ တစ်နှစ်ခန့်အထိ ကောင်းစွာသိုလှောင်နိုင်မည်ဟုလည်း သိရပါသည်။ အရေးကြီးသည်မှာ သိုလှောင်မည့်ကြက်သွန်နီတွင် အရိမပါရန်၊ အရည် အသွေးကောင်းရန်အဓိကကျသည်ဟု ဆိုပါသည်။ အဆိုပါ ခေတ်မီ သိုလှောင်ရုံ၏ အမိုးအကာအခင်းနှင့် အချို့သော ပစ္စည်းများကို ပြည်တွင်းထုတ်ပစ္စည်းများဖြင့် ဆောင်ရွက်နိုင်သဖြင့် ကုန်ကျစရိတ်ကို သက်သက်သာသာဖြင့်လည်း ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ရရှိနိုင်ပါသည်။ အအေးခန်းသိုလှောင်ရုံမျိုးကဲ့သို့လည်း ကုန်ကျစရိတ် အလွန် မများပြားနိုင်သည်ကို တွေ့ရပါသည်။ အဆိုပါခေတ်မီကြက်သွန်နီ သိုလှောင်ရုံမျိုးကိုသာ ကုန်သည်အဆင့်တွင် တည်ဆောက်သိုလှောင်သုံးစွဲမည်ဆိုပါက လေလွင့်ဆုံးရှုံးမှုလည်း များစွာ လျော့နည်း မည်ဖြစ်ပြီး အရည်အသွေးကိုလည်း မူလအတိုင်းနီးပါး ထိန်းသိမ်းထားနိုင်သဖြင့် စားသုံးသူအတွက်လည်း ကောင်းမွန်သော အရသာကို ရရှိမည်ဖြစ်သောကြောင့် တောင်သူကုန်သည် စားသုံးသူ သုံးမျိုးလုံး အကျိုးရရှိနိုင်သည့် win-win-win အခြေအနေကို ရရှိနိုင်ပါသည်။ လေလွင့်ပျက်စီးဆုံးရှုံးမှုသည် ရာသီဥတုဖောက်ပြန်သဖြင့် ပျက်စီးမှုပြီးလျှင် အဆိုးဆုံးဖြစ်နေသဖြင့် အလေအလွင့်ကို ၁၀ ရာခိုင်နှုန်းခန့် လျှော့ချနိုင်မည်ဆိုလျှင်ပင် ကြက်သွန်နီ ပြည်တွင်းဈေးကြီးမြင့်မှုကို ထိန်းနိုင်မည်ဖြစ်သကဲ့သို့ ထုတ်လုပ်မှု ကုန်ကျစရိတ်ကိုလည်း လျှော့ချနိုင်မည်ဖြစ်သဖြင့် အလွန်ကောင်းမွန်သော အကျိုးကျေးဇူးများ ကို ခံစားရမည်ဖြစ်ပါသည်။ အခိုက်အတန့်အားဖြင့် သိုလှောင်ရုံတည်ဆောက်စရိတ် ကြီးမြင့်သည်ကို ချေးငွေများ၊ စုပေါင်းသိုလှောင်ရုံစနစ်များ၊ အရစ်ကျဆပ်ရသည့် တည်ဆောက်မှုများဖြင့် လုပ်ဆောင်နိုင်မည်ဆိုပါက တောင်သူကုန်သည် နှစ်ဖက်စလုံးအကျိုးများစွာ ရရှိနိုင်မည်ဖြစ်ပါသဖြင့် ဆေးဖက်ဝင်သော ကြက်သွန်နီအတွက် လေလွင့်ဆုံးရှုံးခြင်းကိုလျှော့ချနိုင်ပြီး ကြက်သွန်အလှမပျက်စေမည့် 'ကြက်သွန်နီအတွက် ဆေးတစ်ခွက်' ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည် ခင်ဗျား။

# စားသုံးသူကာကွယ်ရေးဥပဒေကို လေ့လာပါ၊ စားသုံးသူအခွင့်အရေးများ ရယူကြပါ

| မောင်လွင်ပြင် |

ပြည်ထောင်စုလွှတ်တော်က 'စားသုံးသူ ကာကွယ်ရေးဥပဒေ' ကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်းလိုက်သည်။ စားသုံးသူ ကာကွယ်ရေးဥပဒေသည် အများပြည်သူနှင့် တိုက်ရိုက်သက်ဆိုင် သောဥပဒေဖြစ်သည်။ အများ ပြည်သူအတွက် မရှိမဖြစ်လိုအပ်ပြီး ပြည်သူ့ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေး သော ပြည်သူ့သက်စောင့်ဥပဒေတစ်ရပ်လည်း ဖြစ်သည်။ ပြည်သူအများ သည်ယင်းဥပဒေကိုအသေအချာလေ့လာနားလည်ထားကြဖို့လိုသည်။

ယင်းဥပဒေတွင် အခန်းပေါင်း ၂၅ ခန်းပါဝင်သည်။ အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း (၂) ရည်ရွယ်ချက်၊ အခန်း(၃) ကော်မရှင်ဖွဲ့စည်းခြင်း၊ အခန်း(၄) ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များ၊ အခန်း(၅) ဦးစီး ဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၆) စစ်ဆေး ရေးအရာရှိ၏ လုပ်ငန်းတာဝန်များ၊ အခန်း(၇) စားသုံးသူရေးရာ ကော်မတီဖွဲ့စည်းခြင်း၊ အခန်း(၈) စားသုံးသူရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၉) စားသုံးသူ၏အခွင့် အရေးနှင့် တာဝန်များ၊ အခန်း(၁၀) စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ အခန်း(၁၁) ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက် ပေးခြင်း၊ အခန်း(၁၂) ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံပေးထားမှု အပေါ် စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေး၊ အခန်း(၁၃) ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ အခန်း (၁၄) ဝန်ဆောင်မှုလုပ်ငန်းများ၏အာမခံချက်နှင့် စပ်လျဉ်း၍ စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေး၊ အခန်း(၁၅) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုလုံခြုံစိတ်ချရမှု၊ အခန်း (၁၆) ဘေးအန္တရာယ်ရှိသော ကုန်စည်ကိုဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့ မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့် ဘေးအန္တရာယ် ရှိသော ဝန်ဆောင်မှုကိုတားမြစ်ခြင်း၊ အခန်း(၁၇) ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု၊ အခန်း(၁၈) ကုန်အညွှန်း အမှတ် အသားဖော်ပြခြင်း၊ အခန်း (၁၉) တိုင်ကြားခြင်းနှင့် စိစစ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ခြင်း၊ အခန်း (၂၀) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ အခန်း (၂၁) အယူခံဝင်ခြင်း၊ အခန်း (၂၂) စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ဆောင်ရွက်မည့်အချက် များ၊ အခန်း(၂၃) တားမြစ်ချက်များ၊ အခန်း (၂၄) ပြစ်မှုနှင့် ပြစ်ဒဏ် များ၊ အခန်း (၂၅) အထွေထွေတို့ဖြစ်သည်။

စားသုံးသူကာကွယ်ရေးဥပဒေသည် အများနှင့် သက်ဆိုင် သောဥပဒေဖြစ်သည်။ ပြည်သူ့ သက်စောင့်ဥပဒေဖြစ်သည်ဟု ဆိုရာ တွင် အများ ပြည်သူအားလုံးသည် အမြဲတမ်းစားသုံးသူများဖြစ်သည်။ သို့သော် ၎င်းစားသုံးသူတစ်ရပ်လုံးသည် တစ်ချိန်ချိန်တွင် ဝန် ဆောင်မှုပေးသူများလည်း ဖြစ်ကြသည်။ ဝန်ဆောင်မှုပေးသူများဖြစ် သလို ကုန်စည်ထုတ်လုပ်၊ သယ်ယူဖြန့်ဖြူး၊ ရောင်းဝယ် ဖောက်ကားသူ များလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် စားသုံးသူကာကွယ်ရေးဥပဒေ၏ အခန်းတိုင်း၊ ပုဒ်မတိုင်း၊ ပုဒ်မခွဲတိုင်းအား စေ့စပ်သေချာလေ့လာ ထားဖို့လိုသည်ဟု ညွှန်းရခြင်းဖြစ်သည်။ အများ ပြည်သူစားသုံးသူ များအတွက် အဓိကညွှန်းချင်သည့် အခန်းများရှိသည်။ အခန်း (၉) စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ အခန်း (၁၀) စီးပွားရေး လုပ်ငန်းရှင်၏တာဝန်များ၊ အခန်း(၁၁) ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ အခန်း (၁၂) ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံ ပေးထားမှုအပေါ် စားသုံးသူကတောင်းဆိုနိုင်သည့် အခွင့်အရေး၊ အခန်း(၁၃) ဝန်ဆောင်မှုနှင့်စပ်လျဉ်း ၍ အာမခံချက်ပေးခြင်း၊ အခန်း(၁၄) ဝန်ဆောင်မှု လုပ်ငန်းများ၏ အာမခံချက်နှင့်စပ်လျဉ်း၍ စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေး၊ အခန်း(၁၅) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုလုံခြုံစိတ်ချရမှု၊ အခန်း(၁၇) ကုန်စည် သို့ မဟုတ် ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု၊ အခန်း (၁၈) ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်း၊ အခန်း (၁၉) တိုင်ကြားခြင်းနှင့် စိစစ် ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ခြင်း၊ အခန်း (၂၂) စားသုံးသူကာကွယ်ရေး ဆိုင်ရာ အသင်းအဖွဲ့များနှင့်ဆောင်ရွက်မည့်အချက်များ၊ အခန်း (၂၄) ပြစ်မှုနှင့် ပြစ်ဒဏ်များစသည့်အခန်းများအား အထူးလေ့လာကြ စေလိုသည်။

ယင်းဥပဒေပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်က စားသုံးသူအခွင့် အရေး အပြည့်အဝရရန်၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက် ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန် စည် သို့မဟုတ် ဝန် ဆောင်မှုများ ဖော်ဆောင် ဖြည့်ဆည်းနိုင်စေရန်၊ စားသုံးသူတို့ ဘေးအန္တရာယ် ကင်းရှင်းမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု များနှင့် ယင်းတို့ကို သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံး မှုများကို ကာကွယ် ပေးရန်၊ စားသုံးသူတို့ ဘေးအန္တရာယ်ဖြစ်စေသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း ၍ အမြန်ဆုံး အရေးယူဆောင်ရွက်ပေးမှုများ လုပ်ဆောင်ပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲပြဋ္ဌာန်းထားသည်ကို အခန်း (၂) ရည် ရွယ်ချက်များ၊ အခန်းတွင်လေ့လာတွေ့ရှိရမည်။ ထို့ပြင် 'စားသုံးသူ' ဆိုသည်ကို အခန်း (၁) ပုဒ်မ ၂ (ခ) တွင် စားသုံးသူဆိုသည်မှာ ကုန် စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုရန် သို့ မဟုတ် အသက်မွေးဝမ်းကျောင်းပြုရန်မဟုတ်ဘဲ ကိုယ်တိုင်သုံးစွဲမှု အတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်း၊ ကုန်စည် ချေးငှား ခြင်းပြုလုပ်သူများ သို့မဟုတ် ပေးကမ်း ထောက်ပံ့ခြင်းခံရသူများကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားသည်။ 'စီးပွားရေးလုပ်ငန်းရှင်' ဆိုသည်ကို လည်း ပုဒ်မ ၂(ဂ) တွင် ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြုပြင်ထုတ် လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြန်လည် ရောင်းချခြင်းကို ဖြစ်စေ၊ ထောက်ပံ့ပေးခြင်းကိုဖြစ်စေ၊ ဝန်ဆောင်မှု ပေးခြင်းကိုဖြစ်စေ၊ ကြော်ငြာလုပ်ငန်းလုပ်ကိုင်ခြင်းကိုဖြစ်စေ တစ်ဦး ချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ ဆောင် ရွက်သူကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ပြဋ္ဌာန်းထားသည်။ ထိုနည်းတူ 'ဝန်ဆောင်မှု'ဆိုသည်ကို လည်း ပုဒ်မ ၂(င) တွင်လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအသွင်ဖြင့် စားသုံးသူ၏လိုအပ်ချက်ကို တန်ဖိုးဖြင့်ဖြစ် စေ၊ တန်ဖိုးမပါဘဲဖြစ်စေ ဖြည့်ဆည်းပေးသည့် ဆောင်ရွက်မှုကိုဆို သည်ဟု ပြဋ္ဌာန်းထားသည်။ 'ကြော်ငြာခြင်း' ဆိုသည်ကိုလည်း ပုဒ်မ ၂(ဈ) အဖြစ် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စာဖြင့် ဖြစ်စေ၊ နှုတ် ဖြင့်ဖြစ်စေ၊ အမူအယာဖြင့်ဖြစ်စေ၊ အသံဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ စားသုံးသူသိရှိစေရန် ရည်ရွယ်၍ ဆောင် ရွက်မှုကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းထားသည်။

စားသုံးသူကာကွယ်ရေးဥပဒေသည် ခြွင်းချက်တစ်ခုတော့ ရှိ၏။ ယင်းဥပဒေအခန်း (၁၈)ပါ ပြဋ္ဌာန်းချက်များသည် ယင်းဥပဒေ ထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှစတင် အာဏာ တည်မည်ဖြစ်သည်။ ကျန်အခန်းပါပြဋ္ဌာန်းချက်များကတော့ ဥပဒေ ထုတ်ပြန်သည့် နေ့ရက်ကစပြီး စတင်အာဏာတည်သည်ဟု သတ် မှတ် ပြဋ္ဌာန်းထားသည်။ တစ်နှစ်ပြည့်ပြီးမှ အာဏာစ တည်မည်ဖြစ် သော အခန်း(၁၈)သည် ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းအတွက် ပြဋ္ဌာန်းထားသည့် အခန်းဖြစ်သည်။ ကုန်အညွှန်း အမှတ်အသား ဖော်ပြရမည်ဆိုသော ပြဋ္ဌာန်းချက်က အဓိကတော့ ကုန်ပစ္စည်းပေါ် တွင် ကုန်အညွှန်း အမှတ်အသားကို မြန်မာဘာသာဖြစ်စေ၊ မြန်မာ ဘာသာနှင့် အခြားဘာသာတစ်ခု၊ တစ်ခုထက်ပိုပြီး တွဲလျက်ဖော်ပြရ မည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ် သည်။ အခန်း (၂၄) ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အခန်းတွင်လည်း စိတ်ဝင်စားစရာတွေ့ရသည်။ ယင်း အခန်းပုဒ်မ ၆၉ မည်သူမဆို ပုဒ်မ ၆၂ ပါတားမြစ် ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကိုခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ် ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၆၂ က ဘာပြဋ္ဌာန်းထားသနည်းဆိုလျှင် စားသုံးသူ သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန် မရိုးမဖြောင့် သောသဘောဖြင့် လီဆယ်တိုင်ကြားခြင်းကို ပြဋ္ဌာန်းထားသည်။ စီးပွားရေးလုပ်ငန်းရှင်အတွက် ပြစ်ဒဏ်ကတော့ ပုဒ်မ ၆၃ ၊ ၆၄ တို့ ဖောက်ဖျက်လျှင် ထောင်ဒဏ် ခြောက်လနှင့် ငွေဒဏ်ကျပ်သိန်း ၂၀၊ ထပ်မံကျူးလွန်လျှင် ထောင်ဒဏ်တစ်နှစ်၊ ငွေဒဏ်ကျပ်သိန်း ၁၀၀၊ ပုဒ်မ ၆၅ ကိုကျူးလွန်လျှင် ထောင်ဒဏ် ခြောက်လနှင့် ငွေဒဏ် ကျပ်သိန်း ၅၀၊ ထပ်မံကျူးလွန်လျှင် ထောင်ဒဏ်တစ်နှစ်နှင့် ငွေဒဏ် ကျပ် သိန်း ၁၀၀ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း ကောက်နုတ် တင်ပြလိုက်ရပါသည်။

**ရည်ညွှန်း ။ ကြေးမုံသတင်းစာ မတ်လ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅ ရက်နေ့ ထုတ်များ။**

**Commerce ကာတွန်း**



# ကလေးခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် (၃/၂၀၁၉ ) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် ( ၃/၂၀၁၉ ) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ ရက်တွင် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယခရိုင်အထွေထွေအုပ်ချုပ် ရေးမှူးဦးကျော်စိုးလွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးအောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆောင်ရွက်ဆဲ အစီအမံများ၊ ကလေးခရိုင်နယ်မြေအတွင်း စက်ရုံအလုပ်ရုံ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးမှုအခြေအနေများ၊ ၂၀၁၉ ခုနှစ် မတ် ၁ ရက်မှ ၂၄ ရက်အထိ ကျောင်း၊ ဈေး၊ ရပ်ကွက်၊ ကျေးရွာ စုစုပေါင်းစားသုံးသူရေးရာအဖွဲ့ငယ် ဖွဲ့စည်းနိုင်မှုမှာ ၁၁၂ ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ (CICC) တိုင်ကြားမှုနှင့်ပတ်သက်၍ ပြီးခဲ့သောTelenor ကိစ္စမှာ တိုင်းသို့ တင်ပြပြီးကြောင်း၊ ချင်းဆိုင်ကျေးရွာမှ ကြက်မွေးမြူရေးကိစ္စနှင့်ပတ်သက်၍ တိုင်ကြားလာမှုအား စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ အဖွဲ့ပေါင်းစုံဖြင့် သွားရောက်၍ ပထမဦးစွာကြက်မွေးမြူသူများကို ပညာပေးဆွေးနွေးခဲ့ပြီး ဒုတိယအကြိမ်တွင် တိုင်ကြားသူနှင့် မွေးမြူသူများ၊ ရွာသားများကို သွားရောက် ဆွေးနွေးမည်ဖြစ်ကြောင်း၊ စာသင်ကျောင်း ဟောပြောပွဲများမှာ ကျောင်းများ ပိတ်ထားသည့် ကာလဖြစ်၍ ရပ်ကွက်များသို့ ဟောပြောသွားမည်ဖြစ်ကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ (၃/၂၀၁၉) မှ လုပ်ဆောင်နိုင်ခဲ့မှုများမှာ ကလေး၊ ကလေးဝ၊ မင်းကင်းဖြစ်ကြောင်း၊ သိမ်းဆည်းပမာဏ ငွေမှာ ကျပ် ၈၈၂၅၀၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းမြို့များမှာ ကျပ် ၂၈၅၂၀၀ သတိပေးခဲ့ခြင်းမှာ စုစုပေါင်း (၃)ကြိမ် သတိပေးခဲ့ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကလေးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းပေးရေး အဖွဲ့ဝင်များမှလည်း အကြံပြုဆွေးနွေးခဲ့ကြပြီး ကလေးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းပေးရေးအဖွဲ့ ဒုတိယခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က စစ်ဆေးရာတွင် သိမ်းဆည်းရမိပစ္စည်းများကို ဖျက်ဆီးပေးရန်၊ ပုပ်သိုးနေသော အသား၊ ငါးများ ရောင်းချခြင်း၊ သက်တမ်းလွန်၊ ထုပ်ပိုးမှုမကောင်းသော အစားအသောက်နှင့် ဆေးဝါးများကို ရောင်းချနေခြင်းများ သတင်းရရှိအောင် ဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိရပါသည်။

**ဇင်မိုးဝါ (ကလေးမြို့)**

## မတ်လအတွင်း ရော်ဘာတန်ချိန် တစ်သောင်းခြောက်ထောင်ကျော် တင်ပို့

မတ်လ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းဖြစ်သော ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ၀၁၈ သန်းတန်ဖိုးရှိ RSS-3 အမျိုးအစား ၁၅ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ ရော်ဘာတင်ပို့မှု မရှိသလို မြန်မာ-ထိုင်းနယ်စပ်မှလည်း တင်ပို့မှုမရှိကြောင်း သိရပါတယ်။ မတ်လအတွင်း ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၅၉၀ သန်းဖိုးနဲ့ ရော်ဘာ ၄၇၈ တန်တင်ပို့ခဲ့ပြီး ယခင်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၆၈၈၇ တန်လျော့ကျခဲ့ကြောင်း သိရပါတယ်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ်လ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၃၄ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ တန်ချိန် ၃၈၂၀ ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၈၉၅ တန်၊ MSR-20 အမျိုးအစား တန်ချိန် ၁၀၀ နဲ့ RSS-4 အမျိုးအစား တန်ချိန် ၂၀၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၂၀၁၉ တန်နဲ့ MSR-10 အမျိုးအစား ၁၀၁ တန်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား ၁၆၁ တန်ကျော်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၄၀၃ တန်၊ RSS-3 အမျိုးအစား တန်ချိန် ၂၀ နဲ့ RSS-1 အမျိုးအစား ၁၀၁ တန်တင်ပို့ခဲ့တာဖြစ်ကြောင်း သိရပါတယ်။မတ်လအတွင်းမှာ အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၄၃၀ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ တန်ချိန် ၁၅၅၄၀ တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဖေဖော်ဝါရီလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၆၉၈ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

မတ်လအတွင်း ရော်ဘာတင်ပို့မှုစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၂၀ သန်းနဲ့ ၁၆၀၁၈ တန်ဖြစ်ပြီး ယခင်လတင်ပို့မှုထက် ရေကြောင်းမှ ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## လားရှိုးမြို့တွင် သင်္ကြန်ကာလအတွင်း ကားခဈေးနှုန်းများ မြင့်တက်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ မတ်လ ၂၅ ရက် ညနေပိုင်းမှစတင်ကာ နားမခေါ် ကားကြီးကွင်းအတွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်အားလုံးအား သင်္ကြန်ကာလရောက်ရှိချိန်နီးလာပြီဖြစ်သဖြင့် ကားလက်မှတ်ဈေးနှုန်းများ တိုးမြှင့်ကောက်ခံခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကားမောင်းနှင်ရာတွင် ယာဉ်မောင်းများအရက်သေစာသောက်စားထားခြင်းရှိ/မရှိ၊ ကားပေါ်တွင် မီးသတ် ဆေးဗူးထားရှိခြင်း ရှိ/မရှိ၊ ယာဉ်မောင်းချိန်(၈)နာရီထက်ကျော်သော မြို့များသို့ မောင်းနှင်ရာတွင် Driver နှစ်ယောက် ရှိ/မရှိကွင်းဆင်းစစ် ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ယာဉ်လိုင်းတစ်ခုမှ ယာဉ်မောင်းတစ်ဦးအား ကွမ်းယာစားလာသည့်အတွက် Alcohol Tester ဖြင့် စစ်ဆေးခဲ့ရာ စစ်ဆေးမှုမအောင်မြင်သဖြင့် Driver အစားထိုးမောင်းနှင် ထွက်ခွာစေခဲ့ပါသည်။

သင်္ကြန်ကာလမပြီးမခြင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကားလက်မှတ်ဈေးနှုန်းအတွက် တစ်စုံတစ်ရာ အငြင်းပွားမှုဖြစ်ပါက ရှမ်းပြည်နယ်(မြောက်ပိုင်း) စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားနိုင်ပါကြောင်း သိရသည်။ ၆၂၆ တပ်ရှေ့၊ လေယာဉ်ကွင်းလမ်း၊ Gmail –cicclashio@gmail.com၊Ph082-2203039/2203493 သို့ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**အောင်ကျော်မြင့် (လားရှိုး)**

## ပွဲတော်အကြိုကာလတွင် ကားလေးများအရောင်းအဝယ်ရှိလာ

သင်္ကြန်ပွဲတော်မတိုင်မီ ဧပြီလဆန်းကာလများတွင် ပွဲတော်၏အရှိန်ဖြင့် လိုက်ထရပ်များ၊ မီနီထရပ်များအဝယ်ရှိနေကြောင်း၊ ယင်းတို့နှင့်အတူ အင်ဂျင်ပါဝါသေးကားလေးများလည်း ယခုကာလအတွင်း ရန်ကုန်အဝယ်သာမက နယ်အဝယ်များလည်းရှိပြီး အရောင်းအဝယ်ဖြစ်လာကြောင်းသိရသည်။

ယခင်လဆန်းပိုင်းကအရောင်းအဝယ်ကျဲပါးခဲ့သော ရန်ကုန်ကားဈေးကွက်အတွင်း ယခုအခါ ၁၃၀၀ စီစီကားလေးများအထူးသဖြင့် ဂျပန်ညာမောင်းကားလေးများသင်္ကြန်ပွဲတော် မတိုင်မီလဆန်းပိုင်းရက်များတွင် အမေးများကာအဝယ်ရှိ ကြောင်း၊ ခရီးသွားကာလဖြစ်သည်ကတစ်ကြောင်း၊ ရန်ကုန်ကိုတာ လိုင်စင်စနစ်ကိုစောင့်ဆိုင်းရသည်မှာ ကြာမြင့်လာပြီး ဝယ်လက်များစိတ်မရှည်တော့ဘဲ ပြန်လည်ဝယ်ယူလာခြင်းလည်းဖြစ်နိုင်ကြောင်း၊ စလစ်ဈေးတန်းမှာလည်း ယခု ကာလအတွင်း ၁၃၆ မှ ၁၃၉ ကျပ် သိန်းထိမြင့်တက်လာ သဖြင့် စလစ် တပ်ကားများအထူးသဖြင့် ကားအရောင်းစင်တာကွန်ဆိုင်းမန့် ကားလက်ကျန်များနှင့် ကားရှိုးရွှန်းများမှ ဘရန်းနယူးကားသစ်များအတွက် တွက်ခြေမကိုက်သဖြင့် စလစ်ကပ်ပြီး ဈေးကွက် သွင်းခြင်းမှာ ချင့်ချိန်လုပ်ဆောင်နေကြရသဖြင့် ယင်းကားများမှာ အရောင်းအဝယ် အတော်ကျဲပါးသွားကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

ယခုနှစ်မော်တော်ယာဉ် မူဝါဒအရ ယခင်အတိုင်း ဘယ်မောင်း တင်သွင်းရန်မူပြောင်းလဲမှုမရှိသဖြင့် အသစ်တင်သွင်းမှုမရှိသလို စလစ်ဈေးမှာလည်း အပ်ကားရှားပါးသွားပြီး အမြင့်ဈေးသို့ ရောက်ရှိနေသဖြင့် စလစ်ကပ်အသုံးပြုရန်ရှိသည့် ကားများ စိတ်ဝင်စားမှုနည်းလာသလို ပြည်တွင်းဆင်အက်(စ်)ကေဒီကားများမှာလည်း ယခင်ကလောက် စိတ်ဝင်စားမှုမြင့်တက်ခြင်း မရှိဘဲ ထုတ်လုပ်ပြီး တစ်နှစ်/နှစ်နှစ်အကြာကားများသာ ပြန်လည်ဝယ်ယူစီးနင်းလာကြသည်ကို တွေ့ရှိရကြောင်း၊ ရောင်းကား အချင်းအချင်း အလဲအထပ်များလည်း အနည်းငယ် ရှိနေပြီး ကျပ်သိန်း ၃၀၀ နှင့်အထက် ကားများထဲမှဆိုလျှင် ကလူဂျာ ကရောင်း မိုဒယ်မြင့်၊ ဟွန်ဒါဖစ်ရှာတဲလ်၊ ဟာရီယာ၊ မက်အိပ်(စ်) စသည့်ကားများဝယ်လက်စိတ်ဝင်စားပြီး ကျပ်သိန်း ၂၀၀ အောက် နှင့် ၂၅၀ကြားကားများအဖြစ် ဝုစ်(ရှ်)၊ မတ်တူးမိုဒယ်မြင့် ၁၃၀၀ စီစီကားလေးများစသည်တို့မှာ ရန်ကုန်လိုင်စင်နှင့် နယ်လိုင်စင် နှစ်မျိုးလုံး အဝယ်ရှိကြောင်း သိရှိရသည်။

လက်ရှိကားဈေးကွက်ထဲတွင် ရန်ကုန်ကိုတာစနစ်အား မျှော်လင့်ချက်နည်းလာသဖြင့် ဈေးကွက်တွင်းရှိရင်းကားများဝယ်ယူစီးနင်းမှုများ ပိုမိုများပြားလာသလို ယခုနှစ်အတွင်း အဆိုပါစနစ် သက်ဝင်လာနိုင်သေးသည်ဟု ယူဆသူများလည်းရှိသဖြင့် ယင်းကဲ့သို့ အမှန်ဖြစ်ပေါ်လာပါက ရန်ကုန်ကားဈေးကွက်မှစ၍ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ဝါရင့်ဝယ်ရောင်းများက သုံးသပ်ကြသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၀၉) | EE | ၁၇၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၂။ | ပရိုဘောက် (၂၀၁၁) | L | ၁၉၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၃။ | အေဒီဗင် (၂၀၀၇) | D | ၁၃၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၄။ | ဝုရှ် (၂၀၀၃) | J | ၂၅၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဗန်းဂတ် (၂၀၀၉) | | ၅၄၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ကလူဂျာ (၂၀၀၆) | | ၄၉၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဆွစ် (၂၀၁၁) | M | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | အာလ်ဖတ် (၂၀၀၃) | J | ၃၅၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (၂၀ နှစ်) | | ၁၃၀ သိန်း | |

# စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်နည်းပညာဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၉) ကျင်းပ



စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ၏ (၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ဧပြီလ ၃ ရက်တွင် ရန်ကုန်မြို့၊ အမှတ် (၆)၊ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးကို စိုက်ပျိုးရေးအခြေခံ ထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာကော်မတီ၏ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ နည်းပညာဆပ်ကော်မတီအတွင်းရေးမှူး ဦးမြင့်ဝေ၊ နည်းပညာကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေး၌ မြန်မာနိုင်ငံအနေအထားနှင့် သင့်တော်သည့် အာဆီယံ စံချိန်စံညွှန်းကို ကိုးကားရေးဆွဲထားသည့် မြေပဲစံချိန်စံညွှန်း(မူကြမ်း)အား သက်ဆိုင်ရာ ဌာနများ အသင်းအဖွဲ့များမှ ကော်မတီဝင်များ ပူးပေါင်း၍ စံချိန်စံညွှန်း လုပ်ငန်းကော်မတီသို့ ဆက်လက်တင်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ရယူမှုများ ပြုလုပ်ခဲ့ကြသည်။

စိုက်ပျိုးရေးအခြေခံထုတ်ကုန် နည်းပညာဆပ်ကော်မတီအနေဖြင့် ပြည်ပပို့ကုန်အလားအလာရှိသော သီးနှံများကို ဦးစားပေး ရေးဆွဲလျက်ရှိရာ ISO 712 နဲ့ သီးနှံ ၂၃ မျိုး၊ စုစုပေါင်း ၂၄ မျိုးတို့အား ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ စံချိန်စံညွှန်းများအဖြစ် ရေးဆွဲရန် လျာထားဆောင်ရွက်လျက် ရှိသည်။ ယခုအခါ ISO 712 နဲ့ သီးနှံ ၉ မျိုး၊ စုစုပေါင်း ၁၀ မျိုးကို မြန်မာစံချိန်စံညွှန်း ရေးဆွဲပြီးဖြစ်၍အများပြည်သူ သဘောထားမှတ်ချက် တောင်းခံနိုင်ရေး စံချိန်စံညွှန်း လုပ်ငန်းကော်မတီသို့ တင်ပြထားပြီးဖြစ်ပါသည်။ ၎င်းအပြင် နည်းပညာဆပ်ကော်မတီက ရေးဆွဲခဲ့သည့် မြန်မာ့ဆန်၊ အချို့သော ပဲစေ့ အမျိုးအစား၊ ဖရဲသီး၊ ထောပတ်သီး၊ ငှက်ပျောသီး၊ ကော်ဖီစေ့နှင့် ကျွဲကောသီး စံချိန်စံညွှန်း စုစုပေါင်း (၇) မျိုးကို အမျိုးသား စံချိန်စံညွှန်းကောင်စီမှ မြန်မာ့စံချိန်စံညွှန်းများအဖြစ် သတ်မှတ် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ ပဲပုတ်စေ့၊ နေကြာ၊ အုန်းသီးနှင့် နာနတ်သီးတို့၏ မြန်မာ့စံချိန်စံညွှန်းမူကြမ်းများကို Working Group မှ ထပ်မံရေးဆွဲရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်သော စိုက်ပျိုးရေး အခြေခံ ထုတ်ကုန်များသည် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်တင်ပို့ရောင်းချမှသာ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ပြီး ဈေးကောင်းရရှိမည်ဖြစ်သည်။ အဆိုပါ နည်းပညာဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးက ဆွေးနွေးအတည်ပြုခဲ့သည့် မြေပဲ စံချိန်စံညွှန်းအား စံချိန်စံညွှန်း လုပ်ငန်းကော်မတီသို့ ဆက်လက် တင်ပြသွားမည်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ **သန့်စင် (သတင်းနည်းပညာ/အရည်အသွေး)**

# ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ကော့ကူးကျေးရွာ၊ ပေါ့ထော်ကျေးရွာနှင့် မင်းဇီကျေးရွာတို့၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ချစ်ဆုဝေနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် မတ် ၂၆ ရက်က စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာ ပေးလက်ကမ်းစာစောင်များ ဝေငှခြင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မတ် ၂၆ ရက်တွင် ကော့ကူးကျေးရွာ ဘုန်းကြီးကျောင်း တွင် ဒေသခံပြည်သူများအားလည်းကောင်း၊ ပေါ့ထော်ကျေးရွာ ပအိုစုဘုန်းကြီးကျောင်းတွင် ဒေသခံများအားလည်းကောင်း၊ မင်းဇီကျေးရွာ အုပ်စု ကော့ဖန်ရတွင် ကျေးရွာနေ ဒေသခံပြည်သူများအားလည်းကောင်း စုစုပေါင်း တက်ရောက်သူ ၄၁၀ ဦးတို့ကို စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောပွဲတွင် ရုံးအုပ် ဦးတင်ဝင်းကဌာန၏ လုပ်ငန်း အကြောင်းအရာများနှင့် စားသုံးသူ အကျိုးအကာအကွယ်ပေးနေသည့်လုပ်ငန်းအကြောင်းအရာများ ရှင်းလင်းခြင်း၊ ဦးစီးအရာရှိ ဒေါ်ချစ်ဆုဝေက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း ဆွေးနွေးခဲ့ပြီး အကြီးတန်းစာရေး ဒေါ်ခင်ကြည်က တရားဝင်/ တရား မဝင် အေးခဲအသား၊ ငါးပုစွန်နှင့် စားသုံးဆီများအကြောင်း ရှင်းလင်းဟောပြော ဆွေးနွေးခြင်း၊ ကရင်လူမျိုးများနေထိုင်သည့်နေရာတို့၌ အကြီးတန်းစာရေး ဒေါ်နန်းပွင့်စန်းစန်းက ကရင်ဘာသာစကားဖြင့် ပြောကြားခြင်း၊ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုကြီးကြပ်ရေးမှူး ဒေါ်သက်မော်ထွန်းက အစားအသောက်နှင့် ဆိုးဆေးအန္တရာယ်တို့မှ ဆောင်ရန်/ ရှောင်ရန်များ၊ စားသုံးရန် မသင့်သည့် အစားအသောက်များကို အကျယ်တဝင့် ရှင်း လင်းဆွေးနွေးခဲ့ပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်)**

# ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့ ရွှေသိမ်တော်ကျောင်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ကန့်ဘလူမြို့ အမှတ်(၄)ရပ်ကွက်၊ ရွှေသိမ်တော်ကျောင်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းတွင် စားသုံးသူ အကာအကွယ်ပေး အသိပညာပေး ဟောပြောပွဲကို မတ်လ ၂၅ ရက်နေ့တွင် ကန့်ဘလူမြို့နယ် တာဝန်ခံ ဦးသိန်းဝင်းမှဦးစီး၍ စားသုံးသူအကာအကွယ် ပေး အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

သင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ဆောင်ချက်များ၊ စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ စားသုံးသူများအား အကာအကွယ်ပေးဆောင်ရွက်ပုံ၊ စားသုံးသူ မိဘပြည်သူများတွင် အခွင့်အရေးများ ရှိပါကြောင်း၊၎င်းအခွင့်အရေးကို အသုံးပြုပြီး တိုင်ကြားနိုင်ရန်အတွက် အစားအသောက်အပါဝင်၊ ကုန်စည်(သို့) ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲရာတွင် သတင်းအချက်အလက်များဖြစ်သော နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ မိမိဝယ်ယူသောပစ္စည်းပြေစာစသည်များကို ရယူရပါမည်ဖြစ်ကြောင်း ဟောပြောခဲ့ပါသည်။

ထုတ်လုပ်သူ လုပ်ငန်းရှင်များ အနေဖြင့်လည်း စားသုံးသူများ သိရှိနားလည်နိုင်သော စာသားများကိုဖော်ပြရန် သာမက သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်/ ကြိုတင် သတိပေးချက်များ ဘေးထွက်ဆိုးကျိုးများ ဖော်ပြ ဆောင်ရွက်သွားရန်ကိုလည်း ဆောင်ရွက်လျက်ရှိပြီး စားသုံးသူများ သိရှိရန်အတွက် ထည့်သွင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဆာကဲ (ကန့်ဘလူ)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၉၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြူရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၈-၄-၂၀၁၉ မှ ၁၄-၄-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဓာတ်သတ္တုနှင့်ပြုလုပ်သော ပစ္စည်းများ၊ ဆေးဝါးများ၊ အတက်အကျမြန်ဆန်နေတတ်သည်။ ငွေကြေးရှာဖွေရန်နည်းလမ်းသစ်ရရှိမည်။ ပညာရေးအတွက် အောင်မြင်မှုရရှိတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်လေးလံထိုင်းမှိုင်းမှုရှိနေတတ်သည်။ ကျန်းမာရေးတွင် သွေးသားမှန်ကန်မှုမရှိတတ်ဘဲ သွေးနှင့်ပတ်သက်သောဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။အနောက်တောင်အရပ်ခရီးသွားရှောင်ပါ။**



**တနင်္လာသားသမီးများအတွက်** အရာရာကိုဆန္ဒလွန်ကဲစွာဖြင့်လုပ်ကိုင်ပြောဆိုနေတတ်မည်။ လုပ်ငန်းတာဝန်များပြားစွာ ဆောင်ရွက်ရတတ်သည်။ ပင်ပန်းမှုအတွက် ရလဒ်ကောင်းများနှင့်ဆုံစည်းရလိမ့်မည်။ ပညာရေးတွင်အားနည်းချက်ဝင်လာတတ်သည်။ အချစ်ရေးအဆင်ပြေစေရန် သတိထားဆက်ဆံရလိမ့်မည်။ ကျန်းမာရေးချူချာမှုရှိလာတတ်သည်။ အထူးသဖြင့် စိတ်ဖိစီးမှုဝေဒနာခံစားရတတ်သည်ကို သတိရှိပါ။

**ယတြာ။ ။ အရှေ့အရပ်ခရီးရှောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းခွင်တွင် စိတ်တိုင်းမကျမှုများပြားလာတတ်သည်။ သူတစ်ပါးအကူအညီပေးရတတ်သည်။ ကြိုးစားအားထုတ်မှုလျော့နည်းနေတတ်သည်။ ပညာရေးကြိုးစားမှုအားကောင်းလာလိမ့်မည်။ အချစ်ရေးမေတ္တာနယ်ပယ်တွင် လက်တွေ့ဆန်သော အချစ်ဒသနမျိုးဖြစ်လာတတ်သည်။ ကျန်းမာရေးဂရုစိုက်မှုအားနည်းနေတတ်သည်။

**ယတြာ။ ။အရှေ့မြောက်အရပ်ခရီးရှောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးတွင် စားသုံးရသောသီးနှံစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေစိုက်ခင်းများ အသုံးချစီးပွားရေးလုပ်ငန်းအကျိုးဖြစ်ထွန်းမှုရှိပါသည်။ အရာရာကိုမာနလွန်ကဲစွာလုပ်ကိုင်ပြောဆိုတတ်မှုသတိရှိသင့်သည်။ ပညာရေးကောင်းနေမည်။ နှလုံးသားရေးတွင် သံသယအတွေးစိတ်ဝင်နေတတ်သည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်တွင်းရေးပြဿနာဖြစ်ရတတ်သည်။ ကျန်းမာရေးသင့်တင့်နေမည်။

**ယတြာ။ ။မြောက်အရပ်ခရီးရှောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** သူတစ်ပါးစကားကိုယုံလွယ်တတ်သည်။ ဆွေမျိုးမိတ်ဆွေများအတွက် ဝမ်းသာစရာတွေ့ကြုံရတတ်သည်။ ပညာရေး၊ စီးပွားရေးအောင်မြင်မှုရရှိတတ်သည်။ အခွင့်အလမ်းများကြုံရလိမ့်မည်။ အချစ်ရေးတွင် မာနပြိုင်နေမှုရှိလိမ့်မည်။ အကြောင်းတရားအကျိုးတရားတို့ကို ဆက်စပ်တွေးခေါ်မှုအားနည်းလိမ့်မည်။ ကျန်းမာရေးတွင် စိတ်ဒဏ်ရာရခြင်းရှိနေမည်။

**ယတြာ။ ။အရှေ့အရပ်ခရီးရှောင်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် လုပ်ဆောင်ချက်များအပေါ် အားပေးသူအသိအမှတ်ပြုသူများရှိလာတတ်သည်။ ငွေ၊ ကြေး၊ ဥစ္စာနှင့်ပတ်သက်၍ အောင်မြင်မှုများရရှိနေမည်။ ပညာရေးကံအားကောင်းနေမည်။ အချစ်ရေးအတွက် အဆင်ပြေမည်။ ကျန်းမာရေးတွင် ဝမ်းဗိုက်ဝေဒနာ ခံစားရတတ်သည်။ ခရီးသွားခြင်းဖြင့် အစားအသောက်ဂရုစိုက်သင့်ပါသည်။

**ယတြာ။ ။ အနောက်တောင်ထောင့်အရပ်ရှောင်ပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းခွင်အောင်မြင်မှုရှိတတ်သည်။ ဝင်ငွေကောင်းမည်။ အတွေးအခေါ်ကောင်းနေမည်။ အကြံကောင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရလိမ့်မည်။ ငွေကြေးဝင်လာမည်။ ပညာရေးအတွက်စိတ်ဓာတ်ခွန်အားပြည့်ဖြိုးလာမည်။ အချစ်ရေးတွင်အတွေးအခေါ်လွဲမှားမှုများရှိလာတတ်သည်။ ကျန်းမာရေးတွင် လေရောဂါ၊ အကြောရောဂါအထူးသတိထားသင့်ပါသည်။

**ယတြာ။ ။မြောက်အရပ်ခရီးရှောင်ပါ။**

# စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပူးပေါင်းကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးဆောင်၍ အစားသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပြီး ဧပြီ ၂ ရက်တွင် လွိုင်ကော်မြို့နောင်ယားဈေးသို့ စားသုံးရန် မသင့်သော စားသောက်ကုန်နှင့် အလှကုန်များအား စားသုံးသူများအနေဖြင့် နစ်နာမှုများမဖြစ်စေရေးအတွက် ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အစားအသောက် (၁၇)မျိုးအား Mobile Lab Van ဖြင့် စစ်ဆေးမှုများပြုလုပ်ရာတွင် သုံးစွဲရန် ခွင့်မပြုသည့် ဓာတုပစ္စည်းနှင့် တာရှည်ခံဆေးများ ထည့်သွင်းအသုံးပြုထားခြင်း မရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ ထို့နောက် အလှကုန်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ရာ နိုင်ငံပိုင်သတင်းစာများတွင် သုံးစွဲရန် မသင့်ကြေညာထားသော အလှကုန်များ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ရာ အလှကုန်ဆိုင်(၂)ဆိုင်မှ သုံးစွဲရန် မသင့်အလှကုန် အချို့ကို ရောင်းချနေကြောင်း တွေ့ရှိရသဖြင့် သိမ်းဆည်းမီးရှို့ဖျက်စီးခဲ့ပြီးနောက် နောင်ရောင်းချခြင်းမပြုရန် ခံဝန်ကတိလက်မှတ်ရေးထိုးစေခဲ့ကြောင်း သိရပါသည်။

**သိန်းစိုး (စားသုံးသူ၊ကယား)**

# တန်ဖိုးမြှင့်ထုတ်ကုန် Royal Jagger ထန်းလျက်အဖြူမှုန့်အကြောင်း သိကောင်းစရာ

ထန်းတောင်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး ထန်းပင်များ မျိုးသုဉ်း ပျောက်ကွယ်မှုများ မဖြစ်ပေါ်စေရန်နှင့် ပြည်ပမှ တင်သွင်းရသော သကြားနှင့် အချိုမှုန့်များအစား အစားထိုးအသုံးပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် ရေစကြိုမြို့နယ်မှ ထွက်ရှိသည့် မြန်မာ့ထန်းလျက်ကို တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ဖန်တီး၍ ပြည်တွင်းစူပါမားကတ်များနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ငါးသုံးလုံးထန်းလျက် ရောင်းဝယ်ရေးလုပ်ငန်းမှ သိရှိရပါသည်။ ငါးသုံးလုံးထန်းလျက်ရောင်းဝယ်ရေးလုပ်ငန်းမှ ရေစကြိုမြို့နယ် အသီးသီးရှိ ထန်းတောင်သူများမှ တင်ပို့ရောင်းချသည့် သဘာဝထန်းလျက်ခဲများအတိုင်း ပြည်တွင်း ဒေသအသီးသီးနှင့် ပြည်ပအင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ ထန်းလျက်ကိုတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် နိုင်ငံတကာ အဆင့်မီ Royal Jagger ထန်းလျက်အဖြူမှုန့်အဖြစ် ဖန်တီးထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ Royal Jagger ထန်းအဖြူမှုန့်ကို ၂၀၁၆ ခုမှစ၍ ဒိန်းမတ်နိုင်ငံ၏ အကူအညီနှင့် မိမိကိုယ်ပိုင် ငွေကြေးအရင်း အနှီးများနှင့် ပေါင်းစပ်၍ Royal Jagger ထန်း လျက်အဖြူမှုန့်ကို စမ်းသပ်ထုတ်လုပ်ပြီး စင်ကာပူနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ဂျပန်နိုင်ငံများသို့ တင်ပို့ခဲ့ပါကြောင်း၊ Royal Jagger နိုင်ငံတကာအဆင့်မီ ထန်းလျက်အဖြူမှုန့် အဆင့်မြင့်ထုတ်ကုန်ကို ယခုနှစ် ဇန်နဝါရီလတွင် တနင်္သာရီတိုင်းဒေသကြီးမှာ ကျင်းပပြုလုပ်သည့် အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) နဝမအကြိမ် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှာ နိုင်ငံတော် အသိအမှတ်ပြု ဒေသဆိုင်ရာ (SME) ထုတ်ကုန် ဒုတိယဆုရရှိခဲ့ပါကြောင်း၊ Royal Jagger ထန်းလျက်အဖြူမှုန့်ကို ဂျပန်နိုင်ငံသို့ အဓိက တင်ပို့နေရပါကြောင်း၊ အခြားပြည်ပနိုင်ငံများမှလည်း ကမ်းလှမ်းမှုများရှိပါကြောင်း ပြည်တွင်းစူပါမားကတ်များမှလည်း မှာယူလျက်ရှိပါကြောင်း၊ ယခုအချိန်တွင် မှာယူမှုများရှိသော်လည်း ထန်းလျက်မှာ ယခုအချိန်တွင် အနည်းငယ်သာရရှိသဖြင့် မှာယူသလောက် တင်ပို့နိုင်ခြင်းမရှိပါကြောင်း၊ Royal Jagger ထန်းလျက် အဖြူမှုန့်ကို 555 Shawe Himther Co. Ltd အဖွဲ့အမည်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ ထန်းလျက်စိုက်ပျိုးတင်ပို့ ရောင်းချသူများအသင်း အစုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထန်းလျက်ရောင်းဝယ်ရေးလုပ်ငန်းကို ဘိုးစဉ်၊ ဘောင်ဆက်လုပ်ကိုင်ခဲ့ရာ သက်တမ်း (၈၀) ခန့် ကြာမြင့်ပြီဖြစ်ပါကြောင်း ထန်းစိုက်တောင်သူများအနေဖြင့် ထန်းလျက်ဈေးကွက် မကောင်းသဖြင့် ထန်းပင်များကို အကြောင်းအမျိုးမျိုးဖြင့် ခုတ်လှဲနေပါကြောင်း၊ အချို့က မိမိစိုက်ပျိုးသောမြေယာများဖြင့် မလွတ်ကင်း၍ ခုတ်လှဲခြင်း၊ လူနေအိမ်၊ နွားတင်းကုတ်၊ သိုး/ဆိတ် မွေးမြူသည့် အဆောက်အဦများတွင် အသုံးပြုရန်အတွက် ခုတ်လှဲခြင်းနှင့် ချင်းတွင်းမြစ်တစ်လျှောက် ကျေးရွာများ ကမ်းပါးပြိုခြင်း အန္တရာယ်ကာကွယ်ရန်အတွက် ထန်းလုံး များဖြစ် ရေကာတာများ ဆောက်လုပ်ရာတွင် အသုံးပြုခြင်း စသည့် အကြောင်းအမျိုးမျိုးဖြင့် ခုတ်လှဲနေခြင်းများကြောင့် ထန်းပင်ထန်းတောမျိုးသုဉ်းပျောက်ကွယ်သွားမည်ကို မိမိအနေဖြင့် စိုးရိမ်ကြောင့်ကြမိပါကြောင်း၊ မျိုးသုဉ်းပျောက်ကွယ်မှုများ မဖြစ်ပေါ်စေရေးနှင့် ထန်းတောင်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိမွေးရပ်ဒေသဖြစ်သော ထန်းလျက်အမြောက်အများထွက်ရှိသည့် ကြက်ဆူကျင်းကျေးရွာတွင် Royal Jagger ထန်းလျက်အဖြူမှုန့် ထုတ်လုပ်သည့် စက်ရုံကို တိုးချဲ့ ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်နှင့် ထန်းတောင်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး မြန်မာ့သဘာဝဖြစ် Royal Jagger ထန်းလျက်အဖြူမှုန့်ကို ကမ္ဘာက အသိအမှတ်ပြုသည်အထိ ဆက်လက် လုပ်ဆောင်သွားမည်ဟု ငါးသုံးလုံးထန်းလျက်ပိုင်ရှင်မှ ပြောကြားမှုအား အများပြည်သူနှင့် စာဖတ်သူများ သိရှိစေရန် မြန်မာ့သဘာဝဖြစ် တန်ဖိုးမြှင့်ထုတ်ကုန် Royal Jagger ထန်းလျက် အဖြူမှုန့် အကြောင်းအား လေ့လာတင်ပြလိုက်ပါသည်။

**မြတ်မင်း (ရေစကြို)**

# ဖျာပုံမြို့နယ်ဈေးကွက်အတွင်းရှိကုန်စည်များအား ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ရှောင်တခင်ကွင်းဆင်းစစ်ဆေး

ဖျာပုံမြို့နယ်ဈေးကွက်အတွင်းရှိ ရောင်းချနေသော ကုန်စည်များအား ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင် ဦးဆောင်ပြီး အဖွဲ့ဝင်များ လိုက်ပါ၍ မတ်လ ၂၆ ရက်က ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့ကြပါတယ်။

ထိုသို့စစ်ဆေးရာတွင် မုန့်မျိုးစုံဆိုင် ၁၁ ဆိုင်မှာ သက်တမ်းလွန်မုန့် ၂၀ မျိုး၊ ဆေးနှင့်ဆေးပစ္စည်း၊ တိုင်းရင်းဆေးနှင့် အလှကုန်ပစ္စည်း ၅ ဆိုင်တွင် တိုင်းရင်းဆေးတစ်မျိုး၊ အလှကုန်တစ်မျိုး၊ ပိုးသတ်ဆေးနှင့် မြေသြဇာဆိုင် ၁၀ ဆိုင်တွင်ပိုးသတ်ဆေး ၁၀ မျိုးစုစုပေါင်း ကုန်စည် ၃၂ မျိုးတို့ကိုသိမ်းဆည်းခဲ့ပြီး ကာလတန်ဖိုးခန့်မှန်းမှာ ကျပ် ၁၄၀၀၀၀ ရှိကြောင်းသိရသည်။

အဆိုပါ သိမ်းဆည်းပစ္စည်းများအား လာမည့် (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူပြီး အဖွဲ့နှင့်အတူ မီးရှို့မြေမြှုပ် ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# vIom;wdk tpm; tpmrsm; y,ko waq;-mwfu i; tqdyfo i;mrsu i;fau;ap&eu pm;jci;

**အောင်ဆန်း(စိုက်ပျိုးရေး)**

ကမ္ဘာတွင် ရိက္ခာဖူလုံရေးအတွက် သီးနှံများကို ဇရိယာတိုးချဲ့ ဆောင်ရွက်ခြင်း၊ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ခြင်း များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လာကြသည်။ ဤသို့ဆောင်ရွက်ရင်း သီးနှံများနှင့်အတူ ယှဉ်တွဲပေါ်လာသည့် ဖွားဘက်တော်များမှာ သီးနှံများကို ဖျက်ဆီးသည့် အင်းဆက်ပိုးမွှားများ၊ ရောဂါများ၊ ပေါင်းပင်များဖြစ်သည်။

သီးနှံစိုက်ပျိုးထုတ်လုပ်သူများ ထုတ်လုပ်သောသီးနှံများအနက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ နှံစားသီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံများသည် လူသားတို့စားသုံးရန်အတွက် အဓိက ထုတ်လုပ်ခြင်းဖြစ်သည်။ ဤသို့ထုတ်လုပ်ကြရင်း မိမိတို့၏ သီးနှံများ အရောင်အသွေးလှပရေး၊ ကြီးထွားဖွံ့ဖြိုးမှုကောင်းပြီး မြင်လျှင် စွဲမက်မှုရှိရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ပိုးမွှားရောဂါ ဖျက်ဆီးမှု ဒဏ်ရာများ ကင်းစင်ရေးတို့ကို သူ့ထက်ငါ အပြိုင်စွမ်းဆောင်လာကြသည်။ဤသို့ဖြင့် သီးနှံများ ဖျက်ဆီးခြင်းကို တားဆီးနိုင်မည့်ပစ္စည်းကို တွေးတောကြံဆလာကြသည်။ စီးပွားရေးသမားများကလည်း သီးနှံ ဖျက်ဆီးသည့် အင်းဆက်ပိုးမွှားရောဂါများကို ကာကွယ်နှိမ်နင်းနိုင်မည့်ဆေးများ ထုတ်လုပ်ရန်အကွက်မြင်လာကြသည်။ ဤသို့ဖြင့် ဓာတုပိုးသတ်ဆေးများ အလုံးအရင်းနှင့် ထုတ်လုပ်မှုကို အချိန်ကိုက် ဆောင်ရွက်လာကြသည်။ ယခုအခါတွင် ဓာတုပိုးသတ်ဆေးအမျိုးပေါင်း ၁၀၀၀ ကျော် ဆေးစုစုပေါင်း ၃၃ သန်း ကျော်ထိရှိနေပြီဖြစ်သည်ဟု ကမ္ဘာစားနပ်ရိက္ခာအဖွဲ့ကြီးက ထောက်ပြထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးအမျိုးမျိုး တန်ချိန် ၃၀၀၀၀ တင်သွင်း ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ရိက္ခာသီးနှံများ စိုက်ပျိုးထုတ်လုပ်သူများကလည်း ဓာတုပိုးသတ်ဆေးများကို လက်မလွတ်တမ်းသုံးစွဲလာကြသည်။ ဤသို့ သုံးစွဲရင်း အပျော့စားပိုးသတ်ဆေး၊ ရောဂါသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်ဟော်မုန်းဆေး၊ အလတ်စားပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရောဂါသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်ဟော်မုန်း ဆေးများမှသည် ပိုမိုပြင်းအားများသော ပိုးသတ်ဆေး၊ ရောဂါသတ် ဆေး၊ ပေါင်းသတ်ဆေး၊ အပင်ဟော်မုန်းဆေးများထိပင် ခြေလွန်လက်လွန်ဖြစ်လာကြသည်ကို တွေ့ရသည်။ ဤသို့ဖြင့် ပတ်ဝန်းကျင်ရေ၊ မြေ၊ လေထုညစ်ညမ်းစေခြင်း၊ လူ၊ တိရစ္ဆာန်တို့၏ အသက်အန္တရာယ်ကို ထိပါးလာသည်ထိ ဆိုးဝါးလာသည်ကို တွေ့ရသည်။ ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ ၂၅ သန်းခန့်သည် ဓာတုပိုးသတ်ဆေး၏ ဓာတ်ကြွင်းအဆိပ်သင့်ခြင်းများ ခံစားနေကြရပြီး နှစ်စဉ်လူ ပေါင်း ၂၀၀၀၀ ခန့် အသက်စတေးခံနေရသည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်လူပေါင်းရာနှင့်ချီ၍ ဓာတုပိုးသတ်ဆေး ဓာတ်ကြွင်းများကြောင့် အသက်ဆုံးရှုံးနေရသည်ကို သတင်းစာ ဂျာနယ်များတွင် မကြာခဏ ကြုံတွေ့နေရသည်။

စီးပွားရေးလုပ်ငန်းရှင်များမှ ထုတ်လုပ်လိုက်သော အထက်ပါ ဓာတုဆေးများသည် ပက်ဖျန်းအသုံးပြုပြီးပါက အဏုဇီဝပိုးများ ၊ ခရမ်းလွန်ရောင်ခြည်၊ အင်ဇိုင်းများနှင့် ရူပဇီဝဓာတ်ပြုမှုကြောင့် ဓာတ်ပြိုကွဲပြောင်းလဲမှု ဖြစ်ပေါ်ပါသည်။ ဤမှတစ်ဆင့် ပတ်ဝန်းကျင်တွင် အစိတ်အပိုင်းများ တစ်ခုမှတစ်ခုကို ရွေ့လျားသယ်ဆောင်သည့် ဖြစ်စဉ်များ ဖြစ်ပေါ်စေသည်။ သိပ္ပံပညာရှင် L. Fishbein ဆိုသူမှ ပြိုကွဲသွားသော ဓာတ်များ တစ်နေရာမှ တစ်နေရာသို့ အစိတ်အပိုင်းတစ်ခုမှ တစ်ခုသို့ ရွေ့လျားပြောင်းလဲသည့် လမ်းကြောင်းမြေပုံကို ရှင်းလင်းမြင်သာအောင် ရေးဆွဲပြသခဲ့သည်။

စီးပွားရေးလုပ်ငန်းရှင်များမှ ထုတ်လုပ်လိုက်သော ဓာတုဆေးများတွင် (၁) ပတ်ဝန်းကျင်တွင် တည်မြဲမှုကြာရှည်သော ဓာတုဆေးများ ( Persistent Organic Pollutent ) (၂) သဘာဝတိရစ္ဆာန်သားငါးအပေါ် အဆိပ်ပြင်းထန်သော ဓာတုဆေးများ ( Wild Life Toxicity) (၃) အိုဇုန်းလွှာကို ပျက်စီးစေသော ဓာတုဆေးများ ( Ozone Depleting Substances = ODS )တို့ ဖြစ်ကြသည်။

ပတ်ဝန်းကျင်တွင် တည်မြဲမှု ကြာရှည်ခံသော ဆေးများမှာ ပတ်ဝန်းကျင်တွင် ကြာရှည်တည်မြဲနေနိုင်ခြင်း၊ ပတ်ဝန်းကျင်အတွင်း အစိတ်အပိုင်းတစ်ခုမှတစ်ခုသို့ မိုင်ပေါင်းများစွာ ရွေ့လျားနိုင်ခြင်း၊ သက်ရှိများစွာတို့ အသက်ရှူရာ၊ စားသောက်ရာ၊ ထိတွေ့ကိုင်တွယ်ရာမှတစ်ဆင့်ခန္ဓာကိုယ်အတွင်းဝင်လာပြီး အဆီတစ်သျှူးများတွင် စုဝေးနေတတ်ခြင်း၊ လူနှင့်တိရစ္ဆာန်များကို အဆိပ်သင့်စေမှုအမျိုးမျိုး ဖြစ်ပေါ်စေပါသည်။ အဆိပ်သင့်ခံရပါက ကင်ဆာရောဂါ၊ ကိုယ်ဝန်ဆောင်မိခင် သန္ဓေသားထိခိုက်မှု၊ ပုံမှန်မမွေးဖွားမှု၊ ကိုယ်လက်အင်္ဂါ မစုံလင်မှု၊ မျိုးပွားစွမ်းအင်ကျဆင်းမှု၊ ကိုယ်လက်အင်္ဂါအကြောဆွဲမှု၊ ဦးနှောက်မမှန်ကန်မှု၊ ဉာဏ်ရည်မမီမှု၊ ကိုယ်ခံစွမ်းအားကျဆင်းမှု၊ နောက်ဆုံးတွင် အသက်အန္တရာယ်ဆုံးရှုံးမှုထိပါ အနိဋ္ဌာရုံများ ကြုံတွေ့လာရကြောင်း သုတေသနစာတမ်းများက ဖော်ညွှန်းထားပါသည်။ ပတ်ဝန်းကျင်တွင် တည်မြဲမှုတာရှည်ခံသော ပိုးသတ်ဆေးများကို တင်းကြပ်စွာ ထိန်းချုပ်ထားပါသည်။ ၎င်းတို့မှာ အော်ဒရင်း၊ ကလိုဒိန်း၊ ဒီဒီတီ၊ ဒီလ်ဒရင်း၊ အင်ဒရင်း၊ တကပ်ပ်တာလို၊ မိုင်းရက်စ်၊ တော့စ်ဖိန်း၊ အိပ်ချ်စီဘီ (HCB)၊ ပီစီဘီ (PCB)၊ ဒိုင်အောက်စင်၊ ဖျူရန်တို့ ဖြစ်ပါသည်။

သဘာဝတိရစ္ဆာန်များအပေါ် အဆိပ်ပြင်းထန်သော ပိုးသတ်ဆေးများ (WLT) သည် ဓာတ်ပြိုကွဲမှု မြန်ဆန်သော်လည်း လူနှင့် တိရစ္ဆာန်တို့အပေါ် အဆိပ်ပြင်းထန်မှုရှိသည်။ အဆိုပါ ဆေးများကို သေချာစွာ နားလည်အောင်လေ့လာပြီး ချင့်ချိန်သုံးစွဲရန် လိုပါသည်။ ဓာတုပိုးသတ်ဆေးများအနက် Acephalic ဆေးသည် ပျားများအပေါ် အဆိပ်ပြင်းထန်မှု မြင့်မားသည်။ Chlarpyiphos ဆေးသည် ပျားများ၊ ငါးများ၊ ငှက်များ၊ လူသားများအပေါ်တွင် အဆိပ်သင့်မှုမြင့်မားသည်။ Diazinon ဆေးသည် ငါးများ၊ ပျားများ၊ ငှက်များ၊ လူသားများအပေါ် အဆိပ်သင့်မှုမြင့်မားသည်။ Dimethoate ဆေးသည် ပျားများ၊ ငှက်များ၊ လူသားများအပေါ် အဆိပ်သင့်မှုမြင့်မားသည်။ Malathion ဆေးသည် လူသားများ၊ ငါးများ၊ ပျားများအပေါ်တွင် အဆိပ်သင့်မှု မြင့်မားသည်။ Monorotophos ဆေးသည် လူသားများ၊ ငါးများ၊ ပျားများ၊ ငှက်များအပေါ်တွင် အဆိပ်သင့်မှု အလွန်မြင့်မားသည်။ Permethrin ဆေးသည် ငါးများ၊ ပျားများအပေါ်တွင် အဆိပ်သင့်မှု မြင့်မားသည်။

အိုဇုန်းလွှာကို ပျက်စီးစေသော ဓာတုဆေးများမှာ အလွန် အန္တရာယ်ကြီးမားသည်။ အိုဇုန်းလွှာမှာ ကမ္ဘာမြေပြင်အထက် (၆-၃၀) မိုင်အမြင့်အတွင်းရှိ အောက်စီဂျင်သုံးလုံးဖြင့် ဖွဲ့စည်းထားသော ဓာတ်ငွေ့တစ်မျိုး၏ အလွှာ (ကမ္ဘာကြီးအား ခရမ်းလွန်ရောင်ခြည် အန္တရာယ်မှ ကာကွယ်ပေးထားသောအမိုးသဖွယ်) ဖြစ်သည်။ ကလိုရင်း၊ ဖလူအိုရင်း၊ ကာဗွန်ဟိုက်ဒရိုဂျင်ဓာတ် ပေါင်းများသည် အိုဇုန်းလွှာကို ပျက်စီးစေသည့် အဓိကတရားခံများဖြစ်ကြောင်း ၁၉၇၀ ခုနှစ် အစောပိုင်းမှစ၍သာ လေ့လာသူများက စတင်သိရှိလာခြင်းဖြစ်သည်။ နောက်တဖန် မီလိုင်းဗရိုဖိုက်သည်လည်း အိုဇုန်းလွှာ ပျက်စီးစေသည့် အဓိကတရားခံကြီးဖြစ်ကြောင်း ထပ်မံလေ့လာသိရှိလာကြသည်။ မီသိုင်းဗဟိုမိုက်၏ တရားခံကြီးဖြစ်ကြောင်း ထပ်မံ လေ့လာ သိရှိလာကြသည်။ မီသိုင်းဗဟိုမိုက်၏ အိုဇုန်းလွှာ ပျက်စီးစေမှုစွမ်းရည်ကို သုည ဒသမ ၇ မှ သုည ဒသမ ၆ သို့ ၁၉၉၂ ခုနှစ်က ဗီယင်နာမြို့တွင် သဘောတူညီနိုင်းသတ်မှတ်ခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံ များ အနေဖြင့် မီသိုင်းဗရိုမိုက်သုံးစွဲမှုကို ၂၀၁၅ ခုနှစ်တွင် အပြီးသတ် အဆုံးသတ်ခဲ့ကြပြီးဖြစ်ပါသည်။ ယခုအခါ သီးနှံစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းတွင်လည်း ပဲတီစိမ်းသီးနှံတွင် အဆိပ်ပြင်းပြီး ဓာတ်ကြွင်း ပါဝင်မှုများစေသော earbosulfan ဆေးကိုလည်းကောင်း၊ စပါးဂုတ်ကျိုးရောဂါ ကာကွယ်သော Trieyelazole ဆေးကိုလည်းကောင်း ပြင်းထန်စွာ တားမြစ်ထားပြီးဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များ ထုတ်လုပ်ကြသော ဓာတုပိုးသတ်ဆေးများမှာ အုပ်စု (၄) ခုရှိသည်။ အောင်ဂင်နိုကလိုရင်းအုပ်စု (ထိသေ၊ စားသေ၊ အစာအိမ်အဆိပ်သင့်စေ)၊ အော်ဂင်နိုဖော့စ်ဖိတ်အုပ်စု (ထိသေ၊ စားသေ၊ ဓာတ်ကြွင်းကျန်မှုတာရှည်ခံ)၊ ကာဘေမိတ်အုပ်စု (ထိသေ၊ စားသေ၊ ဓာတ်ကြွင်းကျန်မှုတာရှည်ခံ)၊ ပိုင်ရီသရိုက် (ထိသေ၊ အစာအိမ်အဆိပ်သင့်၊ မျက်လုံးအရေပြားယားယံစေ) တို့ ဖြစ်ကြသည်။ ဓာတုပိုးသတ်ဆေးများ၏ အင်းဆက်ပိုးမွှားအပေါ် တုံ့ပြန်မှုအရ ထိသေ၊ စားသေဆေး၊ ပင်လုံးပြန့်ဆေးဟုလည်း ဈေးကွက်တွင် ခွဲခြားထားသည်ကို တွေ့ရသည်။

ရိက္ခာသီးနှံများ စိုက်ပျိုးထုတ်လုပ်သောသူများမှ ဓာတုပိုးသတ်ဆေးများကို သီးနှံများအပေါ် ပက်ဖျန်းပြီးသောအခါ ဓာတုဓာတ်ကြွင်းများသည် သီးနှံထွက်ကုန်များ၊ လူ၊ အစားအစာများ၊ တိရစ္ဆာန်အစားအစာများပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထု၊ ငါး၊ ပုဇွန်၊ နို့စားနွားမ၏ နို့၊ လူသားတို့၏ ခန္ဓာကိုယ်တွင်းရှိ အဆီအစုအဝေးနေရာများတွင် စုဝေး၍ တာရှည်စွာဖွဲ့စည်းနေနိုင်ကြသည်။ ဤသည်မှ အဆိပ်သင့်ခြင်းကို စတင်ဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။

ဤသို့ဓာတုဓာတ်ကြွင်းများ အဆိပ်သင့်မှုကို ကာကွယ်တားဆီးကုစားရန်များ နှစ်ပိုင်းရှိပါသည်။(၁) ရိက္ခာသီးနှံများ စိုက်ပျိုးထုတ်လုပ်သူနှင့် ထပ်ဆင့်ဝယ်ယူ၍ ရောင်းဝယ်ဖောက်ကားမှုများမှ လိုက်နာကျင့်သုံးရမည့် အပိုင်း၊ (၂) ရိက္ခာသီးနှံများကို ဝယ်ယူစားသုံးသူများမှ လိုက်နာကျင့်သုံးရမည့် အပိုင်းဖြစ်ပါသည်။

ရိက္ခာသီးနှံထုတ်လုပ်သူများသည် ဓာတုပိုးသတ်ဆေးများကို မလိုအပ်ဘဲအသုံးမပြုရန် ဂရုမူရန်လိုပါသည်။ ဓာတုပိုးသတ်ဆေးများကို သတ်မှတ်ထားသော နှုန်းထားများထက်ပိုမသုံးမိစေရန် ရှောင်ရှားရန်လိုပါသည်။ ပြင်းထန်စွာ တားမြစ်ထားသော ဓာတုပိုးသတ်ဆေးများနှင့် အရည်အသွေးမမီ (အဆင့်မမီ) သော ဓာတုပိုးသတ်ဆေးများကို လုံးဝအသုံးမပြုရန် သတိပြုရန် လိုပါသည်။ မိမိပက်ဖျန်းသောဆေးနှင့် ကျရောက်နေသော ပိုးမွှားရောဂါလုံးဝ မကိုက်ညီသော ဓာတုပိုးသတ်ဆေးများကို အသုံးမပြုမိရန် သတိထားရန်လိုပါသည်။ ဓာတုပိုးသတ်ဆေးများ ပက်ဖျန်းရာတွင် ကျွမ်းကျင်ပညာရှင်များက သတ်မှတ်ထားသော အကြိမ်ထက် ပိုမိုပက်ဖျန်းခြင်း မပြုမိရန် ဂရုမူရန် လိုပါသည်။ အသုံးပြုသော ဆေးဖျန်းပုံးနှင့် နော်ဇယ်များ ပုံစံမမှန်ပါက ပက်ဖျန်းအသုံးပြုခြင်းမပြုမိရန် အလေးမူရန်လိုအပ်သည်။ ဓာတုပိုးသတ်ဆေးများ ပက်ဖျန်းရာတွင် ကျွမ်းကျင်ပညာရှင်များက သတ်မှတ်ပေးထားသော နည်းစနစ်မှန်မှန်ကန်ကန်ဖြင့် ပက်ဖျန်းရန် သတိပြုရန်လိုပါသည်။ ပက်ဖျန်းအသုံးပြုပြီးပါက ဆေးဘူးကျန်၊ ဆေးကျန်၊ ဆေးပုံးဆေးကျောရေများကို ကျင်းနက်တူး ၍ စနစ်တကျစွန့်ပစ်ရန် အထူးအလေးထားရန် လိုအပ်ပါသည်။ နောက်ဆုံးအရေးကြီးဆုံးအချက်မှာ သီးနှံများ ရိတ်သိမ်းဆွတ်ခူးချိန် အလွန်နီးကပ်မှ ဆေးဖျန်းခြင်း၊ ဆေးဖျန်းပြီးပါက ဖျန်းပြီးသော ဓာတု ပိုးသတ်ဆေး၏ဆေးအာနိသင်ပျက်ပြယ်သောကာလ မစောင့်ဆိုင်းဘဲ သီးနှံများ ရိတ်သိမ်းဆွတ်ခူးခြင်းများကို မပြုလုပ်မိစေရန် အထူး အလေးအနက်ထား ရှောင်ကြဉ်ရန်လိုပါသည်။ ဤလုပ်ငန်းဆိုသည်မှာအလွန်အရေးကြီးပါသည်။ ဤသို့မဆောင်ရွက်သဖြင့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များတွင် ဓာတုပိုးသတ်ဆေးများ၏ ဓာတ်ကြွင်းများ ကျန်ရှိနေပြီး စားသုံးသူများ မူးဝေအော့အန်၊ ဆေးရုံ ရောက် အသက်ပါဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်များ မရေမတွက်နိုင်အောင် ခံစားကြရခြင်းဖြစ်သည်။

အသုံးပြုသော ဓာတုပိုးသတ်ဆေးများ၏ အာနိသင်ပျက်ပြယ်ကာလများမှာ ပင်လုံးပြန့်ဆေးများအတွက် (၁၄-၃၀) ရက်စောင့်ဆိုင်းရန် စားသေဆေးများမှာ (၁၄-၃၀) ရက် စောင့်ဆိုင်းရန်၊ ထိသေဆေးများမှာ (၇-၂၁) ရက်စောင့်ဆိုင်းရန်၊ အစာအိမ် အဆိပ်သင့်ဆေးများမှာ (၂၅-၃၀) ရက်ထိ စောင့်ဆိုင်းပြီးမှ ရိတ်သိမ်း ဆွတ်ခူးရန်ဖြစ်ပါသည်။ သို့လှောင်လျှင်လည်း တားမြစ်အဆိပ်ပြင်းဆေး အသုံးမပြုမိရန် သတိပြုရမည်။

**စာမျက်နှာ (၂၇)သို့**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# မြန်မာကုမ္ပဏီများ စီမံအုပ်ချုပ်ရေး ကောင်းမွန်ရေး တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း IFC အစီရင်ခံစာတွင် ဖော်ပြ



မြန်မာနိုင်ငံရှိ ကုမ္ပဏီများအနေဖြင့် စီမံအုပ်ချုပ်ရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်ရန်နှင့် ယှဉ်ပြိုင်မှုပိုမိုအားကောင်းစေရန် လုပ်ဆောင်သင့်ကြောင်း ဧပြီ ၅ ရက်က ရန်ကုန်မြို့၊ ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်သော 'မြန်မာနိုင်ငံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း-၂၀၁၈' ထုတ်ပြန်ခြင်းအခမ်းအနားမှ သိရသည်။

ယခု အစီအရင်ခံစာသည် ပြည်တွင်းကုမ္ပဏီ ၂၄ ခု၏စွမ်းဆောင်ချက်များကို အကဲဖြတ်ထားခြင်းဖြစ်ရာ ပြည်တွင်းနှင့် ဒေသတွင်းစီးပွားရေးကဏ္ဍအတွက် ယှဉ်ပြိုင်မှု ပိုမိုအားကောင်းတိုးတက်ရန်နှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အကျင့်များ တိုးတက်လာစေရန် အလားအလာများ အလွန်ကောင်းမွန်ကြောင်း သိရသည်။

"အဖွဲ့အစည်းတိုင်းရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုက အလွန်အရေးပါပါတယ်။ မြန်မာကုမ္ပဏီများအနေဖြင့် လုပ်ငန်းချဲ့ထွင်ရာပဲဖြစ်စေ၊ နိုင်ငံတကာ မိတ်ဖက်ကုမ္ပဏီများနှင့် ပိုမိုခိုင်မာသောဆက်ဆံရေး တည်ဆောက်ရာပဲဖြစ်စေ၊ အနာဂတ် တာဝန်ဆက်ခံရေး အစီအစဉ်ရေးဆွဲရာတွင်ဖြစ်စေ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအလေ့အထများကို ပိုမို ကောင်းမွန်အောင်ဆောင်ရွက်သွားဖို့အရေးကြီးပါတယ်"ဟုမြန်မာနိုင်ငံငွေ ချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ပြောသည်။

ပြည်တွင်းရှိကုမ္ပဏီများအနေဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးတိုးတက်ကောင်းမွန်စေရန် မြန်မာဒါရိုက်တာများ အင်စတီကျု(MIoD)ဖွဲ့စည်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် Singapore Management University တို့ ပူးပေါင်းကာမြန်မာနိုင်ငံတွင် ပထမဦးဆုံး Director Certification Program ကို ဧပြီလဆန်းတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"အခုအစီအရင်ခံစာမှာ ကုမ္ပဏီများ တိုးတက်ကြီးပွားလာစေရန်နှင့် လုပ်ငန်းတိုးချဲ့နိုင်ရန် ပြင်ပက ငွေကြေးရင်းနှီး မြှုပ်နှံမှုများရရှိရန် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု တိုးတက်လာခြင်းဖြင့် မြန်မာကုမ္ပဏီတွေအတွက် အလားအလာရှိသော အခွင့်အလမ်းတွေကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်" ဟု IFC ၏ မြန်မာနိုင်ငံဆိုင်ရာ အရာရှိ ဒေါ်ခင်သီတာမော်က ပြောသည်။

ယခုအစီရင်ခံစာကို ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့ဝင် International Finance Corporation၊ မြန်မာနိုင်ငံငွေ ချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ ရန်ကုန်စတော့အိတ်ချိန်းနှင့် DICA တို့ တွဲဖက်ထုတ်ပြန်ခြင်းဖြစ်သည်။

**သန်းထိုက်အောင်**

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဆောင်ရွက်နေသည့် Payment System တွင် Customer အချင်းချင်း ငွေကြေးစီးဆင်းမှုများ တိုက်ရိုက်ပြုလုပ်နိုင်စေရန် လုပ်ဆောင်

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဆောင်ရွက်နေသည့် Payment System တွင် Customer အချင်းချင်း ငွေကြေးစီးဆင်းမှုများ တိုက်ရိုက်ပြုလုပ်နိုင်စေရန် လုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ သိရပါတယ်။

"အဲဒါက CBN net system လို့ ခေါ်ပါတယ်။ ၂၀၁၆ ခုနှစ်ကတည်း Phase 1 ကို ဆောင်ရွက်ခဲ့တယ်။ ဂျပန်နိုင်ငံက JICA ရဲ့အကူအညီနဲ့ပေါ့နော်။ အခုကတော့ ဘဏ်အချင်းချင်း အကြားပေါ့။ နောက်ပိုင်း Phase 2 ကျရင် ဘဏ်တွေမှာရှိတဲ့ Customer အချင်းချင်း တိုက်ရိုက် လုပ်ဆောင်နိုင်အောင်လို့ ဆောင်ရွက်နေပါတယ်။ အခုစပြီးတော့ ဆွေးနွေးနေပြီ"ဟု မြန်မာနိုင်ငံတော် ဗဟိုဘဏ် Accounts Department မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်မြင့်ကြည်က ပြော သည်။

ထို့အပြင် ဘဏ်များမှ ဆောင် ရွက်နေသည့် မိုဘိုင်းပေးမန့်များကို CBN Net System အရ Transation Flow များ သွားနိုင်စေရန် ဆက်လက် ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် မိုဘိုင်းငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရန် ပုဂ္ဂလိကဘဏ် ၁၀ ခုကို ခွင့်ပြုထားပြီး၊ လက်ရှိတွင် ငွေပေးချေမှုလုပ်ငန်းများ၊ လာရောက်လျှောက်ထားမှုများနဲ့ ပတ် သက်၍ ဥပဒေများနှင့်အညီ ငွေကြေး စီးဆင်းမှုလုပ်ငန်းစဉ်များ မည်သို့ မည်ပုံ သွားသည်ကို စိစစ်ခြင်း၊ မှန်ကန်စွာ သွားနေသည်လားဆိုသည်တို့ကို စောင့်ကြည့်ခြင်း လုပ်ငန်းစဉ်များနှင့် ခွင့်ပြုနေကြောင်းလည်း သိရသည်။

**ချောစု**

# လက်ဗွေရာဖြင့် ဦးနှောက်စွမ်းရည်ကို စစ်ဆေးနိုင်မည့် Brain Code စနစ်ကို ပြည်တွင်း၌ စတင်လုပ်ဆောင်နိုင်

လက်ဗွေရာဖြင့် ဦးနှောက်စွမ်းရည် ကို စစ်ဆေးနိုင်မည့် Brain Code စနစ် ကို ပြည်တွင်း၌ လုပ်ဆောင်လို့ရပြီဖြစ်ကြောင်း သိရသည်။

Brain Code စနစ်ဖြင့် လုပ်ဆောင်ခြင်းကို အသက် ၃ နှစ်မှစ၍ အသက်ကြီးသည်အထိ လုပ်ဆောင်နိုင် သော်လည်း ကလေးငယ်များတွင် အဓိကထားစစ်ဆေးသင့်ကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်သည့်အတွက် ကလေး ငယ်၏ အားနည်းချက်၊ အားသာချက်၊ စိတ်ပါဝင်စားမှုနှင့် စူးစမ်းလေ့လာလိုမှု တို့ကို မိဘမှသိရှိနိုင်မည်ဖြစ်ပြီး အလွယ်တကူသိရှိကာ ပြုပြင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကလေးတစ်ယောက် Brain Code စနစ်ကို လုပ်မယ်ဆို လက်ဆယ်ချောင်းလုံးကို Finger Print ယူတယ်။ အဖြေအတွက်ကိုလည်း မလေးရှားနိုင်ငံက ပညာရှင်တွေက စစ်ဆေးပေးတယ်။ အဖြေရဖို့လည်း တစ်ပတ်လောက် စောင့်ရတယ်။ ထွက်လာတဲ့ ရလဒ်ကိုလည်း over 95 % အထိ အာမခံပါတယ်"ဟု MI Edu Hub rS Incharge တစ်ဦးဖြစ်သူ ကိုမျိုးဘိုဘိုထက်က မတ်လ ၃၀ ရက်တွင် ပြောခဲ့သည်။

Finger Print နဲ့ စစ်ဆေးတာက လူတစ်ယောက်မှာ ဗီဇက အသက်ကြီးလာပေမယ့် အများကြီးပြောင်းလဲမသွားသလို လက်ဗွေကလည်း မပြောင်းလဲသွားပါဘူး။ အဲဒါကြောင့် ကိုယ့်သားသမီးကို ဘယ်လိုပြုပြင်ထိန်းသိမ်းရမယ်။ ကလေးက ဘာကိုဝါသနာပါတယ်ဆို တာတွေကို သိသွားတဲ့အတွက် ထိန်းကျောင်းဖို့ ပြုပြင်ဖို့ တစ်အားလွယ်သွားမယ်။ လိုအပ်တာတွေကိုလည်း မိဘက ဖြည့်ဆည်းနိုင်သွားမယ်''ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ လက်ဗွေစနစ်ဖြင့် ဦးနှောက်စွမ်းရည် စစ်ဆေးနိုင်သည့် စက်ကို ဈေးကွက်အတွင်းဖြန့်သွားဖို့ ရှိသော်လည်း လက်ရှိတွင် Bright Kids 123 International Pre School ၌ ပြုလုပ်နိုင်ပြီး တစ်ကြိမ်လျှင် မြန်မာငွေနှစ်သိန်း ခွဲကျပ် သတ်မှတ်ထားကြောင်း သိရသည်။

**ချောစု**

# လမ်းလျှောက်သင်္ကြန်အတွင်း ဈေးရောင်းနိုင်မည့် ဆိုင်ခန်းဈေးနှုန်းမှာ ကျပ် ၁၅ သိန်းအထိ ပေါက်ဈေးရှိနေ

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျင်းပပြုလုပ်မည့်လမ်းလျှောက်သင်္ကြန်တွင် ဆိုင်ခန်းဖွင့်လှစ် ရောင်းချနိုင်မည့် ဆိုင်ခန်းဈေးနှုန်းများမှာ ဆယ်ပေပတ်လည်တစ်ခန်းလျှင် ကျပ် ၁၅သိန်းအထိ ပေါက်ဈေးရှိနေကြောင်း ရန်ကုန်လမ်းလျှောက် သင်္ကြန်ကျင်းပမည့် ပုဂ္ဂလိကလုပ်ငန်းရှင်များထံမှ သိရ သည်။

"နေရာတွေကတော့ လမ်းလျှောက်သင်္ကြန် အင်းယားလမ်းနဲ့တက္ကသိုလ်ရိပ်သာလမ်း ထိပ်ပိုင်း၊ ပြည်လမ်းနဲ့ အင်းယားလမ်းထိပ်နေရာ ဝင်ပေါက်နားက ၁၅ သိန်းပါ။ ဝန်ဆောင်မှုအနေနဲ့ ဆယ်ပေပတ်လည် အခန်းတစ်ခုရယ်၊ လေးပေမီးချောင်းရယ်၊ ၂ ထောင်ဝပ်သုံးနိုင်တဲ့ မီးပလပ်ခုံရယ်ပါမယ်။ နောက်ပြီး လုံခြုံရေးအနေနဲ့ ဝန်ထမ်းတွေရှိမယ်။ သန့်ရှင်းရေးဝန်ထမ်းတွေလည်း ပါဝင်မယ်" ဟု အင်းယားလမ်းသင်္ကြန် ဆိုင်ခန်းနေရာရောင်းချရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အင်းယားလမ်း လမ်းလျှောက်သင်္ကြန် ဆိုင်ခန်းဈေးနှုန်းများမှာ သင်္ကြန် လေးရက်အတွက် တစ်ခန်းလျှင် ကျပ် ၆ သိန်းဝန်းကျင်မှ ကျပ် ၁၅သိန်းဝန်းကျင်အထိ ဈေးနှုန်းရှိနေပြီး မြကွန်းသာ သင်္ကြန်ဆိုင်ခန်း ဈေးနှုန်းများမှာ ကျပ်ငါးသိန်းဝန်းကျင်မှစတင်ကာ ပေါက်ဈေးရှိကြောင်း သိရသည်။

"တော်ရုံဈေးနှုန်းနဲ့ရောင်းလို့ တစ်နေ့ကို တစ်သိန်းခွဲလောက် အမြတ်မရနိုင်ဘူး။ နောက်ပြီး ဒီနှစ်သင်္ကြန်မှာ အစားအသောက်ဈေးနှုန်းတွေက မြင့်ဦးမယ်။ ရောင်းတဲ့သူအနေနဲ့လည်း အမြတ်ထက် အရင်းကိုက်ဖို့ တော်တော် ရောင်းယူရမယ်"ဟု သင်္ကြန်ကာလအတွင်း ဆိုင်ခန်းဖွင့်လှစ်ရောင်းချမည့်သူ မမြင့်က ပြောသည်။

လမ်းလျှောက်သင်္ကြန်အတွက် နေရာခြောက်နေရာ လျာထားပြီး ကန်တော်ကြီးတွင်တစ်ခု၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ ဦးဥတ္တမပန်းခြံ၊ အင်းလျားလမ်း (တက္ကသိုလ်ရိပ်သာလမ်းနဲ့ အင်းလျားလမ်း မီးပွိုင့်) အင်းလျားကန် ဘောင်ဘေး ကွန်ကရစ်လမ်းဘေး တစ်လျှောက်)နှင့် မြကွန်းသာ စသည့်နေရာများတွင် ပြုလုပ် ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရန်ကုန်သင်္ကြန်တွင် စီးပွားဖြစ်မဏ္ဍပ်များ ဆောက်လုပ်ခွင့်မပြုသော်လည်း မဏ္ဍပ်တည်ဆောက်ရန် မြေနေရာ၊ ဈေးနှုန်းမြင့်မားမှုနှင့် ဆိုင်ခန်း ငှားရမ်းခဈေးနှုန်း မြင့်တက်မှုများ ဖြစ်ပေါ်နေကြောင်း ဈေးကွက်ဈေးနှုန်းများအရ သိရသည်။

**ချောစု**

## စာမျက်နှာ (၂၅) လူသားတို့၏အစားအစာများ ပိုးသတ်ဆေးဓာတ်ကြွင်း . . . မှအဆက်

ရိက္ခာသီးနှံများ ထုတ်လုပ်သူများသည် ပိုးသတ်ဆေး၏ အင်းဆက်ပိုးမွှားများအပေါ် တုံ့ပြန်မှုသဘောတရားများ၊ ဓာတုပိုးသတ်ဆေးများ၏ အာနိသင်များကို သေချာစွာ နားလည်သဘောပေါက်အောင် လေ့လာပြီးမှသာ အသုံးပြုသင့်သည်။ ရိက္ခာသီးနှံများတွင် ပဲမျိုးစုံ၊ နှံစားသီးနှံ၊ ဆီထွက်သီးနှံများအတွက်မူ အထက်တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ နေ့စဉ်စားသုံးနေကြသည့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ စားဖိုဆောင်သီးနှံ၊ ငရုတ်၊ ကြက်သွန်နီ/ဖြူ ခရမ်းချဉ်၊ အာလူးနှင့် အမြစ်စား၊ ဥစား၊ အပွင့်စား၊ အရွက်စား စသည့် အပင်အစိတ်အပိုင်းများအလိုက် ဓာတုပိုးသတ်ဆေးကို ရွေးချယ် အသုံးပြုသင့်ပါသည်။ အထူးသဖြင့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ စားဖိုဆောင်သီးနှံများကို ပင်လုံးပြန့်သွားသဖြင့် ပင်လုံးဖြန်းဆေးကို ချိန်ဆသုံးရန်လိုအပ်ပါသည်။ ထို့အတူ ဓာတုဓာတ်ကြွင်း တာရှည်ခံသော ဓာတုပိုးသတ်ဆေးများကို လုံးဝ အသုံးမပြုရန်လိုက်နာသင့်ပါသည်။ စားသော ဓာတုပိုးသတ်ဆေးများသည် ပက်ဖျန်းလိုက်သောအခါ အပင်၏ အရွက်၊ အပွင့်၊ သီးကင်းတို့တွင် ကပ်နေပြီး အင်းဆက်ပိုးမွှားများက အပင်အစိတ်အပိုင်းကို စားမိသောအခါ သေကြေကြခြင်းဖြစ်ပါသည်။ ဤဆေးများကို ဆေး၏ အာနိသင်ပျက်ပြယ်ကာလထိ စောင့်ဆိုင်းပြီးမှ ရိတ်သိမ်းဆွတ် ခူးသင့်ပါသည်။

ထိသေဓာတုပိုးသတ်ဆေးများသည် အင်းဆက်ပိုးမွှားများအား တိုက်ရိုက်ထိငြိသေစေသော အာနိသင်ရှိပါသည်။ "ထိ၊ ပြုတ်ကျ အာနိသင်" (Konck Down Effect) ရှိသည်။ ပက်ဖျန်းလိုက်သောအခါ အင်းဆက်ပိုးမွှားကို တိုက်ရိုက်ထိအောင်ဖျန်းရန်လိုပါသည်။ အင်းဆက်ပိုးမွှားများ ထိသေစေသလို အပင်အစိတ်အပိုင်းများပေါ်တွင်လည်း ထိုက်သင့်သလောက်ကပ်ကျန်နေပါသည်။ အပွင့်၊ အရွက်၊ ကျစ်လျစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညှင်းထုပ်)များကို ပက်ဖျန်းမိပါက ဓာတုဆေးများ၏ ဓာတ်ကြွင်းများသည် ကျစ်လျစ် သိပ်သည်းသော အပွင့်ကြား၊ အရွက်များကြားတွင် နေရောင်မထိ၊ လေမထိဘဲ စုစည်းခိုအောင်းနေနိုင်သဖြင့် စိုက်ခင်းပိုင်ရှင်များက ဆေး၏ အာနိသင် ပျက်ပြယ်သောကာလကျော်လွန်မှ ဆွတ်ခူးရန် အထူးသတိပြုရမည့်အချက်ဖြစ်သည်။

သစ်သီးဝလံ၊ ရိက္ခာသီးနှံ၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံများကို ထပ်ဆင့်ဝယ်ယူ၍ လက်လီရောင်းချသူများသည် စားသုံးသူများနှင့် အနီးကပ်ဆုံး၊ နိစ္စဓူဝ ဆက်ဆံနေကြသူများ ဖြစ်သည်။ ထပ်ဆင့်ဝယ်ယူရောင်းချသူများသည် မိမိ၏ သီးနှံ၊ အသီး၊ အရွက် (ဗူးညွန့်၊ ဖရုံညွန့်၊ ကန်စွန်း၊ ချဉ်ပေါင်၊ မုန်ညှင်း၊ ကိုက်လံ၊ ကြက်သွန်မြိတ်၊ နံနံအမျိုးမျိုး၊ ပူစီနံ) များ ကြီးထွားစိမ်းစို လန်းဆန်းနေပြီး ဝယ်ယူသူ စွဲမက်စေရန် နံနက်စောစောဈေးခုံပေါ်တင်ခါနီးမှ အားဆေးများ ရေဖျော်၍ လက်ဖြင့် ရေတောက်ခြင်း၊ ယူရီးယားမြေဩဇာကို ရေဖျော်၍ဖျန်းခြင်း၊ အပင်ဟော်မုန်းဆေးများ ရေဖျော်၍လက်ဖြင့် တောက်ခြင်းများ ပြုလုပ်၍ တစာစာအော်၍ရောင်းချကြသည်။ အလွန် အန္တရာယ်ကြီးမားသော ဖြစ်စဉ်ဖြစ်သည်။ အိမ်ရှင်မများသည် အဆိပ်များဖြင့် ပြည့်ဝနေသော စိမ်းစိုလန်းဆန်းကြီးထွားဖွံ့ဖြိုးသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ စားဖိုဆောင်သီးနှံများကို ရင်ဝယ်ပိုက်၍ နေ့စဉ်ဈေးဝယ်ပြန်နေကြရသည်။ ဓာတုအဆိပ်ပါသော ရိက္ခာများကို နေ့စဉ် မြိန်ယှက်စွာ စားသုံးရင်း ကျေနပ်နေကြရသည်။ အဆိပ်များကို မျိုချနေကြရသည်ကို မသိရှိကြပါ။ အလွန် ဝမ်းနည်းစရာ ကောင်းလှပါသည်။ သို့အတွက် လူသားတို့၏ အစားအစာများ ဓာတုပိုးသတ်ဆေးဓာတ်ကြွင်းများ ကင်းဝေးကြစေရန် လက်ကားရောင်းဝယ်သူများအပိုင်းမှလည်း မိမိတစ်ကိုယ်အဖို့သာ မကြည့်ဘဲ သတိတရားဖြင့် အဓိကထားရှောင်ကြဉ်ကြရန် လိုအပ်ပါသည်။

တစ်ဖန်ရိက္ခာအတွက် စားသုံးသူအိမ်ရှင်မများသည် ဈေးမှ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ စားဖိုဆောင်သီးနှံများ၊ ဥစား၊ အမြစ်စားများကို နေ့စဉ်ဝယ်ယူနေကြရဦးမည်မှာ မလွှဲမသွေပင်ဖြစ်ပါသည်။ ရှောင်လွှဲ၍မရနိုင်ပါ။ ဝယ်ယူလာသော ရိက္ခာသီးနှံများ ဓာတုပိုးသတ်ဆေးဓာတ်ကြွင်းများ လျော့ပါးကင်းဝေးစေရန် နည်းလမ်းများ မျှဝေပါမည်။ အရွက်စား (ဗူးညွန့်၊ ဖရုံညွန့်၊ ကဇွန်း၊ ချဉ်ပေါင်၊ ကိုက်လံ၊ ကြက်သွန်မြိတ်၊ နံနံအမျိုးမျိုး) စသည်တို့ကို အိမ်ရောက်လျှင် ရေသန့်သန့်ဖြင့် ဝအောင်ဆေးပါ။ နောက်ရေသန့်သန့်တွင် ဆားအနည်းငယ်ထည့်၍ (၁-၂) နာရီခန့် စိမ်ထားပါ။ ပြန်ဆယ်ယူ၍ ရေသန့်သန့်ဖြင့် ဝအောင်ဆေးပြီးမှ ချက်ပြုတ်စားပါလို့ အကြံပြုပါသည်။

ပန်းမုန်လာ၊ မုန်လာထုပ်၊ ဂေါ်ဖီထုပ်၊ မုန်ညှင်းထုပ်ကဲ့သို့ အပွင့်အရွက် ကျစ်လျစ်သော ဟင်းသီးဟင်းရွက်များကို အပွင့်၊ အဖတ်၊ အရွက်များကို ခွာ၍ ရေသန့်သန့်ဖြင့်ဝအောင်ဆေးပါ။ ဆားအနည်းငယ်ထည့်ထားသော ဆားရည်တွင် (၁-၂) နာရီခန့် စိမ်ထားပါ။ ပြန်ဆယ်ယူပြီး ရေသန့်သန့်ဖြင့် ဝအောင်ဆေးပြီးမှ ချက်ပြုတ်စားသုံးပါ။ အသီး၊ အဥ၊ အမြစ်စားသီးနှံများ (အာလူး၊ ကြက်သွန်၊ မုန်လာဥ၊ ဂျုံးမြစ်၊ ကစွန်းဥ၊ ခရမ်းသီး၊ ခရီးချဉ်သီး၊ ပန်းသီး၊ သစ်တော်သီး) စသည်တို့ကို ကနဦးရေသန့်သန့်ဖြင့် ပွတ်တိုက်ဆေးပါ။ ဆပ်ပြာရည် အနည်းငယ်ထည့်၍ ဖျော်ပြီး ဆပ်ပြာရည်နှင့် ပွတ်တိုက်ဆေးကြောပါ။ ပြီးလျှင် ရေသန့်သန့်ဖြင့် သေချာ ပွတ်ဆေးပြီးမှ စားသုံးပါလို့ အကြံပြုသည်။ သို့ပါ၍ လူသားများအားလုံး ဓာတုပိုးသတ်ဆေးဓာတ်ကြွင်း အဆိပ်သင့်မှုမှ လွတ်မြောက်ကြစေရန် မေတ္တာဖြင့် တင်ပြလိုက်ရပါသည်။

## စာမျက်နှာ (၆) စားသုံးသူများ နစ်နာပါက . . . မှအဆက်

ထိုသို့တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ဆောင်ရွက်ပေးခဲ့သဖြင့် ထိုက်သင့်သော အောင်မြင်မှုများရရှိခဲ့သည်။ စားသုံးသူပြည်သူများ ရရှိမည့် စားသုံးသူအခွင့်အရေးများကို ပြည်သူများ သိရှိလာကြသည်။ နစ်နာ ဆုံးရှုံးမှုများနှင့် ပတ်သက်၍ ကုစားဖြေရှင်းပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို တောင်းဆိုတတ်လာသည်။ လုပ်ငန်းရှင်များကလည်း ပြီးစလွယ်မလုပ်ကြတော့ဘဲ တာဝန်ခံမှု စိတ်ဓာတ်များဖြစ်ပေါ်လာသည်။ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိသော လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်လာကြသည်။ ဆောင်ရွက်လာကြသည်။ စားသုံးသူရေးရာဦးစီးဌာနက ဆောင်ရွက်ခဲ့၍ ရရှိခဲ့သော အောင်မြင်မှုများပင်ဖြစ်သည်။

ထိုသို့စေတနာထားဆောင်ရွက်ခဲ့သဖြင့် ရရှိသောအောင်မြင် မှုများကို အခြေခံ၍ပိုမိုတိုးတက်အောင်မြင်မှုများကိုရရှိနိုင်ရန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိပြဋ္ဌာန်း ကျင့်သုံးလျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄)ထက် ပိုမိုအားကောင်းပြည့်စုံပြီး၊ စားသုံးသူများကို အပြည့်အဝ ကာကွယ်ပေးနိုင်ရေးအတွက် စားသုံးသူကာကွယ်ရေး ဥပဒေအသစ်ကို ပြင်ဆင်ရေးဆွဲခဲ့သည်။ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို အလွယ်တကူ တိုင်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ(CICC) ရုံးများဖွင့်လှစ်ပေး၍ တိုင်ကြားမှုများကို ကုစားဖြေရှင်းပေးလျက် ရှိသည်။ နိုင်ငံတကာစားသုံးသူ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းကာ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ယခုလည်းစားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများကို ပိုမို အကာအကွယ်ပေးနိုင်ရေးအတွက် အရှိန်မြှင့်တင်သည့်အနေဖြင့် နိုင်ငံ၏တိုးတက်ခေတ်မီမှု၏ ပြယုဂ်ဖြစ်သည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နစ်နာမှုများ၊ ဆုံးရှုံးမှုများ၊ ကျေနပ်မှုမရရှိခြင်းတို့အတွက် လွယ်ကူ လျင်မြန်စွာ၊ လုံခြုံစိတ်ချစွာဖြင့် တိုင်ကြားနိုင်ရန် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် မိုဘိုင်းအပလီကေးရှင်းအသစ်တစ်ခုကို စတင်ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါမိုဘိုင်းအပလီကေးရှင်းကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် အသုံးပြုနိုင်ပါသည်။ စားသုံးသူများအနေဖြင့် တိုင်ကြားလိုသည့် ကိစ္စများကို အပလီကေးရှင်းတွင် ပါဝင်သည့်ပုံးတွဲပါပုံစံတွင် စားသုံးသူများမှ တိုင်ကြားရန် လုပ်ဆောင်ချက်မှတစ်ဆင့် စားသုံးသူရေးရာဦးစီးဌာနသို့ အချိန်တိုအတွင်း တိုက်ရိုက်တိုင်ကြားနိုင်သည့်အပြင် အပလီကေးရှင်းထဲတွင် ပါဝင်သော စားသုံးသူရေးရာဦးစီးဌာန အကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၊ စားသုံးသူများ၊ လုပ်ငန်းရှင်များ၊ ကုန်ပစ္စည်းဆိုင်ရာသတိပေးချက်များ၊ စားသုံးသူ/လုပ်ငန်းရှင်၊ ဌာနများ၏အမေးအဖြေကဏ္ဍ၊ စားသုံးသူ အကာကွယ်ပေးရေး သတင်းများနှင့် လှုပ်ရှားမှုများ၊ စားသုံးသူ သတင်း ပြန်ကြားရေးနှင့်တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) လိပ်စာများ၊ စားသုံးသူကာကွယ်ရေးဥပဒေစသည့် ကဏ္ဍများကိုလည်း မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

ထို့အပြင်တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာန ရုံးများမှလည်းကောင်း၊ တယ်လီဖုန်းများဖြင့်လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mm/complaunt/ မှလည်းကောင်းစားသုံးသူများ၏ နစ်နာ ဆုံးရှုံးမှုများ၊ ကျေနပ်မှုမရှိသောအကြောင်းအရာများကို တိုင်ကြားနိုင်ရန်ဆောင်ရွက်ထားသည့်အပြင် ယခုအပလီကေးရှင်းကိုပါ ထပ်မံ ထုတ်ဝေလိုက်ခြင်းကြောင့် စားသုံးသူများအနေ ဖြင့် မိမိတို့၏ နစ်နာဆုံးရှုံးမှုများ၊ ကျေနပ်မှုမရှိသော ကိစ္စရပ်များကို အချိန်တိုအတွင်း ပိုမိုကျယ်ပြန့်လွယ်ကူစွာ တိုင်ကြားလာနိုင်တော့မည်ဖြစ်ပါသည်။ သို့သော် အဆိုပါ အပလီကေးရှင်းကို လက်ရှိအချိန်တွင် အန်းဒရွိုက်ဖုန်းများအတွက်သာ ထုတ်ဝေထားကာ Google Play Store တွင် DOCA Myanmar ဟုရိုက်၍ ရှာဖွေပြီး ရယူနိုင်သလို စားသုံးသူရေးရာဦးစီးဌာန၏ ဖေ့စ်ဘုတ်စာမျက်နှာ Facebook.com/DOCA.NPT တွင် ဖော်ပြထားသည့် Link မှ တစ်ဆင့်လည်း ဒေါင်းလုပ်ရယူနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များသည် စီးပွားရေးကျင့်ဝတ်နှင့်အညီ ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ ထိုးဖောက်နိုင်ရေး ကြိုးစားဆောင်ရွက်ခြင်းဖြင့် ကူညီပေးပါရန်၊ သက်ဆိုင်ရာ ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များမှလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ဘေးဥပဒ်အန္တရာယ်ရှိသော ကုန်စည်နှင့်ဝန် ဆောင်မှုလုပ်ငန်းများ ရယူသုံးစွဲ၍ ဆုံးရှုံးနစ်နာမှုများရှိပါက အချိန်တိုအတွင်း တိုင်ကြားကြပါရန်နှင့် ကုစားဖြေရှင်းပေးမှုများကို ရယူကြပါရန် တိုက်တွန်းအပ်ပါသည်။



# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၉) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ BRT အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက မတ် ၁၅ ရက်တွင် စားသုံးသူကာကွယ်ပေးရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တင်ပြသော စားသုံးဆီကိစ္စမှာ ဒုတိယသမ္မတအစည်းအဝေးထိ တင်ပြနိုင်ခဲ့ပြီး Seminar မှ ဆွေးနွေးချက် Outcome များကို Action Plan ဆက်လက်လုပ်ဆောင်နေလျက်ရှိကြောင်း၊ ဆီအရောကိစ္စ Labelling နှင့် Trace ability လည်း အမြန်ဆုံး စတင်နေပြီဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ခေတ္တတိုင်းဒေသကြီး ဦးစီးမှူး ဦးဇေယျာဆွေက စားသုံးသူကာကွယ်ရေးဥပဒေအရ တိုင်းစားသုံးသူရေးရာ ကော်မတီကို ပြန်လည်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ စားသုံးသူကာကွယ်ရေးဥပဒေအရ စစ်ဆေးရေးအရာရှိများကို ခန့်အပ်သွားမှာဖြစ်ကြောင်း၊ တိုင်ကြားမှုနှင့် ပတ်သက်၍လည်း စားသုံးသူရေးရာ ဦးစီးဌာနကို လက်ခံဖြေရှင်းအရေးယူဆောင်ရွက်ခြင်းအား ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ မတ်လအတွင်း စားသုံးသူအခွင့်အရေးလူထုလှုပ်ရှားမှုအနေဖြင့် နေပြည်တော် စားသုံးသူရေးရာ ဦးစီးဌာန(ရုံးချုပ်)၌ We are consumer, we have rights ဖြင့် Campaign စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ကျင်းပခဲ့ပြီး စားသုံးသူပညာပေး ဇာတ်လမ်းများကို နိုင်ငံပိုင်ရုပ်သံမီဒီယာနှင့် ရေဒီယိုလိုင်းများတွင် ရက်သတ္တပတ် (၆)ပတ်ကြာ ထုတ်လွှင့်ပြသလျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်း၊ ပုသိမ်မြို့တွင် 'ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့' အခမ်းအနားကို ကျင်းပခဲ့ပြီး ရန်ကုန်တိုင်းစားသုံးသူရေးရာဦးစီးဌာနမှာလည်း စားသုံးသူပြည်သူများကို အသိပညာပေးအနေဖြင့် ဗီနိုင်းပိုစတာများ ချိတ်ဆွဲခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။

ထို့နောက် စားသုံးသူတိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက မတ်လအတွင်း စားသုံးသူများ၏ တိုင်ကြားမှုတွင် စားသောက်ကုန်တစ်ခု၊ လူသုံးကုန်နှစ်ခု၊ ဝန်ဆောင်မှု ၂၅ ခု တို့ကို လက်ခံဖြေရှင်းဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရန် ခရိုင်အလိုက် ကွင်းဆင်းစစ်ဆေးမှု အခြေအနေ၊ အခြားမိတ်ဖက်ဌာနများနှင့် ပူးပေါင်းကွင်းဆင်းစစ်ဆေးခဲ့မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်မြဦး (စားသုံးသူ) ရန်ကုန်**

## မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၈ ရက်တွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးရှိ စည်သူခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မြောက်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်တင်စိုးက ယခင်လအစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက် ပြီးစီးမှုအခြေအနေ၊ မတ်လအတွင်း မြို့နယ်(၈)မြို့နယ်ရှိ ဈေး၊ ရပ်ကွက်/ကျေးရွာများသို့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရရှိစေရေး ကွင်းဆင်းပညာပေးများ နှင့် အင်းစိန်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့နှင့် ပူးပေါင်း၍ ဆေးဆိုင် ၂၈ ဆိုင်အား ရှောင်တခင် ကွင်းဆင်းပညာပေးဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ၂၀၁၉ ခုနှစ်၊ မတ်လတွင် စားသုံးသူရေးရာဦးစီးဌာန၏ Website မှ တစ်ဆင့်တိုင်ကြားစာ (၂)စောင် လက်ခံရရှိခဲ့ပါကြောင်း၊ လှိုင်သာယာမြို့နယ်နေ စားသုံးသူတစ်ဦးက Myanmar Broadband Telecom Wifi(30 Mbps) တပ်ဆင်ခဲ့သော်လည်း စာချုပ်ပါ အချက်အလက်အတိုင်း မရရှိသည့်အတွက် ကုမ္ပဏီသို့ ဆက်သွယ်ပြောကြားခဲ့သော်လည်း အဆင်မပြေသည့်အတွက် တိုင်ကြားလာခြင်းကို သက်ဆိုင်ရာ ကုမ္ပဏီနှင့် စေ့စပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်တွင် နေထိုင်သည့် စားသုံးသူတစ်ဦးကလည်း ပစ္စည်းဝယ်ယူခြင်း၊ ဖုန်းငွေဖြည့်ခြင်းတို့အတွက် Point ပြည့်မီခြင်းကြောင့်ငွေကျပ် တစ်သိန်းကျော်တန် လက်ဆောင်ပစ္စည်းရရှိမှုအပေါ် 18 K ရွှေဆွဲကြိုး နှစ်ကုံးကို ငွေကျပ် ၅၉၀၀၀ ထပ်ဆောင်းပေး၍ ရယူခဲ့ရာ ရွှေဆွဲကြိုးမဟုတ်ဘဲ ဖန်စီလက်ဝတ်ရတနာဖြစ်နေသည့်အတွက် ကျေနပ်မှုမရှိ၍ စစ်ဆေး အရေးယူပေးပါရန် တိုင်ကြားလာခြင်းအပေါ် တာဝန်ရှိသူနှင့်တွေ့ဆုံ၍ စေ့စပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ထိုဥပဒေသစ်အရ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၊ စားသုံးသူရေးရာ ကော်မတီဝင်များ ပြန်လည်ဖွဲ့စည်း၍ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေး ပြီးနောက် အဖွဲ့ဝင်များမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်ရွှေ (ရန်ကုန်)**

## ကသာမြို့ ဆေးဆိုင်များအား တားမြစ်ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေး



ကသာခရိုင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မူခင်းတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် သင်္ကြန်ကာလအတွင်း ဆေးဆိုင်များ၌ စိတ်ကြွဆေးများ ရောင်းချမှုမရှိစေရေးအတွက် ဧပြီ ၂ ရက်တွင် ကျန်းမာရေး ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေး အဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပူးပေါင်းအဖွဲ့များဖြင့် ကသာမြို့ပေါ်ရှိ ဆေးဆိုင်၁၄ဆိုင်အား တားမြစ်ဆေးများ ရောင်းချခြင်း ရှိ/မရှိ ရှောင်တခင် ကွင်းဆင်းဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့စစ်ဆေးရာတွင် တားမြစ်ဆေးများ ရောင်းချခြင်း မတွေ့ရှိရသော်လည်း ဆေးဆိုင် (၆) ဆိုင်မှ သက်တမ်းလွန်နေသော လူသုံးဆေးဝါးများ ၉၄၄ မျိုး၊ ခန့်မှန်းတန်ဖိုး ကျပ် ၈၀၁၁၀၀ အား သိမ်းဆည်းခဲ့ပြီး သင်္ကြန်ကာလအတွင်း စိတ်ကြွဆေးများ မရောင်းချကြရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး ဈေးကွက်အတွင်းမှ ဖယ်ရှားခဲ့သော သက်တမ်းလွန်ဆေးဝါးများကို (၂၇)ကြိမ်မြောက် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အစည်း အဝေးတွင်တင်ပြ၍ ဆုံးဖြတ်ချက်ရယူပြီး မီးရှို့ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင် (ကသာ)**

## သင်္ကြန်ကာလအတွင်း လက်မှတ်နှုန်းထားများ ပိုမိုရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေး

မိတ္ထီလာခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများသည် ဧပြီ ၃ ရက်က မိတ္ထီလာမြို့နယ်အတွင်းရှိ မော်တော်ယာဉ်ကားဂိတ်များသို့ ကွင်းဆင်း၍ သင်္ကြန်ကာလအတွင်း ၎င်းတို့ ယာဉ်လိုင်းရှိ မော်တော်ယာဉ်ကားများတွင် ယာဉ်စီးနင်းခများကို သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံခြင်း၊ မူလဝယ်ယူထားသော ခုံနံပါတ်နှင့် ယာဉ်စီးနင်းရာတွင် လွဲမှားနေခြင်း၊ ခရီးစဉ်အား အချိန်နှင့်တစ်ပြေးညီထွက်ခွာမှုမရှိခြင်း၊ လက်မှတ်ဝယ်ယူရာတွင် ကြော်ငြာထားသည့်နေ့ ရက်တွင် အမှန်တကယ်ဝယ်ယူရရှိမှုမရှိခြင်းစသည့် အချက်များ မဖြစ်ပေါ်စေရန် ယာဉ်လိုင်းရှိ ဂိတ်တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး လိုက်နာမှုမရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ အရေးယူခံရမည် ဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။ မော်တော်ယာဉ်လုပ်ငန်း ဂိတ်တာဝန်ခံများကလည်း မိမိတို့အနေဖြင့် သိရှိလိုက်နာသွားမည်ဖြစ်ကြောင်းကို အဖွဲ့ရှေ့မှောက်တွင် ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သိမ့်သူဇာမောင် (ထီလာ)**

## သနပ်ပင်မြို့နယ်အတွင်းစားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

သနပ်ပင်မြို့နယ် စားသုံးသူဝန်ထမ်းများမှ တပိုင်ကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ ထိုသို့ ဟောပြောရာတွင် စားသုံးသူအခွင့်အရေးများ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ ဥပဒေနှင့် ပြစ်ဒဏ်များ၊ စားသုံးရန် မသင့်သည့် အစားအစာများ၊ ဘေးအန္တရာယ် ကင်းရှင်းစွာ ရွေးချယ်နိုင်သည့် နည်းလမ်းများ၊ ကုန်စည်နှင့်ဝန်ဆောင်မှုကြောင့် ထိခိုက်နစ်နာမှုများရှိပါက တိုင်ကြားနိုင်ကြောင်း အသိပေး တိုက်တွန်းမှုများပြုလုပ်ခဲ့ပြီး စားသုံးသူကာကွယ်ရေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။ ဟောပြောပွဲသို့ ရပ်ကျေး ဥက္ကဋ္ဌ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအပါအဝင် ကျေးရွာသူ/ ကျေးရွာသား ၅၀ ဦး တက်ရောက်ခဲ့သည်။

**သိန်းဆွေ(သနပ်ပင်)**

# တောင်ငူနှင့် ပဲခူးတွင် ဆန်စပါးအစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ် တည်ထောင်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ အကူအညီဖြင့် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် Kett Electric Laboratory တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ဆန်စပါးအစိုဓာတ် တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန် ခြေရာခံစနစ် တည်ထောင်ခြင်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ်လ ၃၀ ရက်တွင် တောင်ငူမြို့ကေတုမတီ ဘိုးဘွားရိပ်သာခန်းမ၌ လည်းကောင်း၊ ဧပြီ ၁ ရက်တွင် ပဲခူးမြို့၊ စားသုံးရေးရာ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးဦးမြင့်ဝေ တက်ရောက်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးဆန်စက်လုပ်ငန်းရှင် အသင်းဥက္ကဋ္ဌဦးကြည်ထွန်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးကိုကိုကြီးတို့က နှုတ်ခွန်းဆက်အမှာစကားများအသီးသီးပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်ကဆန်စပါး အစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ် တည်ထောင်ခြင်းဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (မြန်မာ) ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းတင့်က "ဆန်စပါးတွင် ပါဝင်သည့် အစိုဓာတ်ကိုတိုင်းတာသည့် ကိရိယာများအား ကွင်းဆက်မပြတ် စံဖြင့် တိုက်ကြည့်စစ်ဆေးခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝေရီလင်းက "မြန်မာနိုင်ငံတွင် ဆန်စပါးအစိုဓာတ်တိုင်းတာခြင်းဆိုင်ရာ နောက်ကြောင်းပြန်ခြေရာခံစနစ်တည်ထောင်ခြင်း စီမံကိန်းနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ KettElectric Laboratory Japan International မှ Sale Manager Mr- Norihiro YOSHIDA က "Kett Introduction, JICA-Kett verification Survey seminar" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Japan Development Service မှ Consultant Mr. Takamichi Ide က "Progress on Verification Survey for Formulation of Rice Moisture Content Traceability System" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ပြီး KettElectric Laboratory Japan International မှ Sale Manager Mr- Norihiro YOSHIDA က KettElectric Laboratory မှ ထုတ်လုပ်သည့် အစိုဓာတ်တိုင်းကိရိယာများကို လက်တွေ့ အသုံးပြုပြသပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ရှင်းလင်း ဖြေကြားခဲ့ပါသည်။ ဟောပြောပွဲသို့ တောင်ငူနှင့် ပဲခူးခရိုင်အတွင်းမှ ဆန်စပါးကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**သရဖီထွန်း(DOCA- Bago)**

## မွန်ပြည်နယ်တွင် ယှဉ်ပြိုင်မှုဥပဒေနှင့် နည်းဥပဒေများအကြောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ 'ယှဉ်ပြိုင်မှု ဥပဒေနှင့် နည်းဥပဒေများအကြောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ' ကို ဧပြီ ၁ ရက်က ကျင်းပခဲ့ရာ အဆိုပါဆွေးနွေးပွဲသို့ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ NGO အသင်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း လူဦးရေ ၄၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး/ပြည်နယ်များတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်ရေးရှုထောင့်အရလည်းကောင်း၊ စီးပွားရေး ရှုထောင့်အရလည်းကောင်း မှန်ကန်မှုမရှိသော ယှဉ်ပြိုင်မှုများဆောင်ရွက်ကြလျှင် ယှဉ်ပြိုင်မှု ဥပဒေအရ အရေးယူနိုင်ကြောင်းကို စီးပွားရေးလုပ်ငန်းရှင်များ ထဲထဲဝင်ဝင်သိအောင် အသိပညာ ပေးရမည်ဟူ၍ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ပခုက္ကူ၊ မုံရွာ၊ မန္တလေး၊ ပဲခူးတိုင်းတို့တွင် ရှင်းလင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး ယနေ့တွင်မွန်ပြည်နယ်တွင်လာရောက် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မိမိတို့စားသုံးသူရေးရာဦးစီးဌာနသည်တစ်နိုင်ငံလုံး၌ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများ၊ ဝန်ထမ်းများ ဖြန့်ကျက်ထားတဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ကိုယ်စားလှယ်ဌာနအဖြစ် တာဝန်ယူဆောင်ရွက်ပေးရန် တာဝန်ပေးခဲ့ခြင်းများကြောင့် ကုန်သွယ်ရေးဦးစီးဌာန၊ ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ကုန်သွယ်ရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်မေငြိမ်းခိုင်မှ ယှဉ်ပြိုင်မှုဥပဒေ၏ ရည်ရွယ်ချက်၊ ယှဉ်ပြိုင်မှုဥပဒေ၏ အဓိပ္ပါယ်၊ ကော်မရှင်ဖွဲ့စည်းခြင်း၊ ကော်မရှင်ရုံး၏ လုပ်ငန်းတာဝန်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ယှဉ်ပြိုင်မှုဆိုင်ရာ ကိစ္စများတွင် သက်ဆိုင်သူများ၏ တာဝန်နှင့်အခွင့်အရေးများ၊ တိုင်ကြားခြင်းနှင့် စိစစ်ဆောင် ရွက်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှု၊ ပြစ်ဒဏ်များ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများမှ ဆွေးနွေးမေးမြန်းခြင်းအပေါ် ဒုတိယညွှန်ကြားရေး မှူးချုပ်ဦးအောင်မောင်းနှင့် ဦးစီးအရာရှိ ဒေါ်မေငြိမ်းခိုင်တို့မှ ရှင်းလင်းဖြေဆိုခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မိုးမိုး (မွန်)**

## သာကေတအမှတ်(၃)ဈေးတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယခရိုင်ဦးစီးမှူးဦးဆောင်သော ဝန်ထမ်းအဖွဲ့နှင့် သာကေတမြို့နယ်စည်ပင်ဈေးတာဝန်ခံတို့ပူးပေါင်း၍ ဧပြီလ ၃ ရက်က သာကေတမြို့နယ်အမှတ်(၃)ဈေး၊ ဈေးတာဝန်ခံရုံးတွင် ဈေးသူဈေးသားများအား စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။



အဆိုပါဟောပြောပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်နွယ်ဇင်ဝင်းက စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) တွင် ပါဝင်သည့် ဥပဒေ၏ရည်ရွယ်ချက်၊ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်သားများဖော်ပြရာတွင် ပါဝင်ရမည့်အချက်များ၊ တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်သူ ဈေးသူဈေးသားများ၏ မေးမြန်းချက်များကို ပြန်လည် ဖြေကြားခဲ့ပါသည်။ ထို့နောက် သာကေတဈေးတာဝန်ခံ ကုန်ပစ္စည်းများ ထုတ်ကုန်လုံခြုံစိတ်ချစေရေးအတွက်လည်း မိမိတို့အသိစိတ်ဓာတ်ဖြင့် သေချာဂရုစိုက်စစ်ဆေးစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး အမှတ် (၃) ဈေးတွင်ရောင်းချလျက်ရှိသော ကုန်မျိုးစုံနှင့် ကုန်ခြောက်ဆိုင်များ၊ မုန့်မျိုးစုံဆိုင်များတွင် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဈေးသူဈေးသားများအပါအဝင် ဈေးဝယ်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နွယ်ဇင်ဝင်း(ရန်ကုန်)**

## စစ်ကိုင်းမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဆန်စက်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ရေးအခမ်းအနားကို မတ် ၂၂ ရက်တွင် စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းမြို့နယ်တာဝန်ခံက အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ဆန်စက်လုပ်ငန်းရှင်များမှလည်း ယခုဈေးကွက် အခြေအနေဖြင့် စပါးဈေးကွက်ကောင်း ရရှိသည့်အချိန်ဖြစ်ပါကြောင်း၊ ဧရာမင်း စပါးတစ်တင်းလျှင် ကျပ် ၉၀၀၀ မှ ၉၅၀၀၊ မဂျမ်းတော စပါးတစ်တင်းလျှင် ကျပ် ၉၀၀၀၊ မနောသုခစပါးတစ်တင်းလျှင် ကျပ် ၈၀၀၀ ဖြစ်ကြောင်းနှင့် လက်ရှိစပါးဈေးနှုန်းသည် ယခုလက်ရှိ အခြေအနေအတိုင်းရရှိပါက ဆန်စက်များ အနေဖြင့် အဆင်ပြေမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန စစ်ကိုင်းမြို့နယ်တာဝန်ခံက စားသုံးသူများ၏ အခွင့်အရေးများ၊ တောင်းဆိုရယူပိုင်ခွင့်များ၊ စားသုံးသူများ သတိပြုရမည့်အချက်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏တာဝန်နှင့် အခွင့်အရေးများ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ စီမံခန့်ခွဲရေးနှင့် ပြစ်ဒဏ်များ၊ မိမိတို့ဌာနတွင် ဖွင့်လှစ်ထားရှိသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်တန်းမှုလက်ခံဆောင် ရွက်ရေးစင်တာ (CICC) ၏ လုပ်ငန်း ဆောင်ရွက်ချက်များအား ရှင်းလင်း ဆွေးနွေးပြီး စားသုံးသူတို့၏ အခွင့်အရေးနှင့် နစ်နာဆုံးရှုံးမှုများကြုံတွေ့လာပါက လာရောက် တိုင်ကြားနိုင်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသော ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းကော်မတီဖြင့် အလုပ်အမှုဆောင်များ ရွေးချယ်ကာ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး နှစ်ဦး၊ စာရင်းစစ်တစ်ဦး၊ အဖွဲ့ဝင်နှစ်ဦး စုစုပေါင်း အလုပ်အမှုဆောင်ခုနစ်ဦး အသင်းသား ၆၀ ဦးတို့ကို တက်ရောက်လာသောသူများ၏ သဘောထားဆန္ဒနှင့်အညီ ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါသည်။ **ယဉ်အောင်(စစ်ကိုင်း)**

# ထိပ်တန်း လေးသင်းစာရင်းဝင်မည်ကို ယုံကြည်ကြောင်း ပိုချက်တီနိုပြော

စပါးအသင်းနည်းပြ ပိုချက်တီနိုက မိမိတို့အသင်းအနေဖြင့် ရာသီကုန်တွင် ထိပ်တန်းလေးသင်းစာရင်း ဝင်နိုင်မည်ကို ယုံကြည်မှု အပြည့်ရှိနေကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။



ပိုချက်တီနိုက 'ထိပ်တန်းလေးသင်း စာရင်းဝင်ဖို့အတွက် ကျွန်တော့်မှာ ယုံကြည်မှုအပြည့်ရှိပါတယ်။ လက်ရှိအချိန်မှာ အောက်အသင်းတွေရဲ့ ဖိအားပေးမှုတွေကို ခံလာရပေမယ့် ကျွန်တော့်ကစားသမားတွေကို ယုံကြည်ပါတယ်။ အသင်းမှာရှိတဲ့ ကစားသမားအားလုံးက ရလဒ်ကောင်းဖို့အတွက် အစွမ်းကုန် ပေးဆပ်နေပါတယ်။ သူတို့ကို ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့အသင်း နိုင်ပွဲတွေ ဆက်နေဦးမှာပါ'ဟု ပြောခဲ့သည်။

အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၃၂) အပြီးတွင် စပါးအသင်းမှာ ရမှတ် ၆၄ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသော်လည်း စတုတ္ထနေရာမှ အာဆင်နယ်အသင်းမှာ တစ်ပွဲလျော့ကစားထားကာ ရမှတ် ၆၃ မှတ်ရရှိထားသည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် အဆိုပါ လက်ကျန်ပွဲကို အနိုင်ရခဲ့မည်ဆိုပါက ရမှတ် ၆၆ မှတ်ဖြင့် တတိယနေရာကို ရောက်ရှိလာမည်ဖြစ်သည်။

ထို့အတူ ချယ်လ်ဆီးအသင်းမှာ ၆၃ မှတ်၊ မန်ယူအသင်းမှာ ၆၁ မှတ်တို့ဖြင့် ဖိအားပေးနေခြင်းကြောင့် စပါးအသင်းအတွက် လက်ကျန်ပွဲစဉ်များကို အမှားခံ၍မရတော့ကြောင်း ပိုချက်တီနိုက ထပ်မံပြောဆိုထားသည်။

စပါးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ရာ မန်စီးတီးအသင်းနှင့် ဆုံတွေ့နေသည်။ စပါးအသင်းသည် ပရီးမီးယားလိဂ် လက်ကျန်ပွဲစဉ်များအဖြစ် ဟက်ဒါဖီးလ်အသင်းနှင့် အိမ်ကွင်း၊ မန်စီးတီးအသင်းနှင့် အဝေးကွင်း၊ ဘရိုက်တန်အသင်းနှင့် အိမ်ကွင်း၊ ဝက်စ်ဟမ်းအသင်းနှင့် အိမ်ကွင်း၊ ဘုန်းမောက်အသင်းနှင့် အဝေးကွင်း၊ နောက်ဆုံးပွဲစဉ်အဖြစ် အဲဗာတန်အသင်းနှင့် အိမ်ကွင်းပွဲစဉ်များကို ကစားရမည်ဖြစ်သည်။

# အိုဒွိုင်းကို အသင်းတွင် ဆက်ထိန်းထားရန် ဟာဇက် တိုက်တွန်း



ချယ်လ်ဆီးအသင်း၏ အဓိကကစားသမားဖြစ်သူ ဟာဇက်က အိုဒွိုင်းကို အသင်းတွင် ဆက်လက်ထိန်းထားရန် အသင်းနည်းပြနှင့် အသင်းတာဝန်ရှိသူများကို တိုက်တွန်းပြောကြားလိုက်သည်။ အိုဒွိုင်းသည် ချယ်လ်ဆီးအသင်းတွင် နေရာမရဘဲ ရောင်းထုတ်ခံရမည့် ကစားသမားအဖြစ်ကြောင်း သတင်းများပေါ်ထွက်နေသည်။ သို့သော် အဆိုပါ အင်္ဂလန်တောင်ပံကစားသမား အိုဒွိုင်းသည် ချယ်လ်ဆီးအသင်း ပရီးမီးယားလိဂ် ပွဲစဉ်(၃၂) အဖြစ် ဘရိုက်တန်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ပထမဦးဆုံးအကြိမ် ချယ်လ်ဆီးအသင်းအတွက် ပွဲချိန်ပြည့် ပါဝင်ကစားခွင့်ရရှိခဲ့သည်။ အိုဒွိုင်းသည် ယင်းပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခြင်း မရှိသော်လည်း ပွဲချိန် ၃၈ မိနစ်တွင် တိုက်စစ်မှူး ဂျီရောက် ဂိုးသွင်းယူနိုင်အောင် ဖန်တီးပေးနိုင်ခဲ့သည်။

အသင်းဖော် ဟာဇက်က 'အိုဒွိုင်းဟာ အသက်(၁၈)သာ ရှိသေးပေမယ့် သူ့ရဲ့ခြေစွမ်းက အသင်းကြီးတစ်သင်းမှာ ကောင်းကောင်း ကစားနိုင်စွမ်း ရှိနေပါတယ်။ သူ့အတွက် အတွေ့အကြုံ နည်းနေသေးပေမယ့် ပါရမီရှင်ကစားသမားတစ်ဦးပါ။ သူ့ရဲ့ ခြေစွမ်းတွေက ဒီထက်ကောင်းလာဖို့ ရှိနေတာကြောင့် ချယ်လ်ဆီးအသင်းအနေနဲ့ သူ့ကို အသင်းမှာဆက်ပြီး ထိန်းထားသင့်ပါတယ်။ အိုဒွိုင်းဟာ အင်္ဂလန်နိုင်ငံသားဖြစ်တာကြောင့် ချယ်လ်ဆီးအသင်းနဲ့ ပိုပြီးသင့်တော်ပါတယ်။ အိုဒွိုင်းဟာ ပွဲချိန်မိနစ် ၉၀ လုံး ပြေးလွှားနိုင်သလို သူ့ရဲ့ ခြေထောက်တွေကလည်း မြန်ဆန်ပါတယ်။ အိုဒွိုင်းရဲ့ ခြေစွမ်းပိုင်းက နှစ်အနည်းငယ်အတွင်းမှာ အကောင်းဆုံးပုံစံကို ရရှိမယ်လို့ ယုံကြည်ပါတယ်'ဟု ပြောခဲ့သည်။

ဟန်နေသစ် စုစည်းသည်



# လာမည့်ရာသီသစ်အတွက် အသင်းကိုကြီးမားသည့် ပြုပြင်ပြောင်းလဲမှုလုပ်မည်ဟု ဆိုးလ်ရှားပြော

မန်ယူအသင်း၏ တရားဝင်နည်းပြဖြစ်လာသည့် ဆိုးလ်ရှားက လာမည့်ရာသီသစ်အတွက် အကောင်းဆုံး ပြင်ဆင်သည့်အနေဖြင့် အသင်းကို ကြီးမားသည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။

ဆိုးလ်ရှားက 'ရာသီသစ်အတွက် အသင်းကို ပြုပြင်ပြောင်းလဲမှုတွေ လုပ်သွားဖို့ ရှိနေပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ လက်ရှိအသင်းမှာရှိနေတဲ့ ကစားသမားတချို့ကို ရောင်းထုတ်သွားမှာဖြစ်သလို ထိပ်တန်းကစားသမားတွေကိုလည်း ခေါ်ယူသွားဖို့ပြင်ဆင်ထားပါတယ်။ အဲဒီအတွက် သုံးစွဲမယ့်ငွေကြေးကို အသင်းတာဝန်ရှိသူတွေနဲ့ တိုင်ပင်နေပါတယ်။ ကစားသမား ငါးဦးကနေ ခြောက်ဦးလောက်အထိ ရောင်းထုတ်သွားဖို့ ရှိနေတာကြောင့် ပြန်လည်ဝယ်ယူမှုအတွက် ကုန်ကျစရိတ်က သိပ်မများနိုင်ပါဘူး။ ရောင်းထုတ်မယ့် ကစားသမားတွေကို သတ်မှတ်ထားပြီးဖြစ်ပေမယ့် ဘယ်ကစားသမားတွေကို ခေါ်ယူအစားထိုးသွားမယ်ဆိုတာကိုတော့ ပြောဖို့ခက်နေပါသေးတယ်' ဟု ပြောဆိုခဲ့သည်။

ဆိုးလ်ရှားသည် အသင်းအတွက် ကွင်းလယ်ပိုင်းကို အဓိကထားခေါ်ယူသွားမည်ဖြစ်သလို တိုက်စစ်ပိုင်းကိုလည်း အားဖြည့်သွားရန် ရှိနေကြောင်း သိရသည်။ နည်းပြ ဆိုးလ်ရှားအနေဖြင့် အသင်းမှ ရောင်းထုတ်သွားရန် ပြင်ဆင်နေသည့် ကစားသမားများထဲတွင် ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေသည့် ဆန်းချက်ဇ်၊ ဟာရဲရား၊ မာတာ၊ ဗလန်စီယာ၊ ရိုဂျိုနှင့် ဒါမီယံတို့ ပါဝင်နေကြောင်း သိရသည်။ ထို့အပြင် နောက်ခံကစားသမား ဘိုင်လီကိုလည်း ရောင်းထုတ်သွားရန် စီစဉ်နေကြောင်းလည်း အသင်းများထွက်ပေါ် လျက်ရှိနေသည်။

ဆန်းချက်သည် လက်ရှိအချိန်တွင် မန်ယူအသင်း၌ လုပ်ခလစာ အများဆုံးရရှိနေသည့် ကစားသမားဖြစ်သလို နည်းပြက ရောင်းထုတ်ရန်စီစဉ်နေသည့် ကစားသမားထဲတွင်လည်း ထိပ်ဆုံးမှ ပါဝင်လျက်ရှိနေသည်။

# ဗာရန်းကို ယူရိုသန်း ၅၀၀ ရလျှင် ရောင်းမည်ဟု ရီးရဲလ် အရောင်းဈေးကွက်ဖွင့်


စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် ၎င်းတို့အသင်း၏ ဗဟိုခံစစ်ကစားသမား ဗာရန်းကို ယူရိုသန်း ၅၀၀ ရလျှင် ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

အသက်(၂၅)နှစ်ရှိ အဆိုပါ ပြင်သစ်ဗဟိုခံစစ်ကစားသမား ဗာရန်းကို ဂျူဗင်တပ်အသင်းနှင့် မန်ယူအသင်းတို့က ခေါ်ယူရန်ပြင်ဆင်နေရာ ဗာရန်းကို ခေါ်ယူလိုသည့်အသင်းများအနေဖြင့် ယူရိုသန်း ၅၀၀ ပေးရမည်ဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက ပြောဆိုလာခဲ့ခြင်းဖြစ်သည်။

ဗာရန်းသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၃ ခုနှစ်အထိ စာချုပ်သက်တမ်း ရှိနေသူဖြစ်သည်။ ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် ဗာရန်းကို ရောင်းထုတ်ရန် ဆန္ဒမရှိခြင်းကြောင့် ကမ်းလှမ်းလာသည့် အသင်းများကို မတန်တဆဈေးနှုန်းဖြင့် ပြန်လည်တုံ့ပြန်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗာရန်းကို ခေါ်ယူရန် ဂျူဗင်တပ်အသင်းက ကမ်းလှမ်းမှု ရှိနေသော်လည်း မန်ယူအသင်းကမူ ဈေးနှုန်းမြင့်သည့် ကစားသမားကို ခေါ်ယူရန်မှာ ဘဏ္ဍာရေးအခက်အခဲရှိနိုင်သည်။

ဗာရန်းသည် ပြင်သစ်လက်ရွေးစင် ကစားသမားတစ်ဦးဖြစ်သလို ရီးရဲလ်မက်ဒရစ်အသင်းတွင်လည်း အဓိကဗဟိုခံစစ်ကစားသမားတစ်ဦးဖြစ်သည်။ ဗာရန်းသည် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ၁၆၆ ပွဲတွင် လေးဂိုးသွင်းပေးထားသလို ပြင်သစ်အသင်းအတွက် ၅၅ ပွဲ ကစားထားရာတွင် လေးဂိုးသွင်းပေးထားသည်။




# ဘောလုံးလောက သတင်းတိုများ

- မန်ယူအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည့် ၎င်းတို့၏ ပြင်သစ် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။ ပေါ့ဂ်ဘာသည် လက်ရှိအချိန်တွင် မန်ယူအသင်း၌ တစ်ပတ်လုပ်ခလစာ ပေါင် ၂၉၀၀၀၀ ရရှိနေရာ တစ်ပတ်လုပ်ခလစာ ပေါင်ငါးသိန်း ရရှိမှသာလျှင် အသင်း၏ စာချုပ်သစ်အတွက် ကမ်းလှမ်းမှုကို လက်ခံမည်ဟုဆိုသည်။
- အင်္ဂလန်အသင်းသည် ဖီဖာ၏ ကမ္ဘာ့အဆင့် သတ်မှတ်မှုတွင် အဆင့်(၄)နေရာသို့ တက်လှမ်းလာနိုင်ခဲ့ပြီး အဆင့်(၁)တွင် ဘယ်လ်ဂျီယံ၊ အဆင့် (၂)တွင် ပြင်သစ်နှင့် အဆင့်(၃)တွင် ဘရာဇီးတို့ဖြစ်သည်။
- အသက်(၃၂) နှစ် ရှိပြီဖြစ်သည့် ဂျူဗင်တပ်အသင်း တိုက်စစ်မှူး မန်ဇူကစ်သည် အသင်းနှင့် ၂၀၂၁ ခုနှစ်အထိ ရှိနေမည့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

# လက်လီလက်ကား ရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုထုတ်ပေးပြီးသော ကုမ္ပဏီများစာရင်းထုတ်ပြန်

### လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုထုတ်ပေးပြီးသော ကုမ္ပဏီများစာရင်း

နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကားရောင်းချခွင့်ပြုခြင်းကို စည်းကမ်းသတ်မှတ်ချက်များနှင့် လိုက်နာဆောင်ရွက်ရန် ၉-၅-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၁၈)ဖြင့် ထုတ်ပြန်ခဲ့ပြီးနောက် လက်ရှိအချိန်အထိ လက်လီ၊ လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုထုတ်ပေးပြီးသော နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သော ကုမ္ပဏီများနှင့် ဆိုင်တစ်ဆိုင်ချင်းစီ၏ ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ(၇)သိန်းနှင့်အထက်ဆောင်ရွက်လျက်ရှိသောမြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီများ၏စာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**(က) နိုင်ငံခြားသားအပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ(၄)ခု**

| စဉ် | ကုမ္ပဏီ အမည် | လက်လီ/ လက်ကား | ရောင်းချ/ ဖြန့်ဖြူးမည့် ကုန်ပစ္စည်း အုပ်စုစာရင်း | မှတ်ပုံတင် အမှတ်နှင့်ခွင့်ပြုသည့်ရက်စွဲ |
|---|---|---|---|---|
| ၁ | MYCARE Unicharm Co.,Ltd. | လက်ကား | Baby Diapers,Adult Diapers, Sanitary, Napkins, Sanitary Panty-Liner, Baby Wet-Tissue, Mask, Cosmetic Puffs | W-0001/2018 (26-9-2018) to (25-9-2023) |
| ၂ | OTSUKA MYANMAR Co.,Ltd | လက်ကား | Pocari Sweat အချိုရည်အမျိုးမျိုး | W-0003/2018 (26-11-2018) to (25-11-2023) |
| ၃ | DKSH Co.,Ltd | လက်လီနှင့် လက်ကား | လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊အိမ်သုံးကုန်ပစ္စည်းများ၊ဆေးနှင့် ဆေးပစ္စည်း၊ ဆေးရုံသုံးကိရိယာများ၊တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်ဆေးဝါးများ၊ စက်မှုကုန်ထုတ်လုပ်ငန်းသုံးဓာတုပစ္စည်းများ၊ စက်ပစ္စည်းအမျိုးမျိုးနှင့် | WR-0002/2019 (25-2-2019) to (24-2-2024) |
| ၃ | DKSH Co.,Ltd | လက်လီနှင့် လက်ကား | လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊အိမ်သုံးကုန်ပစ္စည်းများ၊ဆေးနှင့် ဆေးပစ္စည်း၊ ဆေးရုံသုံးကိရိယာများ၊တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်ဆေးဝါးများ၊ စက်မှုကုန်ထုတ်လုပ်ငန်းသုံးဓာတုပစ္စည်းများ၊ စက်ပစ္စည်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းမျိုးမျိုး၊ | WR-0002/2019 (25-2-2019) to (24-2-2024) |
| ၄ | TOYOTA TSUSHO MYANMAR CO.,LTD | လက်ကား | စက်မှုလုပ်ငန်းသုံးစက်ပစ္စည်း၏ အသုံးအဆောင်ပစ္စည်းများ (ကုန်စည်သယ်ရန် ခင်းပြားများ (Pallets)နှင့် ကုန်စည်ထားရှိသည့် သံဖရိန်စင်များ(Rack))၊ စက်ပစ္စည်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး(၃ တန်နှင့်အောက် တိုယိုတာ ကုန်မယာဉ်များ(Forklift)အပါအဝင်)၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် ယန္တရားများ၏ အပိုပစ္စည်းများ(တာယာများ(Tyres) အပါအဝင်)၊ တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်ဆေးဝါးများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ကိရိယာများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းသုံးဓာတုပစ္စည်းများ၊ မျိုးစေ့၊ စိုက်ပျိုးရေး သွင်းအားစုများနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများ။ | W-0005/2019 (5-3-2019) to (4-3-2024) |

**(ခ) မြန်မာနိုင်ငံသားနှင့်နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီ(၃)ခု**

| စဉ် | ကုမ္ပဏီ အမည် | လက်လီ/ လက်ကား | ရောင်းချ/ ဖြန့်ဖြူးမည့် ကုန်ပစ္စည်း အုပ်စုစာရင်း | မှတ်ပုံတင် အမှတ်နှင့်ခွင့်ပြုသည့်ရက်စွဲ |
|---|---|---|---|---|
| ၁ | Pacific Andaman (SEA) Co.,Ltd., | လက်ကား | လူသုံးကုန်ပစ္စည်းများ၊ အမျိုးသမီးနှင့် ကလေး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ ဆေးပလာစတာများ၊ အိမ်သန့်ရှင်းရေးသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် အချိုရည်များ၊ | W-0002/2018 (27-9-2018) to (26-9-2023) |
| ၂ | AEON Orange Co.,Ltd., | လက်လီ | ဦးစားပေးရောင်းချခွင့်ပြုသည့်ကုန်ပစ္စည်းအုပ်စု (၁၅)မျိုး၊ | R-0001/2018 (10-10-2018) to (9-10-2023) |
| ၃ | ASAHI LOI HEIN Co.,Ltd., | လက်ကား | အချိုရည်အမျိုးမျိုး၊ ဖျော်သောက်ရန်အတွက် အမှုန့်အမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး | W-0006/2019 (21-3-2019) to (20-3-2024) |

**(ဂ) မြန်မာနိုင်ငံသားအပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ(၄)ခု**

| စဉ် | ကုမ္ပဏီ အမည် | လက်လီ/ လက်ကား | ရောင်းချ/ ဖြန့်ဖြူးမည့် ကုန်ပစ္စည်း အုပ်စုစာရင်း | မှတ်ပုံတင် အမှတ်နှင့်ခွင့်ပြုသည့်ရက်စွဲ |
|---|---|---|---|---|
| ၁ | City Mart Holding Co.,Ltd | လက်လီ | မီနီမားကက်တွင် ရောင်းချမည့်ပစ္စည်းများ | R-0002/2018 (10-10-2018) to (9-10-2023) |
| ၂ | MYANMAR AGRIBUSINESS PUBLIC CORP-ORATION(MAPCO) LIMITED | လက်လီ နှင့် လက်ကား | အုပ်စု၂(က) လယ်ယာထွက်ကုန်ပစ္စည်း၊ အုပ်စု(၁၅)မျိုးစေ့၊စိုက်ပျိုးရေးသွင်းအားစုများနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ၊ အုပ်စု(၁၆) လယ်ယာသုံးစက်ကိရိယာများ၊အုပ်စု(၁၇)စက်ပစ္စည်းအမျိုးမျိုးနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ | WR - 0001/2018 (26-12-2018) to (25-12-2023) |
| ၃ | Myanmar R F S Company | လက်ကား | ဖျော်ရည်၊ စည်သွတ်နို့ | W-0004/2019 (14-1-2019) to (13-12-2024) |
| ၄ | NCX Myanmar Co.,Ltd | လက်လီ နှင့် လက်ကား | Honda မော်တော်ဆိုင်ကယ်များ၊ Powerproducts(စက်မှုလယ်ယာသုံး စွမ်းအင်ထုတ်ကုန်) ဆက်စပ်အစိတ်အပိုင်းများနှင့် အပိုပစ္စည်းများ | WR - 0003/2019 (21-3-2019) to (20-3-2024) |

ဇွန်ဇွန်အောင်(DOT)

# မြန်မာနိုင်ငံမှ ထွက်ရှိသည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံအမျိုးအစားများအား အိန္ဒိယသို့ ဘဏ္ဍာနှစ်စသည်နှင့် တင်သွင်းနိုင်ရေးဆောင်ရွက်လျက်ရှိ

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲအများဆုံးထုတ်လုပ်၊ တင်ပို့သည့်နိုင်ငံဖြစ်ပြီး ပဲအများဆုံး စားသုံးသည့်နိုင်ငံလည်းဖြစ်သည့်အတွက် ပြည်ပမှ တင်သွင်းရန်လိုအပ်ချက်လည်းရှိနေသေးရာ လက်ရှိကာလအထိ ပြည်ပမှ ပဲအမျိုးအစားအချို့ကို တင်သွင်းနေပြီး ကမ္ဘာ့ပဲအများဆုံးတင်သွင်းသည့် နိုင်ငံအဖြစ် ဆက်လက် ရပ်တည်လျက်ရှိပါသည်။

သို့ရာတွင် ၂၀၁၇-၁၈ သီးနှံရာသီမှစ၍ ပြည်တွင်းထုတ်လုပ်မှု မြင့်မားလာပြီးနောက် အိန္ဒိယအစိုးရသည် ဈေးနှုန်းကိုသာမက လိုအပ်သည့်ပမာဏအား ထိန်းညှိတင်သွင်းနိုင်သည့် အနေအထားမျိုးဖြစ်ပေါ်စေရန် ယခင်က လွတ်လပ်စွာ တင်သွင်းခွင့်ပြုထားသည့် ပဲအမျိုးအစားများဖြစ်သည့် ပဲစင်းငုံ (Tur/ Pigeon Peas၊ မတ်ပဲ (Urad/Matpe)၊ ပဲတီစိမ်း (Green Mung/ Moong) နှင့် ပဲလုံး (Peas) သည် ပဲအမျိုးအစားလေးမျိုးအား ကန့်သတ် ကုန်စည်ခေါင်းစဉ်အောက်သို့ အသီးသီး ပြောင်းလဲထည့်သွင်းခဲ့ပါသည်။

မတ်လ ၂၉ ရက်တွင် အိန္ဒိယအစိုးရသည် လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ယင်းပဲအမျိုးအစား လေးမျိုးအား တင်သွင်းခွင့်ပြုမည့် ပမာဏကို အစိုးရပြန်တမ်းအမှတ် No 1314/REGD. No.DL-33004/99 ဖြင့် ထုတ်ပြန်ကြေညာပေးခဲ့ပါသည်။

အိန္ဒိယအစိုးရသည် ကန့်သတ်ကုန်စည်ပဲအမျိုးအစား တစ်ခုချင်းစီအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တင်သွင်းခွင့်ပြုမည့် ကန့်သတ်ပမာဏများအား အထက်ဖော်ပြပါ ပြန်တမ်းအောက်တွင် Statutory Order (S.O) တစ်ခုချင်းစီဖြင့် သီးသန့်စီခွဲ၍ သတ်မှတ်ထုတ်ပြန်ပေးခဲ့ပါသည်။

သို့ဖြစ်၍ အိန္ဒိယအစိုးရက လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တစ်နှစ်စာ ခွဲတမ်းအဖြစ် တင်သွင်းခွင့်ပြုမည့် ကန့်သတ်ကုန်စည်ပဲအမျိုးအစားများ၏ ပမာဏများမှာ S.O 1478 (E) ဖြင့် ပဲတီစိမ်း (Moong)တန်ချိန် ၁ ဒသမ ၅ သိန်းခန့်ကိုလည်းကောင်း၊ S.O.1480 (E) ဖြင့် မတ်ပဲ (Urad) တန် ချိန် ၁ ဒသမ ၅ သိန်းခန့်ကိုလည်းကောင်း၊ S.O.1481(E) ဖြင့် ပဲစင်းငုံတန်ချိန်နှစ်သိန်းခန့်တို့ကို အသီးသီးသတ်မှတ်ခွင့်ပြုထားပါသည်။ အိန္ဒိယအစိုးရက သတ်မှတ်ထားသည့် ကန့်သတ်ကုန်စည်ပဲအမျိုးအစားလေးခုအနက် အထက်ဖော်ပြပါ ပဲအမျိုးအစားသုံးခုမှာဘဏ္ဍာနှစ်အလိုက် သတ်မှတ်ခွင့်ပြုထားခြင်းဖြစ်သော်လည်း ယခင်နှစ်ကမူ လုပ်ထုံးလုပ်နည်းများ (Procedures) ထုတ်ပြန်ချိန်တွင် မေလကုန်မှ ဩဂုတ်လကုန်အတွင်းအပြီး တင်သွင်းရန် သတ်မှတ်ချက်ထည့်သွင်းဖော်ပြခဲ့ပါသည်။ သို့ဖြစ်၍ ယခုနှစ်တွင်လည်း Procedures ထုတ်ပြန်ချိန်၌ တင်သွင်းခွင့် ကာလကန့်သတ်ချက် ထပ်မံထည့် သွင်းခြင်းရှိ/မရှိကို စောင့်ကြည့်ရမည်ဖြစ်ကာ ယင်းနှင့် စပ်လျဉ်း၍ သီးခြား ဖော်ပြထားခြင်း မရှိပါက ဘဏ္ဍာနှစ်အလိုက်ခွင့်ပြုသည့် ခွဲတမ်းပမာဏဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံး တင်သွင်းနိုင်မည်ဟု မှတ်ယူနိုင်မည်ဖြစ်ပါသည်။

ကျန်အမျိုးအစားတစ်ခုဖြစ်သည့် ပဲလုံး (Peas) တင်သွင်းခွင့် ကန့်သတ်ချက်အနေဖြင့် ယခင်ကသုံးလတစ်ကြိမ်သာ ထုတ်ပြန်ခဲ့သော်လည်း ယခုတစ်ကြိမ်တွင်မူ ကန့်သတ်ကာလအား ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၀ ခုနှစ် မတ် ၃၁ ရက်အထိ သတ်မှတ်ခဲ့ပြီး ယင်းကာလအတွင်း တင်သွင်းခွင့်ပြုသည့် ခွဲတမ်းပမာဏအဖြစ် တန်ချိန် ၁ ဒသမ ၅ သိန်းခန့်သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

ယခုထုတ်ပြန်သည့် ပြန်တမ်းပါ ကြေညာချက်များအရ လာမည့်ဘဏ္ဍာနှစ်တွင် ကန့်သတ်ပဲအမျိုးအစားများအတွက် တင်သွင်းခွင့်ပမာဏကိုသာ ဖော်ပြထားသော်လည်း ယင်းနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများအား DGFT က ထုတ်ပြန်ကြေညာမည်ဟု ဖော်ပြထားပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံမှ ထွက်ရှိသည့် မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံအမျိုးအစားများအား အိန္ဒိယသို့ဘဏ္ဍာနှစ်စသည်နှင့်တင်သွင်းနိုင်ရေးအတွက် အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကြေညာပေးနိုင်မည့် အချိန်/အခြေအနေများအား အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းခဲ့ရာ ယင်းလုပ်ထုံးလုပ်နည်းများအား မကြာမီရက်များအတွင်း DGFT က ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**



## တောင်ကိုရီးယားနိုင်ငံရှိ KB Kookmin ဘဏ်သည် ကမ္ဘောဒီးယား မိုဘိုင်းလ်အသုံးပြု ငွေပေးချေမှုစနစ်တစ်ခုဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်

တောင်ကိုရီးယားနိုင်ငံရှိ KB Kookmin ဘဏ်သည် ကမ္ဘောဒီးယားရှိ မိုဘိုင်းလ်ဖုန်းအသုံးပြုငွေပေးချေမှု စနစ်တစ်ခုဖြစ်သည့် " Pi Pay " နှင့် ပူးပေါင်း၍ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပိုမိုလွယ်ကူအဆင်ပြေသည့် မိုဘိုင်းလ်ဖုန်းအသုံးပြုငွေပေးချေမှုဝန်ဆောင်မှုသာမက ကမ္ဘောဒီးယား နိုင်ငံတွင်း အသုံးပြုသူများအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုအသစ်များ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း KB Kookmin ဘဏ်မှ ထုတ်ပြန်ပြောကြားခဲ့ပါသည်။ "Pi Pay "သည် ကမ္ဘောဒီး ယားနိုင်ငံတွင် အကြီးဆုံးမိုဘိုင်းလ်ဖုန်းအသုံးပြုငွေပေးချေမှုစနစ် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး အဆိုပါ Application ကိုအသုံးပြု၍ ပြည်တွင်းလက်လီအရောင်းဆိုင်ပေါင်း ၃၅၀၀ ခန့်တွင် အသုံးပြုသူ ၂၅၀၀၀၀ မှ ငွေပေးချေမှုစနစ်ကို အသုံးပြုလျက်ရှိကြောင်း သိရှိရပါသည်။ ကမ္ဘောဒီးယားရှိ အဆိုပါ 'Pi Pay Application သည် Alibaba ၏ မိုဘိုင်းလ်ငွေပေးချေမှု ဝန်ဆောင်မှုတစ်ခုဖြစ်သည့် Alipay နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

KB Kookmin ဘဏ်အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ ၎င်းတို့၏ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဝန်ဆောင်မှု Application တစ်ခုဖြစ်သည့် "Liiv KB" ကိုလည်း "Pi Pay "နှင့်ချိတ်ဆက်ကာ ပြည်တွင်းလက်လီရောင်းဝယ်မှု ကွန်ရက်တွင် ပူးပေါင်းအသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ KB Kookmin ဘဏ်သည် အရှေ့တောင်အာရှဈေးကွက်များမှ ဦးဆောင်လုပ်ငန်းများနှင့်လည်း ချိတ်ဆက်၍ အရှေ့တောင်အာရှဒေသ၏ လက်လီဘဏ်လုပ်ငန်းကဏ္ဍသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ KB Kookmin ဘဏ်အနေဖြင့် ဖနွမ်းပင်မြို့တွင် ၎င်း၏ဘဏ်ခွဲရုံးချုပ်ကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းအားဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍသို့ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဘဏ်လုပ်ငန်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

## ချူကလီးယားဓာတ်အားပေးစက်ရုံခြောက်ခု တည်ဆောက်ရန် အမေရိကန်နှင့် အိန္ဒိယတို့သဘောတူ



အိန္ဒိယနိုင်ငံတွင် အမေရိကန် နျူကလီးယား လျှပ်စစ်ဓာတ်အားပေး စက်ရုံခြောက်ခု တည်ဆောက်ခြင်းအပါအဝင် အမေရိကန်နှင့်အိန္ဒိယတို့အကြား နှစ်နိုင်ငံလုံခြုံရေးနှင့် အရပ်ဘက်သုံး နျူကလီးယားကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် မတ် ၁၃ ရက်တွင် သဘောတူညီခဲ့သည်ဟု ပူးတွဲကြေညာချက်တစ်စောင်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

အမေရိကန်သမ္မတဒေါ်နယ် ထရမ့်သည် ကမ္ဘာ့တတိယရေနံအများဆုံးဝယ်လက်ဖြစ်သည့် အိန္ဒိယသို့ စွမ်းအင်ထုတ်ကုန်များ ပိုမိုရောင်းချရန် စိတ်ဝင်စားနေကြောင်း၊ ယခုလတ်တလော အမေရိကန်သို့ရောက်ရှိနေသည့် အိန္ဒိယ နိုင်ငံခြားရေးအတွင်းဝန် Vijay Gokhale နှင့် အမေရိကန်လက်နက်ထိန်းချုပ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးဌာန Under Secretary of State၊ Andrea Thompson တို့ တွေ့ဆုံဆွေးနွေးမှုတွင် အဆိုပါကိစ္စရပ်လည်း ပါဝင်ခဲ့ကြောင်း၊ စီမံကိန်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း၊ စွမ်းအင် လိုအပ်ချက်ရှိနေသည့် အိန္ဒိယသို့ အမေရိကန် နျူကလီးယားဓာတ်ပေါင်းဖိုများ ရောင်းချနိုင်ရေး နှစ်နိုင်ငံဆွေးနွေးနေသည်မှာ ဆယ်စုနှစ်တစ်ခုနီးပါးရှိပြီဖြစ်သော်လည်း အိန္ဒိယနိုင်ငံ စည်းမျဉ်းစည်းကမ်းများအား နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီ မှုရှိစေရေး ဆောင်ရွက်ရန်လိုသည့် ကာလရှည်ကြာရှိနေသည့် အတားအဆီးအခက်အခဲတစ်ခုရှိခဲ့ကြောင်း သိ ရှိရသည်။

အာရှ၏ တတိယအကြီးဆုံး စီးပွားရေးရှိသည့် အိန္ဒိယသည် ပတ်ဝန်းကျင်ကို ထိခိုက်ညစ်ညမ်းစေသည့် ရုပ်ကြွင်းလောင်စာအသုံးပြုခြင်းအား ရပ်တန့်ရန်အတွက် ၂၀၂၄ ခုနှစ်တွင် နိုင်ငံ၏နျူကလီးယားစွမ်းအင်ကို လက်ရှိပမာဏထက်သုံးဆတိုးလာစေ ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ပြီးခဲ့ သည့်အောက်တိုဘာလကလည်း အိန္ဒိယနိုင်ငံအတွင်းရှိ နေရာသစ်များ၌ နျူကလီးယားဓာတ်ပေါင်းဖိုခြောက်ခု ထပ်တိုးတည်ဆောက်ရန် အိန္ဒိယနှင့် ရုရှားတို့အကြားစာချုပ်တစ်စောင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# စင်ကာပူအလုပ်ရှင် ငါးပုံသုံးပုံက စီမံခန့်ခွဲရေး ကျွမ်းကျင်မှုထက် နည်းပညာကျွမ်းကျင်မှုကို ဦးစားပေး



စင်ကာပူနိုင်ငံမှာအတတ်ပညာရှင်လုပ်သားရှားပါးမှုကြောင့် စီးပွားရေးလုပ်ငန်းများတွင် စိတ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်ထက် လက်တွေ့အတတ်ပညာကို ပိုမိုအလေးပေးလာကြသည့်အတွက် စင်ကာပူအလုပ်ရှင် ငါးပုံ သုံးပုံကျော်က စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်သူများထက် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများကို ပိုမိုအလေးပေးလာကြကြောင်း ချန်နယ်နယူးအေးရှ သတင်းတွင် ဖော်ပြသည်။

HaysAsia Salary Guide ၂၀၁၉ ခုနှစ် စစ်တမ်းကောက်ယူရေး အဖွဲ့က တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ အလုပ်ရှင် ၃၀၀၀ ကျော်ကိုစစ်တမ်းများ ကောက်ယူခဲ့ပြီး ထိုစစ်တမ်းအပေါ် အခြေခံကာလစာနှင့် အလုပ်အကိုင်ရှာဖွေရေး အခြေအနေများကို လေ့လာဆန်းစစ်ကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

စီမံကိန်းစီမံခန့်ခွဲမှု ၅၆ ရာခိုင်နှုန်း၊ စာရင်းအင်းလေ့လာစိစစ်မှု ၄၇ ရာခိုင်နှုန်း၊ ဒေတာကောက်ခံရေး ၄၇ ရာခိုင်နှုန်းနှင့်ကွန်ပျူတာကျွမ်းကျင်မှု ၃၇ ရာခိုင်နှုန်းတို့မှာ လိုအပ်ချက်မြင့်မားသော နည်းပညာကျွမ်းကျင်မှုများဖြစ်သည်။

နည်းပညာ ကျွမ်းကျင်မှုများအနက် စင်ကာပူအလုပ်ရှင်တို့အတွက် အနည်းဆုံးလိုအပ်နေသော နည်းပညာကျွမ်းကျင်မှုများမှာဝက်ဆိုက်တည်ဆောက်ရေးနှင့် ဆော့ဝဲလ်ဖွံ့ဖြိုးရေးလုပ်ငန်း ၉ ရာခိုင်နှုန်း၊ UX သို့မဟုတ် UI design ၉ ရာခိုင်နှုန်းနှင့်ပရိုဂရမ်ရေးသွင်းရေး ၁၁ ရာခိုင်နှုန်းတို့ဖြစ်သည်။

စီမံခန့်ခွဲရေး ကျွမ်းကျင်မှုလုပ်ငန်းများတွင် ပြဿနာဖြေရှင်းရေး ၈၁ ရာခိုင်နှုန်း အသင်းအဖွဲ့လိုက်ဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းနှင့် လူပုဂ္ဂိုလ်ဆက်သွယ်ရေး ၇၄ ရာခိုင်နှုန်းတို့မှာ လိုအပ်ချက်အများဆုံးဖြစ်သည်။

လိုအပ်ချက်အနည်းဆုံး စီမံခန့်ခွဲရေးကျွမ်းကျင်မှုများတွင် စေ့စပ် ညှိနှိုင်းရေးစွမ်းရည် ၂၅ ရာခိုင်နှုန်း၊ အချိန်စီမံခန့်ခွဲမှု ၄၅ ရာခိုင်နှုန်းနှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှု ၄၇ ရာခိုင်နှုန်းတို့ပါဝင်သည်။

လုပ်ငန်းကဏ္ဍများနှင့် ကျွမ်းကျင်မှု၏အခန်းကဏ္ဍများမှာ ကျယ်ပြန့်စွာတိုးတက်နေသည့်အတွက်ကျွမ်းကျင်မှုလိုအပ်ချက်များမှာလည်း အမြဲ ပြောင်းလဲလျက်ရှိကြောင်း Hays Singapore အေဂျင်စီမှ ဒေသဆိုင်ရာ ဒါရိုက်တာ မစ္စတာ ဂရန့်တိုရင်က ပြောသည်။

**စံမီအောင်**




# မိုဘိုင်းစီးပွားရေးလုပ်ငန်းများ အရှုံးပေါ်နေသဖြင့် LG Electronics ၏ အမြတ်နှင့် ရှယ်ယာဈေးနှုန်းများကျဆင်း

ကုမ္ပဏီ၏မိုဘိုင်းစီးပွားရေးလုပ်ငန်းအရှုံးပေါ်ခြင်းနှင့် တယ်လီဗီးရှင်းလုပ်ငန်းတွင် ယှဉ်ပြိုင်မှုမြင့်မားလာခြင်းတို့ကြောင့် ယခုနှင့်ပထမသုံးလပတ်တွင် LG Electronics ၏လုပ်ငန်းလည်ပတ်မှုအမြတ်သည် မူလခန့်မှန်းသည့် ၁၉ ရာခိုင်နှုန်းအောက်ကျဆင်းနိုင်ကြောင်း ချန်နယ်နယူးအေးရှ သတင်းတွင်ဖော်ပြသည်။

သတင်းများထွက်ပေါ်လာပြီးနောက်ပိုင်း ကုမ္ပဏီ၏ရှယ်ယာများသည် စောစောပိုင်းက ရရှိထားသောတိုးတက်မှုများကိုပြည့်မီအောင်မရရှိတော့ဘဲ ဧပြီ ၅ ရက်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိကျဆင်းခဲ့သည်။

ဆမ်ဆောင်းပြီးလျှင် ကမ္ဘာပေါ်၌ တီဗီစက်များအများဆုံးထုတ်လုပ်နေသော LG Electronicsသည် ဇန်နဝါရီ-မတ်သုံးလပတ်အတွက်လုပ်ငန်းလည်ပတ်မှုအမြတ်ငွေမှာဝမ် ၈၉၉ ဒသမ ၆ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၉၂ ဒသမ ၇၇ သန်း)ရှိမည်ဟုခန့်မှန်းထားရာယခင်နှစ်ကရရှိခဲ့သော ဝမ်တစ်ထရီလီယံအောက်ကျဆင်းခဲ့သည်။

ကုမ္ပဏီ၏ဝင်ငွေမှာ၁၄ ဒသမ ၉ ထရီလီယံရှိပြီး အများက ခန့်မှန်း ထားသော ၁၅ ဒသမ၃ ထရီလီယံ အောက်ကျဆင်းခဲ့ကြောင်းကုမ္ပဏီကပြောသည်။

LG Electronics က ပထမသုံးပတ်လုပ်ငန်းလည်ပတ်မှုနှင့်ပတ်သက်၍ အသေးစိတ်မကြေညာသေးဘဲ စီးပွားရေးရလဒ် အပြည့်အစုံကိုဧပြီလကုန်တွင် ကြေညာမည်ဟုသိရသည်။

ကာလရှည်ကြာစွာအရှုံးပေါ်နေသောကုမ္ပဏီ၏စမတ်ဖုန်းထုတ်လုပ်ရေးလုပ်ငန်းသည် သတ္တမမြောက် သုံးလပတ်အဖြစ်ဆက်လက်အရှုံးပေါ်ခဲ့ပြီး တီဗွီလုပ်ငန်းတွင် ဈေးနှုန်းယှဉ်ပြိုင်မှုပြင်းထန်လာခြင်းကြောင့် ကုမ္ပဏီ၏ဝင်ငွေကို ထိခိုက်စေလိမ့်မည်ဟု လေ့လာဆန်းစစ်သူတို့က သုံးသပ်ထားသည်။

**စံမီအောင်**

# ထွက်နှုန်းနည်း စပါးကွင်းများတွင် အခြားသီးနှံများကို စိုက်ပျိုးရန် ဗီယက်နမ်စီစဉ်

ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသနှင့် အရှေ့တောင်ပိုင်းဒေသများရှိ အထွက်နည်းစပါးကွင်းဟက်တာ ၁၂၆၃၀၀ တွင် အခြားသီးနှံများကို အစားထိုး စိုက်ပျိုးသွားမှာဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်ပြီး တောင်သူလယ်သမားများ ဝင်ငွေတိုးလာစေရန်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင်ဖော်ပြသည်။

အထက်ပါစိုက်ပျိုးမြေဧရိယာ များအနက် ၁၂၄၅၂၆ ဟက်တာမှာ မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိကြောင်း သီးနှံစိုက်ပျိုးရေးဌာန၏ ပြောကြားချက်အရ သိရသည်။

လယ်သမားများသည် စပါးနှင့်အခြားသီးနှံကို မြေတစ်ကွက်တည်း၌ အလှည့်ကျစိုက်ပျိုး သို့မဟုတ် စပါးကို လုံးဝ မစိုက်ပျိုးတော့ဘဲ အခြားသီးနှံများကို စိုက်ပျိုးကြမည် ဖြစ်သည်။

၂၀၁၈-၁၉ ခုနှစ်ဆောင်း-နွေ စိုက်ပျိုးရာသီတွင် တောင်ပိုင်းဒေသရှိ စပါးကွင်း ၃၂၈၄၀ ဟက်တာနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ၃၀၉၉၀ ဟက်တာတွင် စပါးစိုက်တောင်သူတို့က အခြားသီးနှံများကို အစားထိုးစိုက်ပျိုးကြမှာဖြစ်ပါတယ်။

လယ်သမားများက ပြောင်း၊ မြေပဲ၊ နှမ်း၊ ဟင်းသီးဟင်းရွက်၊ လိမ္မော်၊ ဂရိတ် ဖရု၊ သရက်သီးနှင့် နဂါးမောက်သီးတို့ကို စိုက်ပျိုးကြပါမည်။

ဆောင်းနွေသီးနှံသည် ဗီယက်နမ်နိုင်ငံ၏ဆန်စိုက်ပျိုးရာမြစ်ဝကျွန်းပေါ်ဒေသ၏ အဓိကသီးနှံတစ်ခုဖြစ်သည့်အတွက် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် အခြားသီးနှံစိုက်ပျိုးဧရိယာမှာ များပြားလွန်းသည်ဟု မဆိုနိုင်သေးပါ။

ယခုနှစ်တွင် နွေ-ဆောင်းဦးနှင့် ဆောင်းဦး-ဆောင်းသီးနှံကိုမူ ယခုထက်ပို၍ စိုက်ပျိုးမည်ဟု ယူဆရသည်။

ယခုကဲ့သို့ ပြောင်းလဲစိုက်ပျိုးမှုက ပူပြင်းခြောက်သွေ့မှု မကြာခဏဖြစ်နေချိန်တွင် ရေကိုချွေတာနိုင်ပြီး၊ မြေဆီလွှာ မြေဩဇာမြင့်တက်မှုကို အထောက်အကူပေးသည့်အပြင် ရောဂါများကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဌာနမှ ပြောသည်။

**စံမီအောင်**

စာမျက်နှာ (၈) နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်နှင့်အတူ . . . မှအဆက်


ချင်းယွင်းလေဆိပ်တို့အား တည်ဆောက်လျက်ရှိရာ ကူမင်း-လင်ချန်း ရထားလမ်းပိုင်းမှာပြီးစီးပြီဖြစ်ပြီး လင်ချန်း- ချင်းရွှေဟော်လမ်းပိုင်းမှာ ၂၀၂၀ တွင်ပြီးစီးမည်ဖြစ်ပါတယ်။ ကူမင်း-လင်ချန်း အဝေးပြေးလမ်းကို ၂၀၁၅ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး လင်ချန်း-ချင်းရွှေဟော် အမြန်လမ်းပိုင်းအား ရထားလမ်းနှင့်အတူ ၂၀၂၀ တွင် တစ်ပြိုင်တည်းပြီးရန် လျာထားကြောင်းလည်း သိရှိရပါတယ်။

တရုတ်နိုင်ငံအစိုးရမှ လင်ချန်းနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ဆောက်ရန် ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်တွင် နိုင်ငံတော်အဆင့် စီမံကိန်းအဖြစ် ခွင့်ပြုခဲ့ကြောင်း သိရှိရပါတယ်။ တရုတ်နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစ၍ ချင်းရွှေဟော်နယ်စပ်ဂိတ်အား အထူးနယ်စပ်ဂိတ် အဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး တရုတ်နိုင်ငံအတွက် စားနပ်ရိက္ခာတင်သွင်းနေရာအဖြစ် ခွင့်ပြုခဲ့သည့်အပြင် ချင်းရွှေဟော်ဂိတ်အား Passport/Visaဖြင့် တရားဝင် ဝင်/ထွက် ခွင့်ပြုသည့်ဂိတ်အဖြစ် သတ်မှတ်ခဲ့တယ်လို့လည်း သိရှိရပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်၏လမ်းညွှန်ချက်နှင့်အညီ စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိမှ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်။ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များကြောင့် နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်ပေါ်လွင်စေခြင်း၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးစေပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သလို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်လာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးမှုသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပါတယ်။ နိုင်ငံတော်မှလည်း နောင်ဖွံ့ဖြိုးတိုးတက်လာမည့်ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ခရီးသွားလုပ်ငန်းများအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကုန်သွယ်မှုလျင်မြန်ချောမွေ့မှုကို အထောက်အကူပြုစေမည့် ချင်းရွှေဟော်မြို့ရှောင်လမ်းဖောက်လုပ်ရန်ဆောင်ရွက်လျက်ရှိခြင်း၊ မိမိနိုင်ငံဘက်ခြမ်း၌ အထူးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်ဘက်စုံစီမံကိန်းတည်ဆောက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊ ခံနိုင်ဝန်အားရှိသည့် ကွမ်းလုံတံတားအသစ်တည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိခြင်း စသည့်လုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ လင်ချန်းဒေသစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ ကွမ်းလုံတံတားသစ်အား မကြာမီအသစ်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေခြင်းတို့ကြောင့် မဝေးတော့သည့်အနာဂတ်ကာလတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာ-တရုတ်စီးပွားရေးနှင့်ကုန်သွယ်မှုလုပ်ငန်းများနှင့်အတူ ချင်းရွှေဟော်ဒေသသည်လည်း အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ပါတယ်။



CHERRY OO
နှစ်သစ်ကူးသို့ ရက်ပေါင်း (၄၀)
ချယ်ရီဦး နှင့်အတူ လှူဒါန်းမယ်
နာရီတစ်လုံး ဝယ်ယူသူတိုင်း
10%
Discount ရယူပြီး
1%
လှူဒါန်းမယ်
Promotion Period
( 1-3-2019 ~ 12-4-2019 )
https://www.facebook.com/cherryoowatchgallery
Contact : 09 730 222 48, 09 451 522 228



PPC
Property People Connection
Under Management of Established Company
" PPC Group of Companies" in Singapore
Property Services
➢ Property Management
➢ M & E Services
➢ Cleaning
➢ Security
Renovation Service
➢ Renovation of Existing Building
➢ Painting, Roofing, Flooring, Ceiling
➢ Installation of Electricity & Plumbing
➢ Consultancy Services
Real Estate Services
➢ Leasing, Purchasing & Selling
No.19,4th Floor,Innwa Road, Kyauk Myaung Gyim Quarter, Tamwe Township, Yangon, Myanmar.
Tel: 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

# ဩရ Aw Ra Trading Co.,Ltd. (Thai Gas)



Aw Ra Trading Co.,Ltd. (Thai Gas)

မော်တော်ယာဉ်များ စက်မောင်းဆီဖိုး

30% သက်သာစေရန်

LPG ဖြင့် မောင်းနှင်ပါ

LPG Conversion Kit တပ်ဆင်ဖို့

တရင်းပေးသွင်းနိုင်ပါပြီ











Yangon Office : အမှတ် (၂၀), သီရိမင်္ဂလာ လမ်းသွယ် ၁၅, ရွာမအရှေ့ရပ်ကွက်, အင်းစိန်
09429777599 09459900990

Myawaddy Station : အမှတ်(၃၃), ချမ်းမြေ့ရိပ်သာကျောင်းလမ်း, မဲကနယ်ကျေးရွာ, မြဝတီမြို့, ကရင်ပြည်နယ်
09795670333

MakeHtiLar Office : အမှတ် (၃၃), မြင်းခြံ-မိတ္ထီလာလမ်းမကြီး, မိတ္ထီလာမြို့နယ်, မန္တလေးတိုင်းဒေသကြီး
09795670666 09444267770

# AUTO MAN

## Quick Service Center

Auto Man Quick Service Center ဆိုရင် customer တွေက စိတ်ချတယ်။

- အင်ဂျင်ပါဝါအလိုက် Service ပြုလုပ်ပေးခြင်း
- ကားလေအေးပေးစက် ပြုပြင်ခြင်း
- ကားရေဆေးခြင်း၊ အရည်အသွေးမြင့်မားကောင်းမွန်သော ဥရောပထုတ်ပစ္စည်းများဖြင့် စက်ပေါ်လစ်တင်ခြင်း
- စက်ချောဆီ လဲလှယ်ခြင်း (အင်ဂျင်ဝိုင်၊ ပါဝါဆီ၊ ဘရိတ်ဆီ၊ Auto ဆီ၊ ဂီယာဝိုင်၊ ကရောင်းဝိုင်)
- ကားအောက်ပိုင်းကြံ့ခိုင်ရေးစစ်ဆေးပြုပြင်ပေးခြင်း
- ဘရိတ်ရှူး ပြုပြင် လဲလှယ်ခြင်း
- 3D အလိုင်းမင်း ချိန်ခြင်း
- Spark Plug လဲလှယ်ခြင်း
- တာယာပြုပြင် လဲလှယ်ခြင်း
- ဘတ္တရီပြုပြင် လဲလှယ်ခြင်း





AUTO MAN Car, Bus & Truck Center

များအား ကရင်ပြည်နယ် မြဝတီမြို့နှင့် ရန်ကုန်မြို့ အမှတ် (၃)လမ်းမကြီး ပုလဲလမ်းဆုံအနီးတို့တွင် မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်


- No(75/77), Upper Pansoden Road, Mingalar Taungnyunt Township Yangon, Myanmar.
  Ph: +95 1 374953 , +95 9 258607940
- No(331/332/333), Thit Sar Road, 9 Quater, South Okkalapa Township, Yangon, Myanmar.
  Ph: +95 9 26240 5457
- Junction (Nay Pyi Taw), Hotel Zone, Yarza Thingaha Main Road, Zabu Thiri Township, Nay Pyi Taw.
  Ph : +95 9 4459 45922, 09 767166169
- No(53/52-53/60) Laydaungkan Road, Near BOC Bus Stop, (G/B Block) Thingunkyun Township, Yangon.
  Ph : +09451565560,09790999892



Pansodan Center



Thitsar Street Center



Nay Pyi Taw Center

# COMMERCE INTERNATIONAL

## ဟောင်ကောင်အစိုးရမှ အိုနာစာရန်ပုံငွေထည့်ဝင်မှု မြင့်မားလာစေရန် အခွန်လျှော့ချပေးသည့်ဥပဒေထုတ်ပြန်ခဲ့




မဖြစ်မနေထည့်ဝင်ရသည့် အိုနာစာရန်ပုံငွေသို့ ထည့်ဝင်သော အလုပ်သမားများအနေဖြင့် ၎င်းတို့အငြိမ်းစားယူချိန်တွင် လိုအပ်သည့်ငွေပမာဏ လုံလောက်မှုရှိစေရန်အတွက် ၎င်းတို့ကိုယ်တိုင်လိုလိုလားလား ထပ်တိုးထည့်ဝင်လာစေရေးအစိုးရမှ အခွန်ဆိုင်ရာမက်လုံးများ ပေးသင့်ကြောင်း ပညာရှင်များမှ တိုက်တွန်းခဲ့ကြပြီးနောက် ဟောင်ကောင်အစိုးရမှရန်ပုံငွေတွင် ထည့်ဝင်မည့် ပမာဏ မြင့်မားလာစေရေးအတွက် ဝင်ငွေခွန်ပေးဆောင်ရမည့် လစာမှ နုတ်ပယ်ခွင့်ပြုသည့် ပမာဏအား တိုးမြှင့်သတ်မှတ်ပေးထားသည့် ဥပဒေသစ်တစ်ရပ်အား ထုတ်ပြန်ခဲ့သည်။ အဆိုပါ ဥပဒေသစ်မှာ ဧပြီ ၁ ရက်တွင် စတင်အကျိုးဝင်ခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိတွင် အလုပ်သမားများနှင့် ဝန်ထမ်းများအနေဖြင့် အိုနာစာရန်ပုံငွေသို့မဖြစ်မနေထည့်ဝင်ရသည့် အနိမ့်ဆုံးပမာဏသာလျှင် ထည့်ဝင်ကြသည့်အတွက် အလုပ်သမားများအနေဖြင့် အငြိမ်းစားယူချိန်တွင် လုံလောက်သည့်ငွေကြေးစုဆောင်းမှုရှိစေရန် အခြားရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လိုအပ်နေသေးကြောင်း သိရှိရပါသည်။ လက်ရှိတွင် အိုနာစာရန်ပုံငွေသို့ အလုပ်ရှင်ဘက်မှ အလုပ်သမားများလစဉ်ဝင်ငွေ၏ ငါးရာခိုင်နှုန်းနှင့် အလုပ်သမားများဘက်မှ ၅ ရာခိုင်နှုန်းအသီးသီး ထည့်ဝင်ရပြီး အဆိုပါ ရန်ပုံငွေထည့်ဝင်ငွေ များအားတိုးပွားလာစေရန် စတော့ရှယ်ယာများနှင့် အခြားအာမခံလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားရှိကာ အသက်(၆၅)နှစ်ပြည့်၍ ပင်စင်ယူချိန်တွင် မိမိနှင့် အလုပ်ရှင်တို့မှ ထည့်ဝင်ထားသောပမာဏနှင့် ရင်းနှီးမြှုပ်နှံ၍ ရရှိလာသော အကျိုးအမြတ်များပါ တစ်လုံးတစ်ခဲတည်းပြန်လည်ထုတ်ယူနိုင်ကြောင်း သိရှိရပါသည်။

ဥပဒေသစ်တွင် အလုပ်သမား၊ ဝန်ထမ်းများအနေဖြင့် လာမည့်ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန်ပေးဆောင်ရမည့် ဝင်ငွေစုစုပေါင်းပမာဏမှ တစ်နှစ်လျှင် ဟောင်ကောင်ဒေါ်လာ ၆၀၀၀၀ ထိ နုတ်ပယ်ခွင့်ရှိသည့်အတွက် ဟောင်ကောင်ဒေါ်လာ ၁၀၂၀၀( ၆၀၀၀၀ x ၁၇ရာခိုင်နှုန်း) သက်သာကြောင်း၊ တစ်ဦးချင်းဝင်ငွေအပေါ် မူတည်၍ ဟောင်ကောင်ဒေါ်လာ ၁၈၀ မှ ၁၀၂၀၀ ထိ အခွန်သက်သာခွင့် ရရှိကြမည်ဖြစ်ကြောင်း၊ ယခင်ဥပဒေတွင် ဝင်ငွေ၏ ၁၇ ရာခိုင်နှုန်းအား ဝင်ငွေခွန်အဖြစ် ပေးဆောင်ရပြီး အိုနာစာရန်ပုံငွေသို့ ထည့်ဝင်သည့် အမြင့်ဆုံးကန့်သတ်ချက်ဖြစ်သော တစ်နှစ်လျှင် ဟောင်ကောင်ဒေါ်လာ ၃၆၀၀၀ သာ ဝင်ငွေမှ နုတ်ပယ်ခွင့်ပြုခဲ့သည့်အတွက် ယခုဥပဒေသစ်တွင် ယခင်ထက် တစ်နှစ်လျှင် ဟောင်ကောင်ဒေါ်လာ ၄၀၈၀ ((၆၀၀၀၀-၃၆၀၀၀)x ၁၇ ရာခိုင်နှုန်း)ခန့် အခွန်ကင်းလွတ်ခွင့်ရရှိကာဇနီးမောင်နှံနှစ်ဦးအတွက် စုစုပေါင်းဟောင်ကောင်ဒေါ်လာ ၈၁၆၀ ခန့် ပိုမိုစုဆောင်းနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အစိုးရအနေဖြင့် အခွန်နုတ်ပယ်ခွင့်အား အမြင့်ဆုံးဟောင်ကောင် ဒေါ်လာ ၁၀၀၀၀၀ထိ တိုးမြှင့်သတ် မှတ်ရန် ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဟောင်ကောင်၏ အိုနာစာရန်ပုံငွေကို တိုးပွား၍ အမြတ်ရရှိစေရန် ရင်းနှီးမြှုပ်နှံပေးသော အဓိကလုပ်ငန်းများမှာ HS BC ၊ Manu-life ၊ AIA ၊ Prudential Principal Trust Co (Asia)၊ MassMutual Asia နှင့် Sun Life Hong Kong တို့ဖြစ်ကြောင်းနှင့် ဟောင်ကောင်မှာ သက်ကြီးရွယ်အိုလူဦးရေအချိုးပိုမိုများပြားသော်လည်း ရန်ပုံငွေတွင် ထည့်ဝင်သည့် ပမာဏမှာလျော့ နည်းနေသေးသည့်အတွက် အိုနာစာရန်ပုံငွေပမာဏမှာ ကမ္ဘာတွင် တတိယမြောက် အနိမ့်ဆုံးအဆင့်တွင် ရှိနေကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**

## အိန္ဒိယအစိုးရက ပြည်တွင်း၌ လျှပ်စစ်ကားများထုတ်လုပ်ရန် တွန်းအားပေးနေသည့်အတွက် ပြည်တွင်းသို့ တရုတ်ထုတ်မော်တော်ယာဉ် အစိတ်အပိုင်းတင်သွင်းမှု ပိုတိုးလာနိုင်ဖွယ်ရှိ




အစိုးရက လျှပ်စစ်ကားများ အသုံးပြုရန် တွန်းအားပေးနေသည့်အတွက် ကမ္ဘာ့တတိယအကြီးဆုံး မော်တော်ကား ဈေးကွက်ကြီးရှိသည့် အိန္ဒိယသည် ယင်းအစိတ်အပိုင်းများအတွက် တရုတ်ကို ပိုမိုမှီခိုလာရမည်ဟု အိန္ဒိယ မော်တော်ယာဉ်လုပ်ငန်းအလုပ်အမှုဆောင်အဖွဲ့က သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

အချက်အလက်များအရ ၂၀၁၈ ဘဏ္ဍာနှစ် တစ်နှစ်တည်းတွင်ပင် အိန္ဒိယသို့ တရုတ်ထုတ်မော်တော်ယာဉ်အစိတ်အပိုင်း ပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံထိရှိခဲ့ပြီး ၂၀၁၃ ဘဏ္ဍာနှစ်တွင်ရှိခဲ့သည့်ပမာဏထက် ၂၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ သို့ဖြစ်၍ ရှေ့လျှောက်တွင်လည်း ယင်းပမာဏထက် လျော့နိုင်မည့် အရိပ်အယောင်မရှိဟု အဆိုပါအဖွဲ့က သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

ထို့ပြင် အိန္ဒိယသည် တရုတ်မှ မော်တော်ယာဉ် အစိတ်အပိုင်းများကို ၎င်းတင်ပို့နေသည့် ပမာဏ၏ ၁၀ ဆခန့် ပိုမိုတင်သွင်းနေကြောင်း၊ ထိုသို့ တရုတ်မော်တော်ယာဉ် အစိတ်အပိုင်းတင်သွင်းမှု အဆမတန် တိုးလာခြင်းသည် ပြည်တွင်းမော်တော်ယာဉ်အစိတ်အပိုင်း ထုတ်လုပ်ရေး ဂေဟစနစ်အပေါ် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနေပြီး တရုတ်နှင့် ကုန်သွယ်မှုလိုငွေကြီးမားနေသည့် လက်ရှိအခြေအနေအားပိုဆိုးစေပြီး လာမည့်နှစ်များတွင် ကုန်သွယ်မှုလိုငွေ ပိုတိုးမည့် အနေအထားသို့ ဦးတည်စေနိုင်ကြောင်း သုံးသပ်ထားပါသည်။

ကုန်သွယ်မှုအချက်အလက်များအရ လက်ရှိတွင် အိန္ဒိယသို့ တင်ပို့နေသည့် တရုတ်ပို့ကုန်များတွင် လျှပ်စစ်မော်တော်ယာဉ် အစိတ်အပိုင်းပို့ကုန်က အဓိကမောင်းနှင်အားဖြစ်နေကြောင်း၊ အိန္ဒိယအစိုးရ၏ လျှပ်စစ်မော်တော်ယာဉ် အသုံးပြုရေးစီမံချက် လမ်းပြမြေပုံနှင့် ကမ္ဘာ့လျှပ်စစ်မော်တော်ယာဉ်နှင့် ဘက်ထရီနည်းပညာတို့၌ တရုတ်က ဦးဆောင်နေသည့် အနေအထားများကြောင့် အိန္ဒိယသို့ တရုတ်ထုတ်မော်တော်ယာဉ်ပစ္စည်းတင်သွင်းမှု ပိုတိုးလာဖွယ်ရှိကြောင်း၊ အိန္ဒိယအစိုးရသည် အဆိုပါပစ္စည်းများအား ပြည်တွင်း၌ ထုတ်လုပ်ရန်နှင့် သွင်းကုန်ခွန် တိုးမြှင့်ကောက်ခံရန် စီစဉ်ဆောင်ရွက်နေသော်ငြားလည်း ၎င်းပစ္စည်းများအား အိန္ဒိယတွင်ထုတ်လုပ်သည်ထက် တရုတ်တွင် ထုတ်လုပ်သည်က ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုအားသာနေသေးသည်ဟု သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

Don't be drastic, Say "no" to plastic
ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။